


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


ထုတ်ဝေခြင်း - ၂၀၁၄ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်

မျက်နှာဖုံးပန်းချီ - ၄ လင်း

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၅၀ ကျပ်

ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ
ပုညခင်စာပေ၊ (မြဲ-၀၄၅၅၈)
တိုက် (၆၁)၊ အခန်း (၁၁)
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။

အတွင်းပုံနှိပ် - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်ပုံနှိပ်တိုက်၊
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်

မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း၊
(သိန်းမြင့်ဝင်း ပုံနှိပ်တိုက်)
အမှတ် (၉၆)၊ (၁၁) လမ်း၊ ရန်ကုန်။

ဖြန့်ချိရေး - ပုညခင် စာအုပ်တိုက်

၈၉၅.၈၃
ပုညခင်
အယောင်ဆောင် သတို့သမီး/ပုညခင်၊- ရန်ကုန်။
ပုညခင်စာအုပ်တိုက်၊ ၂၀၁၃။
၂၀၀-စာ၊ ၁၈ X ၁၂ စင်တီ။
(၁) အယောင်ဆောင် သတို့သမီး


24 APR 2014

ပုညခင်စာအုပ်တိုက်

# ပုညခင်

# အယောင်ဆောင်သတို့သမီး

www.burmeseclassic.com

www.burmeseclassic.com

(၁)

"တီးတောင် … တီးတောင် …"

မနက်စောစောစီးစီး ထမြည်လာသော လူခေါ်ဘဲလ် အသံက နေလုလင်၏ မွေးနေ့မနက်ခင်းကို ဇိမ်ပျက်အောင် နှောင့်ယှက်လိုက်ပါသည်။

"ကျွတ် … စောစောစီးစီး ဘယ်သူများပါလိမ့်ကွာ"

အပြင်မှာ မိုးတွေလည်း သဲကြီးမဲကြီး ရွာနေခဲ့သည်။ ညဦးပိုင်းကတည်းက တစိမ့်စိမ့်ရွာနေသော မိုးဟာ သန်းခေါင်လောက်မှာ ထစ်ချုန်းသံတွေပေးကာ သည်းသည်းထန်ထန် ရွာချခဲ့သေးသည်။ ခု မနက်ပိုင်းရောက်တော့လည်း ထပ်ရွာနေပြန်ပြီ။

ခုလို မိုးသည်းညမျိုးဆို အိပ်ရာထဲမှာ ကွေးလို့ကောင်းမှကောင်း …။ မိုးအရမ်းရွာနေတာမို့ မနက် စောစောစီးစီး



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလည်း မသွားချင် ...။ ညတုန်းကလည်း အိပ်ရာဝင်နောက်ကျခဲ့တာမို့ ဒီမနက်တော့ အိပ်ရေးဝဝအိပ်ဖို့သာ အာရုံထဲမှာ ရှိခဲ့တာပင်။

နေလုလင်က မျက်လုံးကို ပွတ်သပ်လိုက်ပြီး ခုတင်ဘေး စားပွဲပေါ်က ဖုန်းကို ယူကြည့်မိတော့ ခုမှ မနက် ၉ နာရီခွဲရှိပြီ။

အင်း ... သူများတွေ အတွက်တော့ ဒီအချိန်ဟာ မစောဘူးပေါ့။ ဒီလို ပိတ်ရက်မျိုးမှာ မနက် ၁၁ နာရီ လောက်မှ ထချင်သော ကိုယ့်အတွက်တော့ စောနေပါသည်။

နေလုလင်က တစ်ဖက်ခုတင်ပေါ်မှာ ခပ်စန့်စန့်အိပ်နေသော ညီဖြစ်သူ မိုးလုလင်ကို လှမ်းကြည့်လိုက်သည်။ ၎င်းကတော့ ဘဲလ်မြည်သံတောင် မကြားနိုင်လောက်အောင် အိပ်ပျော်နေပါသည်။

"ဟော့ကောင် ... မောင်မိုး ... ထ ... ထ ... တံခါးသွားဖွင့်ပေးလိုက်ဦး၊ ဟော့ကောင် ..."

နေလုလင်က အသံကျယ်ကျယ်ဖြင့် လှမ်းပြောသော်လည်း ညီက မနိုး ...။

"ညီညီ ... ဟော့ကောင် ... ထပါဆိုကွာ"

နေလုလင်က မောင်မိုး နားနားကပ်ကာ အော်လိုက်တော့မှ မောင်မိုးက ဆတ်ခနဲ တွန့်သွားကာ ...





"ဟာ ... ကိုကို ... ဘာလုပ်တာလဲဗျ၊ နားကို အူသွားတာပဲ"

"မင်းက ဆင်အော်မနိုး ဖြစ်နေလို့ နားနားကပ် အော်ရတာပေါ့ကွ၊ ဘဲလ်မြည်သံတောင် မကြားလောက်အောင် မျောစန့်နေလိုက်တာများ၊ မင်းရဲ့ အအိပ်စွမ်းရည်ကိုတော့ ငါ တကယ် လက်ဖျားခါတယ် သိလား၊ တိုက်ပွဲကြားက တောင်ကုန်းတစ်ခုမှာ သွားထားရင်တောင် မင်းက ပျော်အောင်အိပ်နိုင်မယ့် ကောင်မျိုး၊ အအိပ်ကိုပုပ်တယ် ..."

"ကိုကို လာရစ်မနေနဲ့ဗျာ၊ ကျွန်တော် ညက ကားဆက်နေရတာဗျ၊ မနက် ၄ နာရီလောက်မှ အိပ်ရတာ၊ ကျွန်တော့်နှိုးခိုင်းနေမယ့်အစား ကိုကို့ဘာသာ သွားဖွင့်လိုက်ပါလား"

"ငါ့မှာ ဒီအချိန် လာမယ့် ဧည့်သည် မရှိဘူး ဟော့ကောင်၊ မင်း ဧည့်သည်ပဲဖြစ်မှာ ...၊ မင်းပဲ သွားဖွင့် ..."

"ကျွန်တော့်မှာလည်း ဒီအချိန် လာမယ့် ဧည့်သည် မရှိဘူး"

"ကျွတ် ... မွေးနေ့ မနက်လေးမှာ မိုးအေးအေးနဲ့ ခိမ်ယူကွေးချင်ပါတယ် ဆိုမှကွာ ..."

"ဟင် ... ဟုတ်လား၊ ဒီနေ့ ကိုကို့ မွေးနေ့လား"

"ကိုယ့်အစ်ကို မွေးနေ့တောင် မှတ်မထားတဲ့ ကောင်၊ မင်းကို ဒီနေ့ ဘာမှ မကျွေးဘူး မှတ် ..."

"ကိုကို ဘာမှ မကျွေးရင် ကျွန်တော်လည်း ဘာမှ မပေးဘူး မှတ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ မွေးနေ့ကို ဘာများပေးဖူးလို့တုန်း၊ ငါ့ဆီက ကပ်စားဖို့ပဲ စဉ်းစားနေတဲ့ ကောင်ကများ ..."

"ကိုကို့ တွဲနေတဲ့ ကောင်မလေးတွေ အများကြီး ရှိတာပဲ၊ သူတို့ ပေးမှာပေါ့၊ ညီအစ်ကိုချင်းက ဒါတွေ မလိုပါဘူး၊ ဟုတ်ဘူးလား ... ဟဲ ဟဲ ..."

"တီးတောင် ..."

"ဟော ... ဘဲလ်မြည်ပြန်ပြီ၊ သွား ... သွား ... ကိုကိုပဲ သွားဖွင့်လိုက်၊ ကိုကို့ ကောင်မလေး တစ်ယောက်ယောက် မွေးနေ့ wish လာလုပ်တာ ဖြစ်မယ် ..."

"ဘယ်ကောင်မလေးမှ ငါ့ မွေးနေ့အမှန်ကို မသိဘူး ဟေ့ကောင် ..."

"ကိုကို ညာထားတယ်ပေါ့ ..."

"အေး ... လွဲပြောထားတာ၊ ငါ့မွေးနေ့ မဟုတ်ဘဲ ပန်းစည်းတွေ၊ လက်ဆောင်တွေ ရနေတာ ကြာလှပေါ့၊ ဒီနေ့တော့ ဘယ်ကမှ လာစရာ အကြောင်းမရှိဘူး၊ မွေးနေ့ဆို အေးဆေးနေချင်လို့ လမ်းရှင်းထားတာ ..."

"ကိုကို့ ကောင်မလေးတွေ သနားစရာဗျာ"

"ကောင်မလေးတွေကို သွားသနားရင် ငါပဲ နာသွားမှာပေါ့ကွ၊ မင်း အထာတွေ နားမလည်ပါဘူးကွာ၊ ကိစ္စတိုင်းမှာ သူ့အထာနဲ့သူ ရှိတယ်ကွ ..."





"အင်း ... သင်ယူရဦးမယ်၊ ခုတော့ အိပ်ပြီဗျာ ...၊ ဘယ်သူလာလာ ကျွန်တော့်ကို မနှိုးနဲ့ ..."

မိုးလုလင်က ဝမ်းလျားမှောက် အိပ်လိုက်သည်။ မိုးလုလင်တို့က အိပ်ပျော်မယ်ဆိုလည်း လွယ်လွယ်လေး ...။ အိပ်ပျော်ပြီဆိုရင်လည်း မိုးကြိုးပစ်ချသံ ကြားတောင် နိုးဖို့ ခက်တဲ့ လူမျိုး ...။

"ကာလနဂါးကောင် ..."

နေလုလင်က ညီဖြစ်သူကို တစ်ချက် ဆောင့်ကန်လိုက်ပြီး ညီဝတ်ထားတဲ့ ညဝတ်ဘောင်းဘီတိုကို အောက်ဆွဲချလိုက်တော့ တင်ပါးလုံးကလေးတွေ တစ်ဝက်လောက် ပေါ်လာပါသည်။

"ကိ ... ကိ ..."

နေလုလင်က အာခေါင်နှင့် လျှာထိကာ တကိကိ ရယ်ရင်း အခန်းထဲမှ ထွက်လာသည်။ မောင်မိုးတစ်ယောက်ကတော့ ဖင်တစ်ဝက်ပြောင်ကာ အိပ်ကျန်နေခဲ့ပါသည်။

နေလုလင်တို့ ညီအစ်ကိုနှစ်ယောက်က ၃ နှစ်ပဲခြားတာမို့ သူငယ်ချင်းပေါင်း ပေါင်းဖြစ်နေခဲ့တာပင်။

ညီအစ်ကိုနှစ်ယောက်ဟာ အလုပ်လုပ်ကြတော့လည်း အတူတူပင်။ မိဘတွေ လက်ထက်တုန်းက ရုပ်ရှင် ကုမ္ပဏီလေးတောင်



www.burmeseclassic.com

www.burmeseclassic.com



ကာ အောင်မြင်ခဲ့ပြီး တော်တော်လေး စီးပွားဖြစ်ခဲ့ပါသည်။ နောက် ရုပ်ရှင်တွေ သိပ်ခေတ်မကောင်းတော့ချိန်မှာ မာမီတို့က ရုပ်ရှင် လုပ်ငန်းကို နားထားပြီး တခြား စီးပွားရေးဘက် ပြောင်းလုပ်ခဲ့ ကြတာပင်။

နေလုလင်တို့ ညီအစ်ကိုနှစ်ယောက်လုံး ဒီလုပ်ငန်း မှာ ဝါသနာပါမှန်းသိကြတော့ မိဘတွေက ငွေအရင်းအနှီး ထုတ် ပေးကာ ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းကို စလုပ်စေခဲ့ပါသည်။ မာမီ တို့က ဟိုအရင် ရုပ်ရှင်ခေတ်ကောင်းမှာ အောင်မြင်ခဲ့ကြသူတွေမို့ ဒီဘက်ခေတ် အလုပ်လုပ်ရတာတွေကို စိတ်တိုင်းမကျတော့ဘဲ ငွေပဲ စိုက်ထုတ်ပေးကာ ဘာမှ ဝင်မစွက်ဖက်တော့ပါ။ သို့သော် မာမီတို့ မိတ်ဆွေတွေက ဒီလောကမှာ များလှတာမို့ နေလုလင်တို့ အလုပ်ကို မခက်ခဲဘဲ စတင်နိုင်ခဲ့သည်။ အောင်လည်း အောင်မြင် ခဲ့ပါသည်။

မောင်မိုးက ဗီဒီယိုကားတွေကို ကိုယ်တိုင် တည်း ဖြတ်ပေးနိုင်သည်။ animationလည်း လုပ်နိုင်သည်။ မောင်မိုးက အငြိမ်သမား။ နေလုလင်ကတော့ ပေါင်းတတ်သင်းတတ် အပြော ကောင်းကောင်း လူမျိုးမို့ ဇာတ်ကားဖြစ်မြောက်ဖို့ စီမံခန့်ခွဲသည့် နေရာကို တာဝန်ယူရတာပင်။

ညီအစ်ကို နှစ်ယောက်လုံးဟာ ၃၅ လမ်း ရုံးခန်းရဲ့





အပေါ်ထပ်မှာပဲ အိပ်ဖြစ်နေကြကာ အိမ်ကိုတော့ တစ်ပတ် တစ် ရက်လောက်ပဲ ပြန်အိပ်ဖြစ်ကြသူများပင်။

အောက်ထပ်ဟာ ရုံးခန်းဆိုသော်လည်း ဒီလိုအချိန် မျိုးမှာတော့ အလုပ်ကိစ္စနဲ့ လာမည့်သူလည်း မရှိတတ်ပါ။ သူ ငယ်ချင်းတွေ လာမယ်ဆိုလည်း ဖုန်းတော့ ကြိုဆက်ကြသေးတာ ပင်။

နေလုလင်က အပေါ်ထပ်မှ ဆင်းလာကာ အောက် ထပ် ဝင်ဝထွက်ဝ တံခါးဆီသို့ လျှောက်လာသည်။ အခန်းက လုံနေတာတောင် မိုးသံ လေသံတွေကိုတော့ ကြားရတုန်းပင်။

သူ အခန်းတံခါးကို ဆွဲဖွင့်လိုက်တော့ အပြင်ဘက် က မိုးစက်တွေက အတွင်းဘက်သို့ ဖြန်းခနဲ ပက်စင်လာသဖြင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပါသည်။

အခန်းဝမှာ ခရမ်းဖျော့ရောင် လာဗင်ဒါ ပန်းစည်း ကြီးကို တစ်ဖက်ကပွေ့၊ ကိတ်မုန့်ဘူးကြီးကို တစ်ဖက်က ကိုင်၊ အိတ်ကြီးကြီးကိုလည်း စလွယ်သိုင်းလွယ်ထားကာ ဆံပင်စတွေမှာ ရေစိုစက်စက် ကျနေသူဟာ ...

"ဟာ ... ဟော့ကောင် ... ကာရန် ..."

"Happy brithday ပါ ကိုနေ ..."

"ဟော့ကောင် ... လာ ... လာ ... မြန်မြန်ဝင်၊ မင်းမှန်း မသိ လို့ပါကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



နေလုလင်က ဘုန်းကာရန်ရဲ့ လက်မောင်းကို လှမ်းဆွဲကာ အခန်းထဲသို့ ဆွဲခေါ်ပြီး တံခါးကို ခပ်မြန်မြန် ပြန်ပိတ်လိုက်ပါသည်။

ဘုန်းကာရန်က သူ့ကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလိုက်ရင်း ...

"ကိုနေ ... နေကောင်းတယ်နော်"

"အေး ... ငါက ကောင်းပါတယ်ကွာ၊ မင်းပဲ မကောင်းမှာ စိုးရတာပါ၊ ဒီလောက် မိုးတွေရွာနေတာကို ဒီအချိန်ကြီး လာစရာလားကွာ ..."

"ကိုနေ့ကို အရင်ဦးဆုံး Birthday wish လုပ်ချင်လို့ပါ၊ ကျွန်တော့်အရင် ဘယ်သူမှ မဦးဘူးမဟုတ်လား"

"မဦးပါဘူးကွာ ...၊ ဟိုကောင် မောင်မိုးတောင် ငါ့မွေးနေ့ကို မှတ်မိတာမဟုတ်ပါဘူး၊ ဒါနဲ့ မင်း ဘန်ကောက်က ဘယ်နေ့က ပြန်ရောက်လဲ ..."

"ခုပဲ ကိုနေ ..."

"ဟင် ... မင်း ... လေဆိပ်ကနေ တန်းလာတာလား ..."

"ဟုတ်ကဲ့ ..."

"ဒါဆို ဒီပန်းတွေ ... မုန့်ဘူးတွေကရော ..."

"ဒါတွေက ဘန်ကောက်က ဝယ်လာတာ ..."





"ဟား ... လုပ်လိုက်ကွ၊ ဒီလောက်မလိုပါဘူး ကာရန်ရာ၊ မင်းနှယ် ... ဒုက္ခခံလိုက်တာ ..."

"ကျွန်တော် ဒုက္ခမခံရပါဘူး၊ ကိုနေ့ မွေးနေ့အတွက် ဝယ်လာတာပဲ၊ ပျော်တောင် ပျော်ပါသေးတယ် ... ကိုနေရော မပျော်ဘူးလား ..."

"ဩော် ... အေး ... ပျော်ပါတယ်၊ ကျေးဇူးပဲ ကာရန် ..."

နေလုလင်က ဘုန်းကာရန် လှမ်းပေးသည့် ပန်းစည်းနှင့် ကိတ်မုန့်ဘူးကို လှမ်းယူရင်း နည်းနည်းတော့ ရယ်ချင်သွားရပါသည်။

ဒီကောင်လေး ကိုယ့်ကို ဖားတာ နည်းနည်းတော့ လွန်လွန်းသည်။

ဘုန်းကာရန်ဟာ မင်းသားရုပ်ကလေး ...။ မင်းသားဖြစ်ချင်လွန်းလို့ မြန်မာပြည်က မခွာနိုင်သေးသူပင် ...။

ကာရန်တို့ မိသားစုဟာ နေလုလင်တို့ မိသားစုထက်တောင် ချမ်းသာသေးသည်။ ကာရန့် မိဘတွေဟာ ယိုးဒယားမှာပဲ နေထိုင်ကာ ကျောက်မျက်ရတနာဆိုင်တွေ ဖွင့်ထားနိုင်ကြသည်။

ကာရန် တစ်ယောက်ကတော့ မိဘ စီးပွားရေးကိုလည်း စိတ်မဝင်စား၊ အနုပညာဘက်ကိုပဲ အားသန်ကာ မော်ဒယ်



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတက်၊ အကသင်တန်းတက်ပြီး အနုပညာလောကထဲကို ဝင်လာခဲ့ပါသည်။

ဟိုတယ်တစ်ခုမှာ လုပ်တဲ့ မော်ဒယ်ရှိုးတစ်ခုမှာ မိတ်ဆွေ တစ်ယောက် မိတ်ဆက်ပေးခဲ့တာမို့ ကာရန်နှင့် စသိခဲ့ရသည်။

ကာရန်ဟာ တော်တော်လေး ယဉ်ကျေးပါသည်။ မျိုးကောင်းရိုးကောင်း၊ ငွေကြေးလည်း ပြည့်စုံချမ်းသာသူ၊ ပညာတတ် တစ်ယောက်ပင် ...။

ကာရန့်အရပ်က သိပ်အမြင့်ကြီးမဟုတ်၊ ၅ ပေ ၈ လက်မလောက်သာ ရှိပေမယ့် ကြည့်လို့တော့ ကောင်းသည်။ သူ့ခန္ဓာကိုယ် အချိုးအစားက ယောကျ်ားပီပီ ဗလရှိသည့် ခန္ဓာကိုယ်မျိုးတော့ မဟုတ်၊ ခြေလက်သွယ်လျကာ အရိုးအဆစ်မပေါ်ဘဲ ပြေပြေပြစ်ပြစ်နှင့် မိန်းမချော ချောသူပင်။ သူ့မျက်နှာပုံစံကလည်း မေးရိုးတွေ ဘာတွေ သိပ်မထွက်ဘဲ သွယ်လျလျပါးလှပ်လှပ်နှင့် ကိုရီးယားမင်းသားကလေးလို ချောမွေ့သူ၊ အထူးခြားဆုံးကတော့ တော်ရုံ မိန်းမသား အရှုံးပေးရမည့် ဖြူနုအုဖတ်နေသည့် အသားအရေပင်။ သူ့မျက်နှာပေါ်မှာ ရှိနေသည့် ပစ္စည်းတွေထဲမှာ ထူထဲနက်မှောင်အပြားကြီးသည့် မျက်ခုံးမွေးတစ်မျိုးသာ ယောကျ်ားဆန်ပြီး နှုတ်ခမ်း ဖုဖုထွေးထွေးက တော်ရုံ မိန်းမသား အရှုံးပေးရ





လောက်အောင် ပြေပြစ်လှပသည်။ နှာတံက သိပ်မလှသော်လည်း ခြုံကြည့်ရင်တော့ ပြေပြစ်ကြည့်ကောင်းသော မျက်နှာမျိုးပင်။

မင်းသားဖြစ်ချင်သော ကာရန်ဟာ ပရိုဂျူဆာ နေလုလင်ကို စတွေ့ကတည်းက တရိုတသေ လိုက်လိုက်လဲလဲ ဆက်ဆံခဲ့ပါသည်။ နေလုလင်အတွက်တော့ ဒါမျိုးတွေ ကြုံရဖူးပေါင်းများပြီမို့ မဆန်းတော့ပါ။

ဘုန်းကာရန်က ပိုက်ဆံရှိသူပီပီ သူကိုယ်တိုင်လည်း အကောင်းစား တန်ဖိုးကြီး ဘရန်းဒက်ပစ္စည်းတွေ ဝတ်နိုင်သည်။ သူ ဈေးဝယ်ရင်လည်း နေလုလင်အတွက်ပါ ပိုဝယ်လာကာ မကြာခဏ လက်ဆောင်ပေးတတ်သူပင်။

ခုနောက်ပိုင်း သူ့တိုက်က ထွက်သည့် ဇာတ်ကားတွေမှာ ကာရန့်ကို အလျဉ်းသင့်ရင်သင့်သလို ထည့်သုံးဖြစ်ခဲ့ပေမယ့် အဓိကကျသည့် ဇာတ်ကောင်နေရာမျိုးမှာတော့ သုံးလို့မရသေးပါ။ ကာရန့် အားနည်းချက်က ရုပ်ပြသာ လှပေမယ့် သရုပ်ဆောင်တာ 'ကြောင်' နေခြင်းပင်။ အသံအနေအထားကလည်း သိပ်အဆီအငေါ် မတည့်သေးပါ။

"ကိုနေ ... ကျွန်တော်လာတာ ကိုနေ အိပ်ရေးပျက်သွားတယ် ထင်တယ်၊ ဆောရီးပါ ကိုနေ ..."

"အေး ... အိပ်ရေးတော့ ပျက်တာပေါ့ကွာ၊ ငါက ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မိုးအေးတဲ့ ပိတ်ရက်မျိုးဆို ၁၂ နာရီထိုးတာတောင် အိပ်ရာက ထချင်တာ မဟုတ်ဘူး၊ မင်း သတိတရ wish လာလုပ်တာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် နောက်ဒီလောက်ကြီး မလုပ်ပါနဲ့၊ ငါက တစ်ခါတလေ ငါ့မွေးနေ့တောင် ငါမေ့ချင်ချင်ရယ်၊ မွေးနေ့ဆိုလည်း ဒီလိုပဲ အမှတ်တမဲ့ ဖြတ်သန်းနေကျပါ၊ မွေးနေ့ပွဲတွေ ဘာတွေ လုပ်ဖို့လည်း ဝါသနာ မပါပါဘူး၊ ကဲ ... လာ ... အပေါ်သွားရအောင်၊ မင်းလည်း မိုးရေတွေ စက်စက်ကျနေတာ၊ အဝတ်အစား လဲလိုက်ဦး၊ အပိုပါတယ် မဟုတ်လား"

"မပါဘူး ကိုနေ ..."

"မင်း ဘန်ကောက်က လာတာဆို၊ အဝတ်အစား မပါဘူးလား"

"ကျွန်တော်က အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ သွားလာနေကျလေ၊ အဝတ်အစားတွေက ဘန်ကောက်က အိမ်မှာရော၊ ဒီက အခန်းမှာပါ ရှိနေတာ ..."

"ဪ ... အေး ... ဟုတ်သားပဲ၊ ဒါဆိုလည်း ငါ့အဝတ်တစ်စုံ ယူလဲထားလိုက်လေ ..."

"အပေါ်မှာ ကိုနေ တစ်ယောက်တည်းလား ..."

"မောင်မိုးလည်း ရှိတယ်လေကွာ၊ ကာလနဂါးက အိပ်နေတုန်း ..."





နေလုလင်က အပေါ်ထပ်သို့ တက်လာတော့ ဘုန်းကာရန်က နောက်မှ လိုက်တက်လာသည်။

နေလုလင်က အခန်းထဲဝင်လာကာ အဝတ်ဗီရိုဆီ လျှောက်သွားပြီး ကာရန့်ကို ပေးဖို့ အဝတ်တစ်စုံ ရွေးထုတ်၍ ကာရန့်ဘက်ကို ပြန်လှည့်လိုက်ရင်း ...

"ကာရန် ဝင်လာခဲ့လေကွာ ..."

"ဟို ... ဟို ... ဟိုဟာ ..."

ကာရန်က အခန်းထဲကို ဝင်မလာ။ အခန်းဝမှာပဲ ရပ်တန့်ကာ မိုးလုလင် ခုတင်ဘက်ကို မကြည့်ဘဲ မျက်နှာ ခပ်လွှဲလွှဲနှင့် တဟိုဟို ဖြစ်နေသည်။

"ဟေ့ကောင် ... ဘာဖြစ်တာလဲ"

"ဟို ... ဟိုမှာ ... အဲ့ဒါ ... အဲ့ဒါ ... အုပ်လိုက်ဦးလေ ..."

ကာရန့် လက်ညှိုးက မိုးလုလင် မှောက်အိပ်နေသည့် ခုတင်ဘက်ကို မရဲတရဲ ထိုးပြတော့မှ နေလုလင်က သဘောပေါက်သွားကာ ...

"ဟား ... ဟား ... ဘာများလဲလို့၊ ယောကျ်ားချင်းပဲကွ၊ အဲဒီလောက် ရှက်စရာလား၊ အဲ့ဒီကောင် မောင်မိုးက သူအိပ်ချင်ပြီဆို သူ့ဖင်ပြောင်နေတောင် သိတဲ့ကောင် မဟုတ်ဘူး၊ ထားလိုက် ... ဒီကောင့်ကို တမင်နှောက်ထားတာ၊



www.burmeseclassic.com

www.burmeseclassic.com



နေဦး … ဓာတ်ပုံရိုက်ထားလိုက်ဦးမယ်၊ ပြီးမှ ပုံလျှောက်ပြမယ်ဆိုပြီး ငွေညှစ်ရအောင် …”

နေလုလင်က လက်ထဲက အဝတ်တစ်စုံကို ကာရန့်ဆီ ဖတ်ခနဲ လှမ်းပစ်ပေးပြီး ခုတင်ဘေးက ဖုန်းကို သွားဆွဲကာ မောင်မိုးရဲ့ ဖင်တစ်ဝက်ပြောင်ပုံကို ဓာတ်ပုံ တဖျပ်ဖျပ် ရိုက်လိုက်ပြီး တကိကိ ဖြစ်နေသည်။

နေလုလင် ဓာတ်ပုံရိုက်ပြီးသည်အထိ ကာရန်က အခန်းထဲကို ဝင်မလာသေး …။

“ကာရန် … လာလေကွာ”

“ဟို … ကိုနေ၊ အရင် … အရင်အုပ်လိုက်ဦးလေ”

“ဟား … ဟား … မင်းက တစ်မျိုးပဲ၊ အေးပါ … အေးပါ အုပ်ပါ့မယ်၊ မင်း ဒီလောက်ရှက်တတ်ပုံမျိုးနဲ့တော့ မင်းသားက ဖြစ်ဦးမယ်”

နေလုလင်က ရယ်မောရင်း ကာရန်က အခန်းထဲ ဝင်လာကာ သူ့အိတ်ကို ခုတင်ပေါ် လှမ်းတင်လိုက်ရင်း မောင်မိုးရဲ့ ဖင်ပြောင်ကို စောင်နှင့် ဆွဲအုပ်ပေးလိုက်သည်။

“သရုပ်ဆောင်တဲ့ နေရာမှာတော့ ကျွန်တော် မရှက်ပါဘူး ကိုနေရာ၊ ဟိုတလောက ရိုက်တဲ့ အခန်းမှာ မင်းသမီးကို ဖက်လိုက်တာ အရမ်းများသွားလို့ ဒါရိုက်တာကတောင် တားထားရတာပါ”





“အေးပါ … အေးပါ … ဟုတ်ပါပြီ၊ ကဲ … အဝတ်အရင်လဲ …”

“ဘယ်မှာလဲရမှာလဲ …”

“ဒီမှာပဲ လဲလေ၊ မင်းက ဘယ်သွားလဲချင်သေးလို့လဲ”

“ဒါဆို ကိုနေ အပြင်ခဏထွက်ပေး …”

“ဟ … ယောကျ်ားချင်း ဘာဖြစ်လဲ …”

“ဟာ … လူရှေ့မှာ ကျွန်တော် အဝတ်မလဲတတ်ပါဘူး”

“ဘာလဲ … မင်းခန္ဓာကိုယ်မှာ လူအမြင်မခံနိုင်တဲ့ ပွေးတွေဝဲတွေ အမာရွတ်တွေ ရှိလို့လား၊ ငါ ဆွဲချုတ်ကြည့်မှာနော် ဟော့ကောင် …”

“ဟာ … ကိုနေ … မလုပ်ပါနဲ့”

“ဟား … ဟား … နောက်တာပါကွ မင်းကလည်း၊ သွား သွား … ဟိုဘက်အခန်းလွတ်မှာ သွားလဲ၊ ဒီမှာလဲရင် မင်းလဲနေတုန်း မောင်မိုး နိုးလာရင် ဘယ်လိုလုပ်မလဲ၊ မင်း ရေချိုးချင်လည်း ချိုးလိုက်လေ …”

ကာရန်က သူပေးသည့် အဝတ်တစ်စုံကို ယူပြီး တစ်ဖက်အခန်းထဲသို့ ဝင်သွားသည်။

နေလုလင်က တစ်ချက်သမ်းလိုက်ရင်း အိပ်ရာပေါ်သို့ ပက်လက်လှဲချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝါး ... အိပ်ချင်ချက်က နိုင်းလောက် ရှိတယ်ကွာ၊ မင်း ဝီရိယကောင်းတာက ငါ အိပ်ရေးမဝဘူး မောင်ကာရန်ရေ့"

နေလုလင်က ခပ်တိုးတိုး ညည်းညူရင်း မျက်လုံးတွေကို မှေးပိတ်ထားလိုက်ပါသည်။

● ● ●

သူ မှေးခနဲ အိပ်ပျော်သွားခဲ့သည် ထင်သည်။

သူ့ရင်ဘတ်မှာ ရွစိရွစိ အထိအတွေ့နှင့်အတူ သူ ပြန်နိုးလာရသည်။

သူ့ရင်ဘတ် အင်္ကျီစကို ထိတွေ့ကိုင်တွယ်နေသလိုမျိုး။

ဝါးတားတား အတွေ့နှင့် သူ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့မျက်နှာပေါ်မှာ ခပ်ခွာခွာအုပ်မိုးထားသော ကာရန့်မျက်နှာကို ဘွားခနဲ တွေ့လိုက်ရပါသည်။

"ဟင် ... ကာရန် ... မင်း ဘာလုပ် ..."

သူ အိပ်ရာမှ ကြုံးထလိုက်သည်။ ကာရန်က သူ့ကို ခပ်ပြုံးပြုံး ကြည့်နေရင်းက ...

"ကြည့်လိုက်လေ ..."





ဟု ပြောရင်း သူ့ရင်ဘတ် တစ်နေရာကို မေးဆတ်ပြလိုက်သည်။

သူငုံ့ကြည့်မိတော့ သူ့အင်္ကျီ ဘယ်ဘက် ရင်ဘတ်မှာ တွဲချိတ်ထားသော ကျောက်စိမ်းရင်ထိုး သေးသေးလေးကို တွေ့လိုက်ရပါသည်။

သူက ရင်ထိုးကို ပြန်ဖြုတ်ပြီး သေချာကြည့်မိသည်။ ဒေါင်းအမြီးနေရာမှာ ကျောက်စိမ်း အရည်ကောင်းလေးတွေ စီစီရီရီ မြှုပ်ထားသော ရင်ထိုးက တန်ဖိုးလည်း ကြီးမည့်ပုံ၊ လက်ရာလည်း မြောက်လှပါသည်။

"အဲ့ဒါ ... ကိုနေ့အတွက် မွေးနေ့လက်ဆောင်"

ကာရန်က ကြည်လင်သော မျက်နှာကလေးဖြင့် သူ့ကို ကြည့်ရင်း ပြောသည်။

သူ သက်ပြင်းချမိရင်း ...

"ကာရန် ... မင်း စေတနာကိုတော့ အသိအမှတ် ပြုပါတယ်ကွာ၊ ဒါပေမယ့် ဒီလောက် တန်ဖိုးကြီးတာတော့ မပေးပါနဲ့၊ ယောကျ်ားတစ်ယောက်အတွက် ရင်ထိုးလည်း မလိုအပ်ပါဘူး"

"ဖက်ရှင်အနေနဲ့တော့ လိုအပ်တယ်လေ ကိုနေ၊ ကိုနေ တစ်ခါတလေ တိုက်ပုံအနက်တွေ ဘာတွေ ဝတ်ပြီး ဒင်နာ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ် မဟုတ်လား၊ အကယ်ဒမီပွဲ သွားရင်လည်း တိုက်ပုံဝတ်တာပဲ၊ ခုခေတ်မှာ ယောကျ်ားလေးတွေလည်း တိုက်ပုံမှာ ရင်ထိုးလေးတွေ ထိုးထိုးဝတ်တာပဲ၊ ကိုနေ့ တိုက်ပုံဝတ်ဖြစ်တဲ့အခါ ထိုးသွားပေါ့ ...”

“တစ်ခါတလေမှ ဝတ်ဖြစ်တာပါကွာ”

“တစ်ခါတလေ ဝတ်တဲ့အခါ ထိုးဖို့ ယူထားပေါ့ ...”

“မင်း ပစ္စည်းက ဈေးကြီးမှာကွ ...”

“ဒါ ... ကျွန်တော်တို့ဆိုင်က ယူလာတာပါ”

“ဟမ် ... မင်း ခိုးလာတာပေါ့”

“မဟုတ်ပါဘူး၊ သူငယ်ချင်းကို လက်ဆောင်ပေးမယ်ပြောပြီး ယူလာခဲ့တာပါ၊ ကျွန်တော့်ဆိုင်က ကျွန်တော် လိုချင်တာ ယူလို့ရတယ်”

“အေး ... မင်း ချမ်းသာတာတော့ သိပါတယ်၊ ဒါပေမယ့် ဒီလောက် တန်ဖိုးကြီးတာ ယူတော့ ငါ ဝန်ပိမှာပေါ့ကွ၊ မင်းကို ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ မင်း စိတ်တော့ မဆိုးနဲ့၊ မင်း ဒါတွေမပေးလည်း မင်းနဲ့ သင့်တော်တဲ့ ဖာတ်လမ်းရှိရင် ငါ မင်းကိုထည့်ရိုက်ပေးမှာပါ၊ လောလောဆယ်တော့ မင်း အနေအထားက သရုပ်ဆောင်ပိုင်းမှာ နည်းနည်း လိုအပ်နေသေးတော့ ...”





“ဪ ... ကိုနေက အဲဒီလို ထင်ထားတာလား ...”

ကာရန့်အသံက ခပ်အက်အက် ...။ နေလုလင်ကို ကြည့်နေသော မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ဝေ့တက်လာတာမို့ သူ စကားမဆက်ဖြစ်။ အံ့မယ် ... မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ အိတက်လာတော့လည်း မျက်ရစ်မပါတဲ့ မျက်လုံးအိမ်ကလေးက လှလာသလိုပါလား။ ဒီကောင် သရုပ်ဆောင်ခိုင်းရင်သာ မျက်ရည်က မထွက်တာ၊ ခုကျတော့ လွယ်မှလွယ်။

“ကျွန်တော် ... ကျွန်တော် စိတ်မကောင်းဘူး ကိုနေ၊ ကျွန်တော် ကိုနေ့ဆီက အခွင့်အရေးလိုချင်လို့ ဒါတွေပေးပြီး ဒီလိုတွေ လုပ်နေတာမဟုတ်ပါဘူး၊ ကိုနေ့ကို ကျွန်တော် တကယ် သံယောဇဉ်ရှိလို့ ...”

“အေးပါ ... အေးပါကွာ ... ဆောရီးပါ၊ မင်း စိတ်ရင်းကို ငါ နားလည်ပါတယ်၊ ငါကလည်း ပွင့်ပွင့်လင်းလင်း ပြောထားချင်တဲ့ သဘောပါ၊ ငါ ဒီလိုပဲ ပြောတတ်တာ မင်းလည်း သိပါတယ်၊ စိတ်ထဲ မထည့်ပါနဲ့ ...”

နေလုလင်က ကာရန့် ပခုံးကို ပုတ်၍ နှစ်သိမ့်စကားဆိုရသည်။

“ကဲ ... ဘယ်သူမှ မယူရင်တော့ ဒိုင်စားလိုက်တော့မယ်”

“ဟော့ကောင် ...”



www.burmeseclassic.com

www.burmeseclassic.com



မိုးလုလင်က ခေါင်းကုပ်ဖွကာ ထလာပြီး နေလုလင်လက်ထဲက ရင်ထိုးကို ဆတ်ခနဲ ဆွဲလုလိုက်ပါသည်။

"မင်း ... အိပ်ချင်မူးတူးနဲ့ ဝင်မရှုပ်စမ်းနဲ့ မောင်မိုး၊ မင်းဘာသာ အိပ်စရာရှိတာ ဆက်အိပ် ..."

"ဘယ်လိုလုပ် အိပ်လို့ရတော့မလဲ ကိုကိုရ၊ ကိုကိုတို့ပဲ လူနားလာပြီး ပကျိ ပကျိ ပြောနေကြတာကို၊ ဟား ... ရင်ထိုးက လုံးဝ အလန်းပဲ၊ အတော်ပဲ ... ရှေ့အပတ်ထဲ မင်္ဂလာဆောင် သွားစရာရှိတယ်၊ ပိုးပုဆိုး အစိမ်းဝတ်မယ်၊ တိုက်ပုံအဖြူပေါ်မှာ ကျောက်စိမ်းခေါင်းရုပ်ကလေး ထိုးမယ်၊ ကတ္တီပါဖိနပ်အစိမ်းလေး ဝတ်မယ်၊ လုံးဝ လန်းမယ်၊ ဒါ ငါယူလိုက်ပြီနော် ကာရန် ..."

"အဲ့ဒါက ကိုနေ့ဖို့လေ ကိုမိုးရဲ့၊ ကိုနေ့အတွက် ကျွန်တော် မွေးနေ့လက်ဆောင် ပေးတာလေ ..."

"အေးပါ ... သိပါတယ်၊ ဒါပေမယ့် သူကမှ မယူချင်တဲ့ အတူတူ ငါယူလိုက်တော့ မင်းလည်း ဒါနမြောက်သွားတာပေါ့"

"ဒါက ကိုနေနဲ့ပဲ လိုက်တာ၊ ကိုနေက ဗလကောင်းကောင်း အရပ်မြင့်မြင့်ဆိုတော့ တိုက်ပုံဝတ်ရင်လည်း ခန့်တယ်လေ၊ ကိုမိုးက ပိန်ပိန်ရှည်ရှည်နဲ့ လူငယ်စတိုင်လ်ဆိုတော့ တိုက်ပုံနဲ့ သိပ်မလိုက်ပါဘူး"





"ကိုကိုလည်း လူငယ်စတိုင်လ်ပါပဲကွာ၊ သူလည်း တစ်ခါတလေမှ တိုက်ပုံဝတ်တာပါ"

"ဒါပေမယ့် ဒါက မွေးနေ့လက်ဆောင်ဆိုတော့ ..."

"မင်း ... မျက်နှာကို လိုက်တာပါကွာ၊ ငါ့မွေးနေ့တုန်းကတော့ မင်း မှတ်လည်းမမှတ်မိ၊ ဘာမှလည်း မပေးဘူး၊ မင်းဖားချင်ရင် အတူတူဖား ဟော့ကောင်၊ သူလည်း ပရိဂျူဆာ၊ ငါလည်း ပရိဂျူဆာ၊ လုပ်ပိုင်ခွင့် အတူတူပဲ၊ မင်း သဘောပေါက်ထားဖို့က ငါက တည်းဖြတ်ပညာရှင်ဆိုတော့ ကိုကို့ထက် ပိုပြီး လုပ်ပိုင်ခွင့်ရှိတယ်၊ မင်း ပါတဲ့ ကားထဲက မင်းအခန်းတွေ ငါဖြတ်ထုတ်ပစ်လိုက်ရမလား ... ပြော"

"ဟာ ... မလုပ်ပါနဲ့ ကိုမိုးရာ၊ နောက်တစ်ခါ ကိုမိုးမွေးနေ့ကျရင် လက်ဆောင် ကောင်းကောင်း ပေးပါ့မယ်"

"ဟား ... ဟား ... မကြောက်ပါနဲ့ကွ၊ နောက်တာပါ၊ မင်းက ကိုကို့ကိုဆို ပိုကိုပိုလွန်းလို့ အမြတ်ကတ်လို့ ပြောတာပါ"

မိုးလုလင်ကတော့ ကာရန့်ကိုဆို စလို့ကောင်းကောင်းနှင့် စချင်နေသည့် သူမျိုးပင်။

"ဟာ ... ကိတ်မုန့်ဘူးကြီးလည်း ပါတယ်ဟ ...၊ အတော်ပဲ ... ဘရိတ်ဖတ် ဆွဲရမယ်၊ ပြီးမှ ပြန်အိပ်မယ်၊ ကိတ်မုန့်တော့ စားလို့ရတယ် မဟုတ်လား ... ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"အသံကိုက မကျေးချင် ကျေးချင် အသံမျိုး၊ မင်းတော့လား ..."

မိုးလုလင်က ကာရန့်ပါးနားကို လက်သီးကပ်၍ လှမ်းတွန်းလိုက်တော့ ပူခြစ်နေသော ပါးပြင်ရဲ့ အပူက သူ့လက်ကို ကူးစက်လာပါသည်။

"ဟာ ... ဟော့ကောင် မင်း ကိုယ်တွေပူနေတာလား၊ ကိုကို ဒီမှာ လာစမ်းကြည့်ပါဦး ... ဒီကောင် ဖျားနေလား မသိဘူး"

နေလုလင်က ကာရန့်နဖူးကို လာစမ်းကြည့်လိုက်ပြီး "ဟာ ... ဟုတ်တယ်ကွ၊ ကာရန် မင်းတော့ ဖျားပြီထင်တယ်၊ မိုးရွာကြီးထဲလာတာကိုးကွ၊ မင်းက ..."

"မိုးမိလို့ ဖျားတာမဟုတ်ပါဘူး၊ ဘန်ကောက်က လာကတည်းက ဖျားနေတာ ..."

"မင်း ... ဖျားနေတာတောင် ငါ့မွေးနေ့မီအောင် ပြန်လာတယ်ပေါ့ ..."

"နည်းနည်းပါးပါး ဖျားတာပါ ကိုနေ၊ ဘာမှ မဖြစ်ပါဘူး၊ အေးဆေးပါ ..."

"မင်းကွာ ... ကာရန်ရာ ..."





ကာရန်က အပြုံးမပျက်ပေမယ့် မျက်နှာကလေး နီမြန်းကာ နှာသီးဖျားကလေးတောင် နီနေသည်။ သေချာကြည့်မိတော့မှ ကာရန့် မျက်နှာက အဖျားသွေးကြောင့် ဖောင်းအစ်အစ်ကလေး ဖြစ်နေမှန်း သတိထားမိရသည်။

ကာရန်ဟာ ကိုယ့်အပေါ် သံယောဇဉ်ကြီးမှန်း သိပေမယ့်လည်း ဒီလောက်ကြီးတော့လည်း အလေးထားလိမ့်မည်ဟု မထင်ခဲ့ပါ။ မင်းသား ဖြစ်ချင်လွန်းတဲ့ စိတ်ကြောင့်ပဲ ပရိဂ္ဂုဆာ ကိုယ့်ကို တွယ်လေသလားလည်း မသိ။ ကိုယ်က ဘာမှလုပ်မပေးနိုင်ဘဲ ကိုယ့်အပေါ် ဒီလောက် ကောင်းပြနေတော့လည်း ကိုယ့်မှာ ဝန်ပိသလို အားနာသလို ဖြစ်ရသည်။

"မင်း ... ဒီလောက် ကိုယ်ပူနေတာ ဆေးခန်းသွားမှ ဖြစ်မှာပေါ့ ... ကာရန်"

"ဒီကအပြန် ဝင်လိုက်မယ်လေ ကိုနေ ..."

"မင်း ဘာနဲ့ပြန်မှာလဲ ..."

"ကျွန်တော့်မှာ ကားပါပါတယ်၊ ဒရိုင်ဘာကို စောင့်ခိုင်းထားတယ်"

"မင်း တိုက်ခန်းမှာ မင်းတစ်ယောက်တည်း နေတာ မဟုတ်လား၊ ခုလို ဖျားလာတော့ မင်း နေရတာ အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ် ကိုနေ၊ ကျွန်တော် နေနေကျပါ၊ စိတ်မပူပါနဲ့၊ ဆေးခန်းပြပြီး ဆေးသောက်အိပ်လိုက်ရင် ကောင်းသွားမှာပါ၊ ကိုနေ့ အဝတ်အစားတွေ ကျွန်တော် ဝတ်သွားမယ်နော်၊ သေချာ လျှော်ဖွပ်ပြီး ပြန်ပေးပါမယ်"

"ရပါတယ်ကွ၊ အဟောင်းတွေပဲ ... ပြန်မပေးလည်း ဘာမှ မဖြစ်ဘူး၊ ဝတ်သွား"

"ဒါဆို ကျွန်တော် သွားတော့မယ်"

"အေး ... အေး ... ဂရုစိုက် ..."

ဘုန်းကာရန်က သူ့အိတ်ထဲကို သူ့ရေစိုဝတ်တွေ ပြန်ထည့်ပြီး ထိုင်ရာမှထသည်။ ကာရန်က နေလုလင်လောက်လည်း ပခုံးမကျယ်၊ ခန္ဓာကိုယ်လည်း မထွားတာမို့ နေလုလင်၏ ရှပ်အင်္ကျီက ကာရန့်ခန္ဓာကိုယ်ပေါ်မှာ ခပ်ပွပွ ...။ အိမ်နေရင်းဝတ်သည့် ကြိုးရှုံ့ ဘောင်းဘီရှည်ကလည်း ကာရန်နဲ့ ချောင်ပွပွ ဖြစ်နေပါသည်။

"ကာရန် ... ငါ အောက်ကို လိုက်မပို့တော့ဘူးနော်၊ မင်း တံခါးသော့ဖုကို နှိပ်ပြီး ဆွဲပိတ်ခဲ့ ..."

"ဟုတ်ကဲ့ ... ကိုနေ၊ ကိုမိုး သွားပြီနော်"

"အေး ... အေး"

ကာရန်က နှုတ်ဆက်ပြီး အခန်းထဲက ထွက်သွားပြီးမှ အခန်းဝမှာရပ်ကာ သမင်လည်ပြန် လှည့်ကြည့်လျက် ...





"ကျေးဇူးပဲ ကိုနေ ..."

ဟုပြောပြီး အောက်ထပ်သို့ ဆင်းသွားသည်။

နေလုလင်က ကြောင်တောင်တောင် ဖြစ်သွားကာ မိုးလုလင်ဘက်ကို လှည့်ကြည့်လိုက်ရင်း ...

"သူက ငါ့ကို ဘာအတွက် ကျေးဇူးတင်သွားတာလဲ ညီညီ"

"ကိုကို သူ့ကို ဂရုစိုက်လို့ ကျေးဇူးတင်သွားတာ နေမှာပေါ့၊ ကိုကို့ကို သူကြည့်သွားခဲ့တဲ့ မျက်လုံးလေးတွေ မတွေ့လိုက်ဘူးလား၊ ကျေးဇူးတင်လွန်းလို့ နူးညံ့နေလိုက်တာများ၊ ဒီကောင်က ကိုကို့ကိုဆို ပိုကိုပိုတာ ..."

မိုးလုလင်က စကားပြောနေရင်း စားပွဲပေါ်က ပန်းစည်းဆီ စိတ်ရောက်သွားကာ ...

"ဟား ... ပန်းစည်းက လှလှချည်လား၊ ဒါလည်း ဟိုကောင့်လက်ဆောင်ပဲလား ..."

"ဟုတ်ပါ့ကွာ၊ မင်းပြောသလိုပါပဲ၊ ဒီကောင်က ပိုကို ပိုတာပါ"

"ကိုကို ဒီပန်းစည်း ဘာလုပ်မှာလဲ၊ ကိုကို့ ကောင်မလေး တစ်ယောက်ကို ပေးမှာလား၊ ဒီအတိုင်း ထားလိုက်ရင်တော့ နမြောစရာကြီးနော်"

မိုးလုလင်က ပန်းစည်းကို လှမ်းယူ ပွေ့ပိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ တန်ဖိုးကြီး လာဗင်ဒါ ပန်းစည်းကြီးက ခရမ်းဖျော့ အရောင်အသွေးဖြင့် လှပလွန်းလို့ပင် ...။ ဒီမှာလည်း အလွယ်တကူ ဝယ်မရနိုင်သည့် ရှားပါးပန်းမို့ အလဟဿ မဖြစ်ချင်။

နေလုလင်က ပခုံးတွန့်လိုက်ရင်း ...

"မပေးပါဘူးကွာ ... အကျင့်ပါလို့၊ တစ်ခါပေးမိရင် နောက်လည်း လိုချင်နေမှာ၊ ငါ ဘယ်ကောင်မလေးကိုမှ လက်ဆောင်ပေးရိုးထုံးစံ မရှိဘူး ..."

"ကောင်မလေးတွေကပဲ ကိုကို့ကို ပေးရတယ်ပေါ့"

"ဒါပေါ့ကွ ... ဟဲဟဲ ..."

"ဒါဆိုလည်း ဒီပန်းစည်း ကျွန်တော် ယူလိုက်မယ်"

"မင်း ဘာလုပ်မလို့လဲ ..."

"ဟဲဟဲ ... ရွှေပန်းချီ ညီမလေးကို ပေးမလို့ ..."

မိုးလုလင်က မင်းသမီး ရွှေပန်းချီ ညီမလေး ငွေပန်းချီကို သဘောကျနေသူပင် ...။ မိုးလုလင်ဟာ နေလုလင်ထက် စိတ်ထား ပျော့ပျောင်း နူးညံ့သည်။ ညီအစ်ကိုချင်းပေမယ့် စိတ်နေစိတ်ထား အကျင့်စရိုက်ချင်းတော့ မတူလှပါ။

"မင်း အဲဒီကောင်မလေးကို အတည်ကြီး ကြွေနေတာလား ဟေ့ကောင် ..."

"ဒါပေါ့ ကိုကိုရ ..."





"မင်း မကြောက်ဘူးလား ... သူ့အစ်မကို၊ ရွှေပန်းချီက ဆတ်ဆတ်ကြဲနော်၊ ပစိပစပ်ကလည်း များသေးတာ၊ မင်း ညီမလိုချင် အစ်မကြည့်လိုက်ဦး ... ကြားလား၊ စွတ်မွှန်မနေနဲ့၊ ဒါသုံး ... ဒါသုံး ..."

နေလုလင်က သူ့ခေါင်းသူ လက်ညှိုးနှင့် ထောက်ပြ၍ ပြောလိုက်ပြီး ပြန်လည်အိပ်စက်ဖို့ အိပ်ရာပေါ်သို့ လှဲချလိုက်ပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၂)

“သားကို မွေးပေးတဲ့အတွက် ကျေးဇူးပါ မာမီ ...”

“အေး ... အေး ... Happy Birthday ပါ သားကြီးရယ်”

သားအမိနှစ်ယောက်က အိမ်တံခါးဝမှာပင် ပွေ့ဖက်နှုတ်ဆက်လိုက်ကြသည်။

ဒီနေ့ ... နေလုလင်၏ မွေးနေ့မို့ ညနေစာကို မာမီတို့ အိမ်မှာပဲ အတူစားကြဖို့ စီစဉ်ထားသဖြင့် ညီအစ်ကိုနှစ်ယောက် အတူအိမ်ပြန်လာခဲ့ကြတာပင်။ မိုးလုလင်က သူ့ဗိုက်သူပွတ်ရင်း

“မာမီ ... သားလည်း ကျေးဇူးတင်တယ်နော် မာမီ၊ ဗိုက်ဆာပြီနော် ... မာမီ”

“ဟင်း ... မင်းကတော့ အမေ့အိမ်ပြန်လာရင် ကိုယ့်အမေမျက်နှာ အရင်မကြည့်ဘဲ ဟင်းအိုး အရင်ဖြေးဖွင့်ကြည့်ချင်





တဲ့ လူမျိုးပါလား မိုးလုလင်၊ စားရမယ် ... စိတ်ချ၊ ထမင်းပွဲ ပြင်ခိုင်းထားတယ် ... ခဏစောင့်”

“ဟဲဟဲ ... မာမီ့မျက်နှာကိုပဲ အရင်ကြည့်တာပါ မာမီရယ်၊ ဒါပေမယ့် မာမီ့မျက်နှာက စားမရ ...”

“ကြည့်စမ်း ... ဒီကလေး”

“ဟား ... ဟား ...”

မိုးလုလင်က အမေကို ကျီစယ်ရယ်မောရင်း ဖက်ပွေ့ထားလိုက်သည်။ ညီအစ်ကိုနှစ်ယောက်က အမေကို တစ်ဖက်တစ်ချက်မှ ပွေ့ဖက်လျက် ဧည့်ခန်းထဲသို့ ဝင်လာပါသည်။

မာမီက သားနှစ်ယောက်ကို မျက်စောင်းထိုးရင်း ...

“ခုမှလာပြီး အမေကို ချွဲနေလိုက်ကြတာ၊ တစ်ပတ်တစ်ခါတောင် အိမ်ပြန်မလာတဲ့ သူတွေကများ ...”

“အလုပ်များလို့ပါ မာမီရာ ... သားတို့ အလုပ်အကြောင်း မာမီ အသိဆုံးပါ၊ ခုရက်ပိုင်း နှစ်ကား တစ်ပြိုင်တည်း ရိုက်နေတော့ ရှုတင် နှစ်ခုကြား ပြေးလွှားနေရတာ၊ ညီညီကလည်း တိုက်မှာထိုင် ကားဆက်ရင်း ခွေဖြန့်တဲ့ကိစ္စတွေလည်း လုပ်ရသေးတာ၊ မာမီ့အိမ် ပြန်မလာပေမယ့် သား ဘယ်မှလျှောက်သွားနေတာ မဟုတ်ပါဘူး၊ အလုပ်ပဲ လုပ်နေတာပါ ...”



www.burmeseclassic.com

www.burmeseclassic.com



"အလကား မာမီ … ကိုကိုက အလုပ်သာ လုပ်နေပေမယ့် သူ့ကောင်မလေး တစ်ယောက်ယောက်ဆီက ဖုန်းလာရင် ထထွက်သွားတတ်တဲ့ သူမျိုး …၊ အဲ့ဒါမျိုးကျတော့ သူ့မှာ အချိန်ရှိတယ် …"

"ဟော့ကောင် ညီညီ … မင်း မဟုတ်တာ ကုန်းမချောနဲ့၊ ငါက အလုပ်အားမှ အပျင်းပြေလေး ထထွက်သွားတာ၊ ငါ အလုပ်ရှုပ်နေတုန်းတော့ မိုးပေါ်က အိန်ဂျယ် ၁၀ ယောက် ဆင်းခေါ်တောင် လိုက်မသွားဘူး ဟော့ကောင်၊ မင်းသာ မင်းကောင်မလေး တစ်ချက်ချွဲရင် ဖြဲခနဲအော်ပြီး ပါပါသွားတာ …"

"ကျွန်တော်က တစ်ယောက်ဆို တစ်ယောက် ဦးတည်ချက်ထားပြီး ကြိုက်တာ၊ ကိုကိုသာ ကွင်းတကာ့ကွင်း ငါ့ကွင်းလို့ သဘောထားပြီး လှတာလေး တွေ့တိုင်း လျှောက်လျှောက်တွဲနေတာ …"

"ဒါတော့ သားငယ်ပြောတာ ဟုတ်တယ် သားကြီး၊ မင်းအကြောင်း မာမီသိတယ်၊ မင်းက ပွေး၊ သားငယ် မင်းက မင်းအစ်ကိုကို နည်းနည်းကြည့်ထိန်းနော်၊ ညီအစ်ကို နှစ်ယောက် အခုလို အတူတူ ရှိနေတယ်ဆိုတာ နှစ်ယောက်ပေါင်း ကဲဖို့မဟုတ်ဘူး၊ တစ်ယောက်ကို တစ်ယောက် ထိန်းကွပ်ပေးဖို့ပဲ …၊





"သားကြီးအတွက် မာမီ စိုးရိမ်တယ်၊ လောကမှာ အန္တရာယ် အဖြစ်နိုင်ဆုံးသူက ကိုယ့်ကိုယ်ကိုယ် လည်လုပြီလို့ထင်တဲ့ သူတွေပဲ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတော့ ယုံကြည်မှုတွေ လွန်ကဲကုန်ရော …၊ တစ်ဖက်ကို လျှော့တွက်ရော၊ အဲ့ဒီတော့ သတိမရှိတော့ဘဲ အငိုက်မိပြီး အမှားတွေ့ရော …၊ မလည်တဲ့ ရိုးတဲ့သူ့တွေက ငါ မလည်ဘူး၊ ငါ ရိုးအတယ်ဆိုတာ အမြဲ သတိရှိရင်တော့် အမှားမတွေ့ဘူး၊ အဲ့ဒါကြောင့် မာမီက သားငယ်အတွက် သိပ်မပူဘူး၊ သားကြီးအတွက်ပဲ ပူတယ်"

"မပူပါနဲ့ မာမီရယ် … သား မာမီ စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ဘူး … စိတ်ချ"

သားအမိ သုံးယောက်က ညှို့ခန်း ဆိုဖာရှည်ပေါ်မှာ အတူတကွ ထိုင်လိုက်ကြသည်။ မာမီက အလယ်က၊ သားနှစ်ယောက်က တစ်ဖက်တစ်ချက်မှ …။ သားအမိ သုံးယောက်ဆုံတိုင်း ခုလိုပဲ အမြဲရင်းနှီးလုံးထွေးကာ ပွင့်ပွင့်လင်းလင်း တိုင်ပင်စရာရှိတာ တိုင်ပင်၊ ပြောစရာရှိတာ ပြောကြသော ဆက်ဆံရေးမျိုးမို့ နေလုလင်တို့ မိသားစုက ပျော်စရာ ကောင်းပါသည်။

"မာမီ့ဘဝမှာ အမျှော်လင့်ရဆုံး ပန်းတိုင်က မာမီ့သားနှစ်ယောက်လုံး မိန်းမအလိမ္မာလေးတွေနဲ့ အိမ်ထောင်ကျ၊



www.burmeseclassic.com

www.burmeseclassic.com



သားတွေ သမီးတွေ မွေးပြီး ပျော်ရွှင်တဲ့ မိသားစုဘဝကို ရဖို့ပဲ၊ မာမီ့ဘဝရဲ့ နောက်ဆုံးအချိန်တွေမှာ မြေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ကုန်ဆုံးချင်တယ်၊ မာမီကလည်း တစ်ဦးတည်းသော သမီး၊ မင်းဒက်ဒီကလည်း တစ်ဦးတည်းသော သား၊ မာမီ မွေးထားတာလည်း မင်းတို့နှစ်ယောက်တည်း ဆိုတော့ မိသားစု အသိုက်အဝန်းက အရမ်း မကြီးမား မစည်ကားဘူးလေ၊ ခုဆို မာမီတို့ စီးပွား ဥစ္စာအတွက် လည်း မပူရဘူး၊ သားတို့ကလည်း ကိုယ့်စီးပွားရေးနဲ့ကိုယ် အောင်မြင်နေကြပြီ၊ သားတို့ဆီက မျှော်လင့်ဖို့၊ သားတို့ အတွက် ပူစရာဆိုလို့ အိမ်ထောင်ရေးပဲ ရှိတော့တာ"

"မာမီ … သားအတွက် စိတ်မပူပါနဲ့၊ သား လက်ထပ်ချင် လောက်တဲ့အထိ ချစ်မိတဲ့ မိန်းကလေးမျိုးတွေ့ရင် မာမီ့ဆီ အရင်ခေါ်လာပြမှာ …"

"သားကြီးက အဲ့ဒီလို အပြောကောင်းလို့ ကြောက်ရတာပဲ၊ မင်းက မိန်းကလေးတွေနဲ့ ပတ်သက်ရင် မခံစားရပါဘူး ထင်ပြီး ပေါ့ပေါ့လေး လျှောက်တွဲနေတတ်တဲ့သူမျိုး၊ အဲ့ဒီ လို လူမျိုးက ခံစားရပြီဟေ့ဆိုရင် အဖတ်ဆည်လို့ကို မရ နိုင်တော့အောင် အသေအကြေ ခံစားရမှာ၊ ပေါ့ပေါ့တွေး ထားတဲ့သူက ပိုပြီး လေးလေးပင်ပင် ခံစားရတတ်တယ်"





"ဟား … ဟား … ကိုကိုတော့ မာမီ့ စကားလုံးတွေအောက် မှာ ကျွတ်စင်ကြီး ဖြစ်နေပါပြီဗျို့၊ မာ့မီ … တွေ့တုန်း ဖိသာဆုံးမထား၊ ဒါမှ ကိုကို အသိတရားရမှာ …"

နေလုလင်က အီလည်လည် မျက်နှာနှင့် ခေါင်းကုပ် နေတာမို့ မိုးလုလင်က ရယ်မောနောက်ပြောင်နေသည်။

မာ့မီ ဒေါ်ထားနုခင်က ပြုံးလိုက်ရင်း …

"အပေါင်း … မာမီ့သားကြီးလည်း မွေးနေ့မှာ ဆုံးမစကား တွေပဲ ကြားပြီး အာရုံနောက်နေပြီထင်တယ်၊ ကဲ … ကဲ နောက်ဆုံးတစ်ခု မပြောလို့ မဖြစ်တာလေး တစ်ခု ပြော ပြီးရင် တော်ပါပြီ …"

"ခင်ဗျာ … ဘာရှိသေးလို့လဲဟင် …"

နေလုလင်က မျက်နှာငယ်လေး၊ နှာသံပါကလေးနှင့် ပြန်မေးလိုက်တာမို့ ဒေါ်ထားနုခင်က ရယ်မောရင်း …

"သားကို မာမီ အနက်နဲ့မတည့်ပါဘူးလို့ ပြောထားတဲ့ကြား က ဘာလို့ အနက်ဝတ်လာတာလဲ၊ ဒီအင်္ကျီက အသစ်ထပ် ဝယ်တဲ့ အင်္ကျီမဟုတ်လား"

မာမီ့စကားကြောင့် နေလုလင်က ခေါင်းတစ်ချက် ကုတ်သည်။ မာမီ့မှာလည်း အဲဒီအစွဲကရှိသည်။ ဗေဒင်တွက်ကြည့် ပြီး နေလုလင်နဲ့ အနက်ရောင်နဲ့ မတည့်ဟုဆိုကာ အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



မဝတ်ရဟု အမိန့်ထုတ်လိုက်သည်။ ခက်တာက ခုခေတ်မှာ အနက်ရောင်ဆိုတာ ဖက်ရှင်ကာလာ ...။ ဟိုအရင်တုန်းကသာ အလှူပွဲ လမ်း မင်္ဂလာဆောင် နေ့ခင်းကြောင်တောင်တွေမှာ အနက်ရောင်ကို သိပ်ဝတ်လေ့မရှိပေမယ့် ခုခေတ်မှာတော့ ဘာအစွဲမှ သိပ်မရှိကြတော့ပါ။ ဒီလိုပဲ သာမန်ကာလာတစ်ခုလို ပေါ့ပေါ့ပါးပါး ဝတ်ဆင်နေကြတာပင် ...။ နေလုလင်ကလည်း လူငယ်ပီပီ အနက်ကြိုက်သူမို့ တီရှပ်ဝယ်ဖြစ်လည်း အနက်၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီတွေဟာလည်း အနက်။

ဒီနေ့လည်း ဖစ်တင်ကိုယ်ကျပ် ရှပ်လက်တို အမည်းရောင်ကလေးနှင့် ဂျင်းပဲန် အဖြူကို တွဲဝတ်လာမိလိုက်သည်။ ခုတော့ ခံပေါ့ ... မာမီရစ်တာ။

"အဟဲ ... မာမီပြောထားတာ သား မေ့သွားလို့ပါ မာမီ၊ ဟိုလေ သားအကြိုက်ဆုံးအရောင်ကလည်း အနက်ရောင်၊ သားမှာရှိတာတွေကလည်း အနက်ရောင်ဆိုတော့ ..."

"အနက်ရောင်နဲ့ သားနဲ့ မတည့်ဘူးလေ သားရယ်၊ လူတွေမှာ လပ်ကီးကာလာ၊ အန်လပ်ကီးကာလာဆိုတာ ရှိတယ်၊ မင်းရဲ့ unlucky ကာလာက အနက်၊ ကိုယ်က စီးပွားရေးလည်း လုပ်နေတဲ့သူလေ၊ စီးပွားရေးသမားဆိုတာ ဒါမျိုးတွေ မယုံကြည်ချင်လို့ မရဘူး၊ ကဲ ... ဒီလိုလုပ် ... သားမှာ





ရှိတဲ့ အင်္ကျီအနက်တွေရဲ့ ကော်လီအတွင်းဘက်မှာ အပ်ချည်အဖြူလေးနဲ့ နည်းနည်း ထိုးပေးလိုက်မယ်"

"အဲ့ဒါဆို ဝတ်လို့ရလား မာမီ ..."

"အေးပေါ့ ...၊ လုံးဝအနက်ကြီးမဟုတ်ဘဲ အဖြူချည်လေးပါတော့ မဆိုးဘူးပေါ့၊ ရှိတာတွေတော့ ထိုးပေးထားမယ်၊ နောက်ထပ်တော့ မဝယ်နဲ့တော့၊ ကဲ ... အဲ့ဒီအင်္ကျီလည်း သွားလဲလိုက်တော့ ..."

"ဟင် ... အခုလား ..."

"အေးလေ ... အပေါ်ထပ် မင်းအခန်းမှာ သွားလဲပြီး အဲ့ဒီအင်္ကျီ ပြန်ယူလာခဲ့၊ အိမ်က ကောင်မလေးကို ချည်အဖြူထိုးခိုင်းထားလိုက်မယ်၊ ကဲ ... သွား ... လဲလိုက် ..."

နေလုလင်က ထိုင်ရာမှ ထရသည်။ သူ ခံယူထားဘာကတော့ မွေးနေ့ဆိုတာ မွေးနေ့ရှင်ကို စိတ်ချမ်းသာအောင်ထားဖို့ထက် မွေးနေ့ရှင်ကို မွေးပေးတဲ့ မိဘကို စိတ်ချမ်းသာအောင်ထားဖို့က အဓိကျသည်ဟုပင် ...။ မွေးနေ့တွေမှာ မွေးနေ့ပွဲကြီးဝိုးချဲကျင်းပဖို့ထက် မွေးမေမေ့ အနားမှာ အတူပျော်ပျော်ရွှင်ရွှင်ရှိနေနိုင်ဖို့က အရေးကြီးသည်ဟုထင်သည်။ ထို့ကြောင့် ဒီနေ့မှာ မေမေ့ကို ဘာအတွက်မှ ကလန်ကဆန် မလုပ်လို ...။ မေမေပြောသမျှ နာခံဖို့လည်း အသင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူက ထရပ်ရင်း တီဗီဆီ အကြည့်ရောက်သွားသည်။ သူတို့ မရောက်ခင်က မာမီ အခွေကြည့်နေပုံ ရသည်။ တီဗီကို pause လုပ်၍ ရပ်ထားသည်။

"မာမီ ... အခွေကြည့်နေတာလား"

"ဟုတ်တယ် သား၊ သားတို့တိုက်က ဒီအပတ်ထွက်တဲ့ အခွေ ကြည့်နေတာလေ ..."

"ကောင်းရဲ့လား မာမီ၊ ဝေဖန်ပေးဦးနော်"

"အေးပါ ... ကြည့်ပြီးသလောက် ဝေဖန်ပါ့မယ်၊ သွား အကျီ သွားလဲ၊ ပြီးရင် ထမင်းစားမယ်လေ၊ စားရင်း ပြောကြတာ ပေါ့"

"ဒက်ဒီက နောက်ကျမှာလား မာမီ ..."

"နောက်မကျဘူး၊ ခုပဲရောက်လာမှာ၊ သားမွေးနေ့မှာ ဘာ အလုပ်တွေ ဘယ်လိုရှိရှိ မင်းဒက်ဒီ နောက်ကျရိုးထုံးစံ ရှိလို့လား ..."

နေလုလင်က ကျေကျေနပ်နပ် ပြုံးရင်း အပေါ်ထပ် အခန်းရှိရာသို့ တက်လာခဲ့ပါသည်။ မိဘတွေရဲ့ အလေးထား ချစ်ခင်မှုကို ခံရတဲ့ ဘဝဟာလည်း ခမ်းနားလှပတဲ့ ဘဝတစ်ခုပါပဲ ...။

ဒက်ဒီက ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်မှာ





ဟိုတယ်လုပ်ငန်းတွေ ရှိတာမို့ မကြာခဏ ခရီးသွားတတ်သော်လည်း သူတို့ညီအစ်ကိုရဲ့ မွေးနေ့၊ မေမေ့မွေးနေ့တွေမှာတော့ ဘယ်တော့မှ နောက်မကျဘဲ အရောက်ပြန်လာတတ်သူ ဖြစ်ပါသည်။

သူ အပေါ်ထပ် သူ့အခန်းမှာ အဝတ်အစားလဲပြီး ပြန်ဆင်းလာတော့ ထမင်းစားခန်းထဲမှာ မိသားစု စုံညီနေပြီ။ ဒက်ဒီလည်း ပြန်ရောက်ပါပြီ ...။

အားလုံးအတူ ထမင်းစားရင်း စကားတွေအကြောင်း အရာစုံစုံ ပြောဖြစ်နေသည်။

မာမီက နေလုလင် ပန်းကန်ထဲကို ပုစွန်တစ်ထုပ်ကို ခပ်ထည့်လိုက်ရင်း ...

"မာမီ အခုကြည့်နေတဲ့ ကားထဲမှာ ပါတဲ့ ဘုန်းကာရန် ဆိုတဲ့ တစ်ယောက်က တော်တော်လေး လိုသေးတယ်နော် သား၊ သူ သရုပ်ဆောင်တာ ကြောင်တယ်၊ မျက်လုံး အကြည့်တွေလည်း သေတယ်၊ စကားပြောတဲ့ လေယူလေ သိမ်းလည်း မမှန်ဘူး၊ ရုပ်လေးကတော့ တော်တော်ချော တယ်"

"ဟုတ်တယ် မာမီ၊ သူက မော်ဒယ်လ်အနေနဲ့တော့ လူသိ များပါတယ်၊ ရုပ်ကလည်း ချောတာကိုး၊ ဒါပေမယ့် သရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တဲ့ နေရာမှာတော့ အများကြီး လိုသေးတာပေါ့ ...၊ မင်းသား သူငယ်ချင်း နေရာလောက်ဆိုတော့ အဆင်ပြေနိုင်မလားလို့ ထည့်ပေးမိတာ ...''

''မင်းသား သူငယ်ချင်းလည်း မင်းသား သူငယ်ချင်း အလျှောက် လုပ်နိုင်ရမှာပေါ့၊ ဒါမှ ဇာတ်ကကြည့်ကောင်းမှာပေါ့၊ သူတစ်ယောက်က ကွက်ကြောင်နေရင် ကြည့်ရတာ ထော်လော်ကန့်လန့်ကြီးလေ ...''

''တဖြည်းဖြည်းတော့ အလုပ်က သင်သွားမလားလို့ မျှော်လင့်မိတာပါပဲ မာမီရယ် ...''

''ဒက်ဒီ့အမြင် ပြောရရင်တော့ ...''

ဒက်ဒီက စကားဝိုင်းထဲ ဝင်လာသည်။ ဒက်ဒီရော မာမီပါ ပရိဂျူဆာလုပ်ခဲ့ဖူးသူများမို့ သားတွေထက်တောင် အမြင်ရှိကြသူများပင်။

''ဒက်ဒီလည်း ကြည့်ဖြစ်တယ်လား ...''

''မင်း မာမီပြလို့ သူ့အခန်းတွေ ဝင်ကြည့်လိုက်တာ၊ ကောင်လေးက ရုပ်ရည်အရဆိုရင်တော့ ခေါင်းဆောင်မင်းသား နေရာထားလို့တောင် ရပါတယ်၊ ဒါပေမယ့် သူ့ကို အဲ့ဒီလို နေရာမှာ တင်ပေးလိုက်ရင်လည်း အောင်မြင်မယ်မထင်ဘူး၊ သူ့ပုံစံက မိန်းမချောလေး ...၊ မိန်းမလို ဝတ်လိုက်





ရင် မိန်းမနဲ့ အရမ်းတူမယ့် ရုပ်မျိုး၊ ယောကျ်ားတစ်ယောက်ရဲ့ ဆွဲဆောင်မှုမျိုးတော့ မရှိဘူးထင်တယ်၊ သရုပ်ဆောင်တတ်သွားရင်တောင် သူ့မှာ အဲ့ဒါလေး လိုနေတယ်၊ ယောကျ်ားက ယောကျ်ားလို မချောဘဲ မိန်းမလို ချောလွန်းနေတော့ ဆွဲဆောင်မှု မရှိဘူးပေါ့''

မိုးလုလင်က မာမို့လက်ရာ ကကတစ်ငါးပေါင်းကို ဖဲ့စားလိုက်ရင်း ...

''ကျွန်တော်လည်း ထင်ပါတယ်၊ သူ့အနေနဲ့ သရုပ်ဆောင်တာထက်စာရင် ရုပ်ပြသက်သက် မော်ဒယ်လ်လုပ်တာက ပိုအဆင်ပြေမှာ၊ ဒါပေမယ့် ကာရန်ကလည်း သရုပ်ဆောင် အရမ်းဖြစ်ချင်တာ ဒက်ဒီ၊ ကျွန်တော်တို့ တိုက်ကို ဝင်ထွက်ပြီး အရမ်း အောက်ကျို့ကျို့ လိုက်ပေါင်းနေတော့ ခင်မင်မှုနဲ့ အဆင်ပြေမယ်ထင်တဲ့ အခန်းလေးတွေ ထည့်သုံးနေရတာပဲ''

''အေးလေ ... စောင့်တော့ ကြည့်လိုက်ဦးပေါ့ ...''

မိသားစုအားလုံး စကားတပြောပြောနှင့် ထမင်းအတူစားကြရင်း နေလုလင်၏ မွေးနေ့ညနေခင်းလေးက သာယာစိုပြေလို့ နေခဲ့ပါသည်။

ဒီလိုအချိန်တွေဟာ နေလုလင်အတွက်တော့ ဆန့်



www.burmeseclassic.com

www.burmeseclassic.com



ကျင်ဘက် မိန်းကလေးတွေရဲ့ အလှအပကို ခံစားပျော်မွေ့ရင်း ကုန်ဆုံးရတဲ့ အချိန်တွေထက် ပို၍ တန်ဖိုးရှိပါသည်။

● ● ●



(၃)

"အိုကေ ... ကဒ် ..."

ရိုက်လက်စ ရိုက်ကွင်းက ဒါရိုက်တာ၏ ကဒ်အော်သံနှင့်အတူ ပြီးဆုံးသွားပါသည်။

ထိုရိုက်ကွင်းမှာ နေလုလင်လည်း ရှိနေခဲ့သည်။ ဘုန်းကာရန်လည်း ရှိနေခဲ့သည်။ ဓာတ်ပို့ မင်းသမီးပေါက်စနလေး မေပျို့ဖြူလည်း ရှိနေပါသည်။

ဒီနေ့ ရှုတင်ကို မြခွာညိုအိမ်ရာက ရှုတင်အိမ်မှာ တည်ထားပါသည်။ ရှုတင်မန်နေဂျာလည်း ရှိနေပေမယ့် နေလုလင်က ရှုတင်တွေကို ကိုယ်တိုင်လိုက်နေကျမို့လို့ ရှုတင်အိမ်မှာပဲ ရှိနေတာပင်။

ဘုန်းကာရန်က ဒီနေ့ ရှုတင်မှာ အခန်း နှစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ပေးဖို့ ရှိတာမို့ ခပ်စောစောကတည်းက ရောက်နေသည်။ မေပျိုဖြူအခန်းတွေလည်း ရိုက်ဖို့ရှိတာမို့ မေပျိုဖြူလည်း ရှိနေတာပင် ...။

လောလောဆယ် မေပျိုဖြူအခန်း သရုပ်ဆောင်တာ ပြီးပြီမို့ မေပျိုဖြူက နေလုလင်ဆီ လျှောက်လာပြီး ...

"အစ်ကို ... သမီးသရုပ်ဆောင်တာ အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ် ... ပျို၊ ပျိုက အသစ်ဆိုပေမယ့် ကြိုးစားတော့ အတက်မြန်မှာပါ၊ ပြီးတော့ ဒီလို ဗီလိန်ဆန်ဆန် နေရာမျိုးကို ပျို့အရွယ်နဲ့ ပျို့ရုပ်ရည်လေးနဲ့ ဝင်သရုပ်ဆောင်ပေးရဲ့တာကို အစ်ကို တကယ် ချီးကျူးပါတယ်"

"ကျေးဇူးပါ အစ်ကို၊ အစ်ကို ထမင်းစားပြီးပြီလားဟင်"

"မစားရသေးဘူး ပျို၊ ခဏနေ ရှုတင် ထမင်းကား ရောက်တော့မှာပဲ၊ အဲ့ဒီတော့မှပဲ စားလိုက်တော့မယ်"

"ရှုတင်ထမင်း မစောင့်နဲ့တော့လေ၊ ပျို့မှာ မေကြီးထည့်ပေးလိုက်တဲ့ ထမင်းချိုင့် ပါပါတယ်၊ ထောပတ်ထမင်းရယ်၊ ကြက်သားဆီပြန်ရယ်၊ ဆိတ်သားဆီပြန်ရယ်၊ ငါးဖယ်သုပ်ရယ်၊ ချဉ်ပေါင်ဖြူရွက် ဟင်းချိုရယ်၊ ငံပြာရည်ကြော်ရယ်၊ သရက်ချဉ်လေးလည်း ပါတယ်၊ အိမ်မှာ ဒီနေ့ ထောပတ်ထမင်း ချက်လို့ ထည့်ယူလာတာ၊ နှစ်ယောက်စာတောင် မကဘူး ... အများကြီးရယ်၊ စားလိုက်နော် အစ်ကို"





"အိုခေ ... ကျေးဇူး၊ ကိုယ်လည်း ထောပတ်ထမင်း ကြိုက်တာနဲ့ အတော်ပဲ၊ အားမနာလို့ ရတယ် မဟုတ်လား"

"အဟင်း ဟင်း ... ရပါတယ် အစ်ကိုရဲ့"

နေလုလင်က တကယ်လည်း ထောပတ်ထမင်း ကြိုက်တာမို့ ပျိုနှင့်အတူစားဖို့ ထမင်းစားပွဲခုံမှာ ဝင်ထိုင်လိုက်ပါသည်။

ပျိုနှင့်အတူ ပါလာသော ကောင်မလေးက စတီးလ် ထမင်းချိုင့်ကို ဖြုတ်၍ ထမင်းပွဲပြင်နေဆဲမှာ ဘုန်းကာရန်က ရောက်လာသည်။

"ကိုနေ ... ထမင်းစားရအောင်"

"ငါ ဒီမှာ စားလိုက်တော့မယ် ကာရန်၊ ငါ့အကြိုက် ထောပတ်ထမင်းလေ ... ရှယ်ပဲ"

"ကိုနေ့ဖို့ ကျွန်တော် ဆိုင်က မှာထား ပေးတာ ..."

"ဘာလို့ တကူးတက မှာထားပေးတာလဲကွာ၊ ရှုတင် ထမင်းဟင်းလည်း ကောင်းပါတယ်ကွ"

"ရှုတင် ထမင်းဟင်း ကောင်းတယ်ဆိုပြီး ကိုနေကျတော့ ဘာလို့ ထောပတ်ထမင်း စားလဲ"

"ဟ ... ဒါက တစ်ခါတလေ လေကွာ၊ ဒီမှာ ထောပတ်ထမင်းတွေလည်း အများကြီးမို့လို့ စားမှာ၊ အပြင်က တကူးတက မှာစားနေတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကာရန့် မျက်နှာထားက ခပ်တည်တည်။ ဒီကောင် ဘာဖြစ်နေတာလဲ ...။ ကာရန်တစ်ယောက်ဟာ တစ်ခါတလေကျ တော့ အဲ့ဒီလို ကြောင်တတ်သည်။

"ကျွန်တော်က ကိုနေကြိုက်တဲ့ အမေရိကန် ထမင်းကြော် ရယ်၊ ကညွတ်ကြော်ရယ်၊ ငါးကင်ရယ် မှာထားပေးတာ"

"မင်းပဲ စားလိုက်လေကွာ ..."

"အများကြီးပဲ၊ ဘယ်ကုန်မလဲ ..."

"အဲ့ဒါဆိုလည်း ရှုတင်အဖွဲ့သားတွေ ကျွေးလိုက်လေ၊ ငါ ဒီမှာ ပြင်ပြီးနေပြီ၊ စားလုဆဲဆဲကြီးကို ...၊ မင်းလည်း ဆာပြီမဟုတ်လား၊ သွားစားတော့ ..."

ကာရန်က မှုန်ကုပ်ကုပ် မျက်နှာထားဖြင့် အနားမှ ထွက်သွားသည်။ မေပျိုဖြူက ပြုံးစိစိဖြင့် ကာရန့်ကို လှမ်းကြည့် ရင်း ...

"ကာရန့်ကြည့်ရတာ အစ်ကို သူနဲ့ ထမင်းအတူမစားလို့ စိတ်ကောက်သွားတဲ့ ပုံပဲ ..."

"အဲ့ဒီကောင်က ဒီလိုပဲ၊ တစ်ခါတစ်ခါ နားလည်ရခက် တယ် ..."

"အစ်ကို ပို့နဲ့ ထမင်းစားမှာကို မကြိုက်ဘူးလား မသိ ..."

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ သူမှာထားတာတွေ မစားလို့





နေပြောသွားတာ နေမှာပေါ့၊ ဟား ... မွှေးလိုက်တာ၊ ထော ပတ်ထမင်းကောင်းကောင်း မစားရတာ ကြာပြီ ... ဆွဲမယ်"

နေလုလင်က ထောပတ်ထမင်းကို အားရပါးရ စား ရင်း ကာရန့်ကို မေ့သွားသည်။

သူ ထမင်းစားပြီး အပြင်ထွက်လာတော့ ကာရန့်ကို မတွေ့။ ရှုတင်မန်နေဂျာက သူ့ဆီလျှောက်လာကာ ...

"ကိုနေ ... ကာရန့်ကို တွေ့မိလား"

"စောစောတုန်းကပဲ ကိုယ်နဲ့ စကားပြောပြီး ထွက်သွားတာ၊ ခုတော့ မတွေ့သေးဘူး"

"သူ့အခန်းရိုက်ရတော့မှာကို ဒီကောင် ဘယ်လျှောက်သွား နေမှန်း မသိပါဘူး၊ ဖုန်းဆက်တော့လည်း မကိုင်ဘူး၊ ရှာလိုက်ဦးမယ် ... ကိုနေ"

"အေး ... ကိုယ်တွေ့ရင်လည်း ပြောလိုက်မယ်"

နေလုလင်က အိမ်ထဲအနှံ့ ရှာကြည့်သော်လည်း ကာရန့်ကို မတွေ့တာမို့ ခြံထဲသို့ ဆင်းလာခဲ့ပါသည်။

ရိုက်ကွင်းက အိမ်အပေါ်ထပ် ဧည့်ခန်းအကျယ်ထဲ မို့ အောက်ထပ်မှာတော့ လူရှင်းနေသည်။ ခြံထဲမှာ ရှုတင်ထမင်း ကျွေးသည့် အဖွဲ့က ပန်းကန်ခွက်ယောက်တွေ သိမ်းဆည်း နေသည်။ ခြံထောင့် ကားပါကင်မှာတော့ ကာရန့်ကား ရပ်ထား တာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလုလင်က ခြံထဲတစ်ဝိုက် လျှောက်ကြည့်ရင်း ကာရန့်ဖုန်းကို ခေါ်ကြည့်လိုက်သည်။ ကာရန်က ဖုန်းမကိုင် ...။

သူ ခြံထဲမှာ ဟိုဟိုဒီဒီ ကြည့်ရင်း ခြံထောင့် ကား ပါကင်ဘက်ကို လျှောက်လာခဲ့သည်။ ကာရန့်ကား ရှိနေတာမို့ အပြင်ကို သွားနေတာမဟုတ်မှန်းတော့ သိလိုက်သည်။ ထိုအချိန် မှာပဲ ကားပေါ်မှာ ထိုင်နေသော ကာရန့်ကို လှမ်းမြင်လိုက်ရပါ သည်။

"ကာရန် ..."

ကာရန်က ကားစတီယာရင်ပေါ် မျက်နှာမှောက်အခ ၍ ငြိမ်နေသည်။ သူ ကာရန့်ကားဘေးသို့ လျှောက်သွားပြီး ကား ထဲကို ငုံ့ကြည့်လိုက်သည်။ ကားက မှန်အပြည့်တင်ထားသည်။ အထဲမှာ အဲကွန်းဖွင့်ထားပုံရပါသည်။

"ကာရန် ... ကာရန် ..."

သူက ကားမှန်ကို လက်ဆစ်ဖြင့် ခေါက်ရင်း လှမ်း ခေါ်ကြည့်လိုက်သည်။

ကာရန်က ခေါင်းထောင်ထလာကာ သူ့ကို လှည့် ကြည့်သည်။ ကာရန့်မျက်နှာက နီရဲနေတာမို့ သူ စိုးရိမ်သွားရပါ သည်။

ကာရန်က နေလုလင်ဘက်က ကားမှန်ကို ချလိုက် သည်။





"ကာရန် ... မင်း ဖျားနေတာလား၊ မျက်နှာရော မျက်လုံး တွေရော နီနေတယ်"

"မဖျားပါဘူး ကိုနေ၊ အရမ်းအိပ်ချင်လာလို့ ကားထဲမှာ အဲကွန်းဖွင့်ပြီး ခဏအိပ်နေတာပါ"

"မင်း အခန်းရိုက်ရတော့မှာမို့လို့ မင်းကို ရှာနေကြတာ၊ မင်း ဖုန်းလည်းမကိုင်ဘူး"

"ကျွန်တော် အိပ်ချင်လို့ ဖုန်းကို ခဏ silent လုပ်ထားတာ ကိုနေ"

"မင်း မဖျားတာ သေချာတယ်နော်"

နေလုလင်က မယုံသင်္ကာဖြင့် ကာရန့် နဖူးကို လက် ဖြင့် လှမ်းစမ်းလိုက်တော့ ကာရန်က ပြုံးသည်။

"ဘာပြုံးတာလဲ မင်းက ..."

"ကိုနေ ဂရုစိုက်တာကို သဘောကျလို့ပါ၊ ကျေးဇူးတင်ပါ တယ် ကိုနေ ..."

"မင်းက အူကြောင်ကြောင်နဲ့ ထင်ရာလုပ်တတ်လွန်းလို့ စိတ်မချတာ ..."

နေလုလင်က ကားထဲကို ငုံ့ကြည့်နေရာမှ ခါးပြန် ဆန့်လိုက်သည်။ ကာရန်က ကားတံခါးဖွင့်၍ အပြင်ထွက်လာပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမေတ္တာ တစ်ဦးမှာလို့ ဆိုရမလားတော့ မသိပါ။ ကာရန်က ကိုယ့်ကို ဂရုစိုက်လွန်း အလေးထားလွန်းတော့လည်း ကိုယ့်ဘက်က သူ့အပေါ် ခင်မင်မှုနှင့် ကရုဏာ ပြန်လည်သက်ရောက်ရပါသည်။ ကာရန်ဟာ ရုပ်ရည် ငွေကြေး အစစအရာရာ ပြည့်စုံပါလျက်နဲ့ ဒီအနုပညာကို ဝါသနာကြီးကြီးနဲ့ အောက်ကျို့ခံ မျက်နှာငယ်ခံပြီး ဒီလောကကို တွယ်ငြိနေရှာသူပင်။

ပြီးတော့ ကာရန်က အနေတည်သည်။ ရုပ်ချော ဥစ္စာပေါပေမယ့် မိန်းကလေးတွေနဲ့ နာမည်ပျက်မရှိ။ မိန်းကလေးတွေအပေါ် ခပ်တည်တည် ခပ်မှန်မှန်သာ ဆက်ဆံတတ်သူပင်။

ဘုန်းကာရန်က နေလုလင်ရှေ့မှာ ရပ်လိုက်သည်။ နေလုလင်က ကာရန့်ကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်လိုက်ရင်း ...

"မင်း အဝတ်အစား လဲရဦးမှာလား"

"လဲပြီးသားပါ ကိုနေ၊ ဒီအဝတ်အစားနဲ့ပဲ ရိုက်ရမှာ"

"မင်း ထမင်းရော စားပြီးပြီလား ..."

"မစားရသေးဘူး ..."

"ဟင် ... ခုန မင်း ထမင်းစားခါနီး ငါ့ကို လာခေါ်တာ မဟုတ်လား"

"ကျွန်တော် စားချင်စိတ် မရှိတော့လို့ မစားတော့တာ ဆာလည်း မဆာပါဘူး"





"မင်း ဝယ်ထားတာတွေကရော ..."

"စက်အဖွဲ့ကို အကုန်ကျွေးပစ်လိုက်ပြီ"

ကာရန်က မျက်နှာမကောင်းပါ။ သူ့မျက်နှာဟာ အရင်လို ကြည်ကြည်လင်လင် မရှိ။ မှုန်မှိုင်းဆွေးမြည့်နေသလို မျိုး။ နှာသီးဖျားတွေလည်း နည်းနည်းရဲနေသည်။

ခုန သူ ထမင်းစား ခေါ်တာကို နေလုလင်က လိုက်လို့ စိတ်ကောက်တာတော့ မဖြစ်နိုင်ပါ။ ယောကျ်ားချင်း ဒီလိုကိစ္စ ပိစိလေးအတွက် စိတ်ကောက်စရာ အကြောင်းမရှိဟုသာ နေလုလင်က ထင်ပါသည်။

"မင်း ... ဘာစိတ်ညစ်စရာရှိလဲ ကာရန် ..."

"မရှိပါဘူး ကိုနေ ..."

"အေး ... စိတ်ညစ်စရာရှိလည်း ခဏခေါက်ထားပြီး သွားသရုပ်ဆောင်လိုက်ဦး၊ ဟိုမှာ မင်းကိုရှာနေကြတာ၊ ကိုယ်က အမိက မင်းသားမဟုတ်လည်း ကိုယ်ပါတဲ့အခန်းမှာတော့ ကိုယ်က အမိကပဲ၊ ပေါ့ပျက်ပျက် မလုပ်နဲ့၊ လာ ... သွားရအောင်"

"ကိုနေ ..."

နေလုလင်က လှည့်ထွက်လာတော့ ကာရန်က လှမ်းခေါ်လိုက်သည်။ သူ ခြေလှမ်းတုန့်သွားပြီး ကာရန့်ကို လှည့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကိုနေ့ကို ပြောစရာရှိလို့"

"အေး ... ပြောလေ ..."

"ကိုနေ မေပျိုဖြူကို သတိထားပါ"

"ဘာလို့တုန်း ..."

နေလုလင်က မျက်ခုံးပင့်ရင်း ပြန်မေးလိုက်မိသည်။

"ကောင်မလေးက နာမည်ပျက်တယ်လေ၊ သူ့ကို ကားနဲ့ လာလာကြိုတဲ့ အန်ကယ်လ်ကြီး တစ်ယောက်ကလည်း သူ့စပွန်ဆာလို့ ပြောနေကြတာပဲ၊ ဟိုတလောက သူ့ကိုတင် ပေးတဲ့ မင်းသားကြီး တစ်ယောက်နဲ့ကလည်း ဇာတ်လမ်း ပဲ၊ ကိုနေ သူနဲ့ အရောမဝင်သင့်ဘူး ..."

"ဟား ... ဟား ... ပုတတ်ရန်ကော ကာရန်၊ မင်းပြောနေ ပုံက ငါကပဲ ရည်းစားမထားဖူးတဲ့ မနူးမနပ် အရိုင်းကလေး မို့လို့ ဟိုက နှပ်ချတာ ခံရတော့မယ့် အတိုင်းပဲ၊ မေပျိုဖြူနဲ့ ငါနဲ့က အရှင်းကြီးပါကွာ၊ ငါက ပရိဂျူဆာလေ၊ ဒီလောက မှာ ဒီလူတွေနဲ့ ပတ်ရှုပ်နေရင် ငါ့အလုပ်ကို ထိခိုက်မှာပေါ့ ငါ့ဘာသာ ဒီလောကအပြင်ဘက်မှာ တွဲစရာတွေ ပုံလို့ပါ ဒီလောက ကျဉ်းကျဉ်းလေးထဲ ပတ်ခွေဖို့ စိတ်မဝင်စားဘူး ဟော့ကောင် ..."

နေလုလင်က ကာရန့် ပခုံးစွန်းကို လက်သီးနှင့်





ခပ်ဖွဖွ လှမ်းထိုးရင်းပြောလိုက်တော့ ကာရန့်မျက်နှာက နည်းနည်း ကြည်လာသည်။

"ကျွန်တော်က စိုးရိမ်လို့ ပြောတာပါ၊ ကျွန်တော် သွားလိုက် ဦးမယ် ကိုနေ ..."

"အိုခေ ... အိုခေ ..."

ကာရန်က ရှုတင်တည်ရာ အိမ်ဘက်သို့ ပေါ့ပါး သွက်လက်စွာ လှမ်းထွက်သွားသည်။

နေလုလင်က ခါးထောက်ရပ်ကြည့် ကျန်နေခဲ့ရင်း ခေါင်းတစ်ချက်ယမ်းကာ ရယ်လိုက်မိပါသည်။

ဘုန်းကာရန်ဟာ တစ်ခါတစ်ခါ တော်တော် ကြောင် ပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၄)

"ဟား ... အပြင်သွားပါမယ်ဆိုမှ လျှော်ပြီးသား အဝတ်အစား အကောင်း တစ်ထည်မှ မရှိပါလား၊ ဒီနေ့ ကောင်မလေးနဲ့ လန်းမယ်ဆိုမှကွာ ..."

နေလုလင်က အဝတ်ဗီရိုတံခါးကို ဖွင့်ကြည့်ရင်း စိတ်ပျက် လက်ပျက် ညည်းညူလိုက်ပါသည်။ ညီအစ်ကိုနှစ်ယောက်တည်း နေသည့် အခန်းမို့ အခန်းက အမြဲရှုပ်ပွကာ စည်းစနစ်မကျပါ။ အိမ်မှာနေတုန်းကတော့ အိမ်အကူ ကောင်မလေးတွေလည်းရှိ၊ မာမီကလည်း ကြီးကြပ်ပေးတာမို့ သူ့အဝတ်အစားတွေမှာ ဗီရိုထဲမှာ အမြဲ သပ်သပ်ရပ်ရပ် စီစီရီရီ။ ဒီမှာတော့ ဝတ်ပြီးသား အဝတ်အစားတွေ တိုးလို့တွဲလောင်းနှင့် အမြဲ ရှုပ်ပွနေတတ်သည်။

မိုးလုလင်ကတော့ သူ့ထက် စည်းကမ်းရှိသည်။





မိုးလုလင်ရဲ့ ဗီရိုက သူ့လောက် မရှုပ်ပွလှ ...။ အိပ်ရာခုတင်ဆိုလည်း မိုးလုလင် ခုတင်က သိပ်မရှုပ်။ သူ့ဘက်ခြမ်းကသာ အမြဲလို ရှုပ်ပွနေတတ်တာပင် ...။

နေလုလင်က နောက်ဘက်သို့ အသာငဲ့ကြည့်လိုက်သည်။ မိုးလုလင်က သူ့ဘက်ကို ကျောခိုင်းကာ ကွန်ပျူတာရှေ့မှာ ထိုင်နေသည်။

နေလုလင်က မိုးလုလင် မသိအောင် မိုးလုလင်ရဲ့ ဗီရိုဘက်ကို ခြေလှမ်းဖွဖွဖြင့် လှမ်းသွားရင်း ဗီရိုတံခါးကို အသာအယာ ဆွဲဖွင့်လိုက်သည်။ ကိုယ့်မှာ လျှော်ပြီးသား အဝတ်အစားကောင်းကောင်း မရှိတော့လည်း ကိုယ့်ညီလေး အဝတ်အစားပဲ ယူဝတ်သွားရုံပေါ့။

နေလုလင်က မောင်မိုး မမြင်ဘူးထင်ကာ မောင်မိုး ဗီရိုထဲက အကျီတစ်ထည်ကို အသာအယာလေး ဆွဲထုတ်ယူနေဆဲမှာ ...

"ကိုကို ... ဒါဘာလုပ်တာလဲ"

"အောင်မလေး ... ဟာကွာ ... မင်းကလည်း လန့်လိုက်တာ၊ ချီးမှပဲ ..."

မောင်မိုးက သူ့နားနား ကပ်အော်လိုက်တာမို့ သူက လန့်ဖျပ်ကာ ပြန်အော်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား … ဟား … သူခိုးကြီးပါဗျို့၊ သူများအင်္ကျီ ခိုးဝတ် မလို့ပါဗျို့ …"

"ဟောကောင် … မင်းပါးစပ်ပိတ်၊ ငါ့မှာ လျှော်ပြီးသား အကောင်းမရှိလို့၊ အခက်အခဲဖြစ်နေတာ၊ အချင်းချင်း ဒီ လောက်တော့ ကူညီ …"

"မကူညီပါဘူး၊ ကိုကို့ ဗလကြီးနဲ့ ကျွန်တော့် အင်္ကျီတွေ ယူဝတ်ရင် ကျယ်ကုန်မှာပေါ့၊ ကျွန်တော့် ခန္ဓာကိုယ်က ပိန်ပိန် … ကိုကိုက ဗလနဲ့၊ အင်္ကျီဆိုဒ်မှ မတူတာကို …"

*"မင်းနဲ့ နည်းနည်း ပွတာ မရှိဘူးလား"*

"တီရှပ်ထဲက နည်းနည်းပွတာတော့ ရှိတယ်၊ ဒါပေမယ့် ရင်ဘတ်မှာ စတဲ့ကော အလန်းကြီးတွေနဲ့နော်၊ ကိုကို့ဒီဇိုင်း နဲ့ ကျွန်တော့် ဒီဇိုင်း မတူတာ သိသားနဲ့ ကိုကိုရာ"

"အေး … သိပါတယ်၊ မင်းက ယခမ်းပေါ်က ဂေါ်လီလို ဝတ်တာ၊ ငါက ဟိုတယ်ပေါ်က ရွှေမင်းသားလို ဖက်ရှင် ကျကျ အဆင့်မြင့်မြင့် …"

"အဲ့ဒါနဲ့များ ဘာလို့ ကျွန်တော့် ဗီရို လာခိုးဖွင့်သေးလဲ"

"တစ်ထည်တလေ အဆင်ပြေတာလေးများ တွေ့မလားလို့ ပါကွာ"

နေလုလင်က ခေါင်းကို ကုပ်ဖွကာ နောက်ပြန်ဆုတ်





လာပြီး လျှော်ရမည့် အဝတ်ဟောင်းထည့်သည့် ပလတ်စတစ်ခြင်း ကို ရှာနေသည်။

"ငါ့ဘာသာ ငါပဲ လျှော်မယ့်အင်္ကျီတစ်ထည်ကို ရေမွှေး ဆွတ်ပြီး ပြန်ဝတ်သွားတော့မယ်၊ ခဏပဲ ဝတ်ပြီး ခြင်းထဲ ပစ်ထည့်ထားတဲ့ အင်္ကျီတစ်ထည် ရှိပါတယ်၊ ဒီနားက အဝတ်ခြင်း ဘယ်ရောက်သွားပြီလဲ …"

"အဝတ်ခြင်းက ဒီထောင့်မှာ ရှိတယ်၊ အဝတ်ကတော့ မရှိတော့ဘူး"

"ဟင် … ဘယ်ရောက်သွားလို့လဲ၊ မင်း ယူလျှော်ထားလား"

"အဲဒီလောက် စိတ်ကူးမယဉ်ပါနဲ့ ကိုကိုရာ၊ ဟိုတစ်နေ့က ကာရန် လာတော့ ပင်မင်း ပေးပေးမယ်ဆိုပြီး ယူသွားတာ၊ သူနေတဲ့ ကွန်ဒိုခန်းရဲ့အောက်ထပ်မှာ ပင်မင်းဆိုင် ရှိတယ် တဲ့၊ အမြန်ကြေးနဲ့လျှော်ခိုင်းပြီး ပြန်ယူလာမယ်တဲ့၊ ဒီလောက် ဂရုစိုက်တဲ့သူကို ကိုကို မင်းသားတင်ပေးဖို့တော့ ကောင်း နေပြီနော်"

"ဒေါက် … ဒေါက် …"

"ကိုနေ … ကိုမိုး … ကျွန်တော် ကာရန်ပါ"

အခန်းတံခါး ခေါက်သံနှင့် တစ်ဆက်တည်း ပေါ် လာသည့် ကာရန့်အသံကြောင့် နေလုလင်တို့ နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးလိုက်မိရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ပြောရင်း ဆိုရင်း ..."

"အသက်ရှည်ဦးမယ်"

"ကျွန်တော် ဝင်ခဲ့မယ်နော်"

"ဝင်ခဲ့ ကာရန် ..."

မောင်မိုးက အခန်းတံခါး ဖွင့်ပေးလိုက်တော့ ကာရန်က အိတ်ကြီးတစ်အိတ်ကို ဆွဲကာ အခန်းထဲသို့ ဝင်လာပါသည်။

ဒီနေ့ ရုံးခန်းဖွင့်ရက်မို့ အောက်ထပ်မှာ ဝန်ထမ်းတချို့ ရှိနေပါသည်။ ကာရန်က နေလုလင်တို့ အပေါ်ထပ်ကို ဝင်ထွက်နေကျမို့ သူတို့ဝန်ထမ်းတွေက ကာရန် လာလျှင် အပေါ်ထပ်ကို သွားဖို့ ခွင့်ပြုမြဲပင်။

"မင်း ... ဘာကိစ္စလဲ ကာရန်"

နေလုလင်က ကာရန့်ကို လှမ်းမေးလိုက်သည်။ သူက ရေချိုးပြီးစ ဂျင်းပဲန်တစ်ထည်ကို ခါးပတ်ပတ်၍ ဝတ်ထားပေမယ့် ဝတ်စရာ အင်္ကျီမရသေးတာမို့ အပေါ်ပိုင်းက ဗလာ။

ကာရန်က သူ့ကို တစ်ချက်စိုက်ကြည့်ကာ မျက်နှာလွှဲလိုက်ရင်း ...

"ဒီ ... ဒီမှာလေ ... ကိုနေ့ အဝတ်အစားတွေ ပင်းမင်းက ရွေးလာခဲ့တာ ..."

"ဟား ... အတော်ပဲကွာ၊ ကျေးဇူးကြီးလှပါတယ် မောင်





ဘုန်းကာရန်ရယ်၊ ရေငတ်တုန်း ရေတွင်းထဲ ကျသလိုပါပဲ၊ ငါ့မှာကွာ အပြင်သွားခါနီးမှ ဝတ်စရာကောင်းကောင်းမရှိလို့ စိတ်ညစ်နေတာ"

နေလုလင်က ကာရန် မြှောက်ပြသည့် အဝတ်ထုပ်ကြီးကို လှမ်းဆွဲယူလိုက်တော့ ကာရန်က ပြန်ဆွဲယူထားရင်း ...

"နေဦး ... ကိုနေ၊ ကိုနေ ယူရင် ပွကုန်လိမ့်မယ်၊ ကျွန်တော် ကိုနေ့ ဗီရိုထဲ အရင်ထည့်ပေးမယ်"

ကာရန်က ပလတ်စတစ်အိတ်ကြီးထဲက အင်္ကျီတွေကို နည်းနည်းချင်းစီ ထုတ်ယူပြီး ဗီရိုထဲသို့ စနစ်တကျ ထည့်ပေးနေပါသည်။

နေလုလင်က ခုတင်ပေါ်မှာ ထိုင်စောင့်နေရင်းက ကာရန့်ဆီက မွှေးရနံ့ကို သတိပြုမိသွားသည်။ ကာရန်က အုတ်ခဲကျိုးရောင် ဘောင်းဘီကျပ်ကျပ်ကို ခါးပတ်ဖြူဖြူပတ်၍ ဝတ်ထားသည်။ တီရှပ်က အမည်းရောင်။ ကာရန့်ခန္ဓာကိုယ်က ဘော်ဒီထားထားသော နေလုလင်လို အချိုးအဆစ် အဖုအထစ် မရှိပေမယ့် ပြေပြေပြစ်ပြစ် ကျစ်ကျစ်လျစ်လျစ်နှင့် ကြည့်ကောင်းသည်။ ကာရန့်ဆံပင်အရောင်က အညို၊ ဆံပင်သားက ပျော့စင်းစင်း ...။ ဘေးခွဲ ခွဲထားသော ဆံပင် ရှေ့စအရှည်လေးတွေက မျက်နှာတစ်ပြင်မှာ စင်းဖြာဝေ့ဝဲနေသည်။ ကာရန့်ပုံစံက ခုမှ ရေချိုးပြီးထွေး



www.burmeseclassic.com

www.burmeseclassic.com



လာသလိုမျိုး လတ်ဆတ်နေသည်။ ကာရန့်ဆီက ရသော အနံ့ဟာ ရှန်ပူနံ့လား မသိ။

"ကာရန် မင်း ခေါင်းလျှော်လာတာလား"

"ဟုတ်တယ် ကိုနေ ...၊ ဆိုင်မှာ ဝင်လျှော်လာခဲ့တာ"

"မင်း ဆံပင်ရောင် ပြောင်းမဆိုးဘူးလား၊ ဒီအညိုရောင်က ကြာနေပြီနော်"

"ကျွန်တော့် ဆံပင်က အော်ရီဂျင်နယ် အညိုလေ ကိုနေ၊ ဆိုးထားတာ မဟုတ်ပါဘူး၊ မှတ်ပုံတင်ထဲမှာလည်း ဆံပင်ရောင်က အညိုပဲ"

"ဩော် ... ဟုတ်လား၊ ငါက မင်း ဆိုးထားတာ မှတ်နေတာ"

"ကိုနေ ... ဘာရောင် ဝတ်မှာလဲ"

"ရှပ်အင်္ကျီ အပြာဖျော့၊ အပေါ်က ဝေ့စ်ကုတ်အနက်လေး ထပ်ဝတ်မယ်၊ မင်း အခု ကိုင်ထားတဲ့ အနက်ရယ်၊ သူ့အောက်က ဖစ်တင်ရှပ်အပြာရယ်"

ကာရန်က နေလုလင် လက်ညှိုးထိုးပြသည့် အင်္ကျီနှစ်ထည်ကို ဆွဲထုတ်ယူပြီး ဗီရိုတံခါးကို ပြန်ပိတ်လိုက်သည်။

နေလုလင်က အပြာရောင် ဖစ်တင်ရှပ်ကို ဆွဲယူဝတ်လိုက်တော့ ကာရန်က ဝေ့စ်ကုတ်အနက်လေးကို ပြောင်းပြန်လှန်ကြည့်ရင်း ...





"ကိုနေ ... ကိုနေတို့ ညီအစ်ကို ဟိုတလောက ပြောနေတာ ကျွန်တော် ကြားလိုက်တယ်၊ ကိုနေတို့ မာမီက ကိုနေ့ကို အနက်ဝတ်ရင် ချည်အဖြူထိုးပြီး ဝတ်ခိုင်းတယ်ဆို၊ ဒီအင်္ကျီမှာ ထိုးထားတာ မတွေ့ဘူး"

"အေး ... အဲဒီအင်္ကျီက ကြိုက်လွန်းလို့ မာမီမသိအောင် ခိုးဝယ်ထားတဲ့ အင်္ကျီ၊ ချည်အဖြူတော့ မထိုးခိုင်းရသေးဘူး၊ မာမီက အနက်ရောင် အသစ်ထပ်ဝယ်မှန်း သိရင် ဆူမှာစိုးလို့ ..."

"ကျွန်တော် ထိုးပေးမယ်"

"မင်းက ထိုးတတ်လို့လား"

"ထိုးတတ်ပါတယ်၊ လွယ်ပါတယ်၊ အပ်ချည်ဖြူနဲ့ အပ်ရှိလား"

"ဟိုကောင် မောင်မိုးမှာတော့ တိုလီထွာလီ အစုံရှိတတ်တယ်၊ ညီညီ ... မင်းမှာ ရှိလား"

"ဟိုမှာ ဟိုထောင့်က ပလတ်စတစ်ဘူး အဖြူထဲမှာ ရှိမယ်ထင်တယ်၊ မာမီ ထည့်ပေးလိုက်တုန်းကတော့ အစုံပါတယ်"

"မင်း ရှာပေးလေကွာ"

"ဒီမှာ မအားဘူးလေ ကိုကိုရာ၊ ကွန်ပျူတာကိုင်နေတာ မမြင်ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောကွာ ..."

"ကျွန်တော် ရှာလိုက်ပါ့မယ် ကိုနေ"

နေလုလင်က ကိုယ့်ဘက်ကို ကျောခိုင်းထိုင်ကာ ကွန်ပျူတာဆီမှာ အာရုံစိုက်နေသော မောင်မိုးကို နောက်ကနေ ဆောင့်ကန်သလို ခြေထောက်ဖြင့် ရွယ်လိုက်သည်။

"ကိုကို ... ဂြိုဟ်လာမကြွနဲ့"

"ဘာ ကြွလို့လဲ ..."

"ကျွန်တော့်ကို ခြေထောက်နဲ့ ရွယ်တာ ကျွန်တော် မြင်တယ်"

"မင်းနောက်စေ့က မြင်ရတယ်လား ..."

"ကွန်ပျူတာမှာ အရိပ်လာထင်တယ်လေ ..."

"ဟဲ ... ဟဲ ... ဟုတ်လား"

ကာရန်က နေလုလင်ရဲ့ အင်္ကျီမှာ အပ်ချည်ဖြုတ်ထိုးပေးရင်း သူတို့ညီအစ်ကို ပြောဆို ကျီစယ်နေကြတာကို နားထောင်ရင်း ပြုံးလိုက်သည်။

ကာရန် ချည်အဖြုတ်ထိုးပုံက ကျွမ်းကျွမ်းကျင်ကျင် ရှိလှပါသည်။

ချည်ဖြုတ်ထိုးပြီးတော့ ကာရန်က အင်္ကျီကို နေလုလင် ထံ ကမ်းပေးလိုက်ရင်း ...





"နေ့ခင်းဘက်ကြီး ရှိုးစမိုးနဲ့ ဘယ်သွားမလို့လဲ ကိုနေ ..."

"ကောင်မလေးနဲ့ ချက်ထရီယမ် ဟိုတယ်မှာ နေ့လယ်စာ စားမလို့ ချိန်းထားတယ်ကွ"

"ဒီလိုမှန်းသိ အင်္ကျီတွေ ယူလာမပေးပါဘူး"

"ဟမ် ... ဘာလို့တုန်း ..."

နေလုလင်က ကာရန့်စကားကြောင့် အံ့သြသွားကာ ပြန်မေးလိုက်မိသည်။ ကာရန်ပြောလိုက်တဲ့ လေသံက နည်းနည်း ဆတ်ဆတ် နိုင်နေတာမို့ပင်။

"အဟား ... နောက်တာပါ ကိုနေရ"

ကာရန်က ချက်ချင်း ရယ်ချလိုက်ပြီး ပြန်ပြောလိုက်ပါသည်။

ဘုန်းကာရန်က တစ်ခါတစ်ခါ အဲဒီလို အတည်ပေါက်နဲ့ နောက်တတ်တဲ့ သူမျိုးလည်း ဖြစ်ပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၅)

နေလုလင်က Chatrium ဟိုတယ်ဝန်းထဲသို့ ကား
ချိုးကွေ့လိုက်ပါသည်။

ကားပါကင်မှာ ကားရပ်ခဲ့ပြီး သူက ဟိုတယ်ထဲ
မဝင်တော့ဘဲ ရေကူးကန်ဘက်သို့ ကွေ့လျှောက်လာခဲ့ပါသည်
သူ ဒီဟိုတယ်မှာ လာစားတိုင်း ရေကူးကန်ဘက် တံခါးမှတင်
စားသောက်ခန်းမထဲသို့ သွားလေ့ရှိပါသည်။

သူက စားသောက်ခန်းမထဲသို့ ဝင်လာတော့
နှင့်နေသော ဆုပြည့်က သူ့ကို လက်မြှောက်ပြရင်း ကြိုဆို
သည်။

ဆုပြည့်ဆိုတာ ကိုယ်နဲ့ ရည်းစားလည်းမကျ
ငယ်ချင်းလည်း မကသည့် ဆက်ဆံရေးမျိုးရှိသူဟု ဆိုရမည်





သည်။ ခင်မင်ခဲ့တာ ကြာခဲ့ပြီမို့ သံယောဇဉ်ကတော့ ရှိသည်။ သူငယ်ချင်းအစစ်ကြီးလို လုံးဝ အဖြူသက်သက်ကြီး မဟုတ်တာတော့ သေချာသည်။ သို့သော် ရင်ခုန်တွယ်ငြိနေသလားဆိုတော့လည်း မဟုတ်။ တွေ့တုန်းမှာ စိတ်လက်ပေါ့ပါးကာ ပျော်ရွှင်ရမယ့် ဝေးသွားတော့လည်း ဘယ်လိုမှ မနေပြန် ...။

ဆုပြည့်ဘက်ကလည်း သူ့လိုပဲ ရှိမည်ထင်ပါသည်။ နဲ့တွေ့တိုင်း ပေါ့ပေါ့ပါးပါး ရင်းရင်းနှီးနှီး ဆက်ဆံတတ်ပေယ့် မတွေ့ရတဲ့အခါ တွေ့ချင်လှပါချည်ရဲ့လို့ တဂျီဂျီလုပ်တာလည်း မရှိ၊ သူရော ကိုယ်ရော အားလပ်တဲ့အချိန်တွေမှာဆိုတွေ့ဆုံ စားသောက်ရင်း စကားပြောရုံပင် ...။ ဘာပဲပြော ဆန့်ကျင်ဘက် အလှပဂေးလေးနဲ့ တွေ့ရတော့လည်း အာရုံကောင်းတွေ ပြေသွားတာပေါ့။

နေလုလင်မှာက အာရုံ အညောင်းပြေကလေးတွေ တော်များများ ရှိပါသည်။ တချို့လည်း ဘာညာသာရကာ ဆက်ဆံရေးမျိုးတွေ ရှိသည်ပေါ့။ သို့သော် သူ့အာရုံက ကိုမှ အတည်တကျ မရောက်ရှိ မတည်မြဲသေးတာကို သူ့တော့ သိနေပါသည်။

"ဟဲလို ... ဘော်ဘော်"

"ဟိုင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ပေါ့ပါးလန်းဆန်းစွာ နှုတ်ဆက်ပြီး သကာလ သူက ဆုပြည့်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ရင်း ...

"ဆု ... နင် ပိုလှလာတယ်"

"ဟ ... ဟ ... ဟုတ်လား၊ နင်လည်း ပိုလန်းလာပါတယ်"

"ဆောရီး ... ငါ နည်းနည်း နောက်ကျသွားတယ်"

"နင် နောက်ကျနေတာကို ငါက အစောကြီး လာထိုင်မျှော်စောင့်နေတာ မဟုတ်ပါဘူးနော်၊ ငါ့ဘာသာ ဗိုက်ဆာလို့ စောစောလာပြီး ပူတင်း မှာစားနှင့်နေတာ၊ ဒီက မန်းကိုး ပူတင်း အရမ်းကောင်း ..."

ဆုပြည့်က သရက်သီးပူတင်း တစ်ဇွန်း ခက်စားရင်း ပြောသည်။

သူက မီနူးစာအုပ်ကို လှမ်းယူလိုက်ရင်း ...

"ဘူဖေးစားရင် ကောင်းမလား၊ ကြိုက်တာပဲ ရွေးမှာရင် ကောင်းမလား ..."

"ငါတော့ ငါကြိုက်တာပဲ ရွေးမှာမယ်"

"အေး ... ငါလည်း အဲဒီလိုပဲ မှာမယ်၊ ဒီနေ့ နင် ကျွေးမယ် မဟုတ်လား ..."

"ပရိဂ္ဂျူဆာကြီးကလည်း ကပ်စေးနဲ့လိုက်တာ ..."

"ဟိုတစ်ခါ တွေ့တုန်းက ငါကျွေးတာလေ၊ ဒီတစ်ခါ နင် ကျွေးပေါ့ ..."





"ဒါမျိုးကျ မှတ်ဉာဏ်တော်တော်ကောင်းတယ် ..."

"အင်း ... ဘာစားရရင် ကောင်းမလဲ"

သူက မီးနူးစာအုပ်ကို လှန်လျှောဖတ်နေလိုက်ပါသည်။

"နေ ..."

"အင်ဟင် ..."

"နင့်ကို တစ်ယောက်ယောက် လိုက်ချောင်းနေသလိုပဲ ..."

"ဟမ် ..."

နေလုလင်က မီနူးစာအုပ်မှ အကြည့်ခွာလျက် ခေါင်း ...ကြည့်မိသည်။

"ဘာဖြစ်လို့လဲ ..."

"ခုန ... နင် ဒီကိုလျှောက်လာတုန်းက ရေကူးကန်ဘက်မှာ လူတစ်ယောက်က နင့်ကို သေသေချာချာ လိုက်ကြည့်နေတယ်၊ နင် ဒီထဲကို ဝင်လာတော့ သူပျောက်သွားတယ်၊ အခု နင့်နောက်နားကနေ နင့်ကို လာကြည့်နေပြန်ပြီ ..."

"ဟုတ်လား ..."

နေလုလင်က နောက်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်...တော့ လှစ်ခနဲ ကွယ်သွားသော လူရိပ်တစ်ခုကို မြင်လိုက်...သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီ လူရိုပ်ဟာ ...

သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ တစ်စွန်းတစ်စ မြင်လိုက်ရတဲ့ မည်းမည်း အရိပ်။ တိရုပ်အမည်း။ ကာရန်များလား မဖြစ်နိုင် ...။

ကာရန် ချည်ဖြူထိုးပေးတဲ့ အင်္ကျီကိုဝတ်ပြီး ကာရန့် အရင် သူထွက်လာခဲ့တာ ...။ ကာရန်က သူ့နောက်ကနေ ကား ခပ်မြန်မြန် မောင်းပြီး လိုက်လာရင်တော့ ရောက်နေနိုင်တာပေ။ သူက လမ်းမှာ ကားဆီဝင်ထည့်နေသေးတာလေ။ သို့သော် ကာရန် ဒီလို လိုက်ချောင်းနေစရာ ဘာအကြောင်းမှ မရှိပါ။

"သူ့ပုံစံက ခပ်ချော့ချော့ပဲဟ၊ ငါ မြင်တောင် မြင်ဖူးသလို လိုပဲ"

ဆုပြည့်က ရုပ်ရှင်သိပ်မကြည့်၊ သိပ်မထင်ရှားသည့် အနုပညာရှင်တွေကိုလည်း မသိ ...။ အမေရိကားနှင့် ဒီကို သူ ချည်ပြန်လှည့် နေသူပင် ...။ ဘုန်းကာရန်ဟာလည်း လျှမ်းလျှ တောက် ကျော်ကြားသူ မဟုတ်၊ သာမန် အလုပ်မဖြစ်တဲ့ မော်ဒယ်လ်မျိုးမို့ ဆုပြည့် သေချာမသိတာလည်း ဖြစ်နိုင်သည်။

"ငါ့ကို လာချောင်းတာ ဟုတ်ချင်မှ ဟုတ်မှာပါ၊ နှင် လာကြည့်တာလည်း ဖြစ်နိုင်တာပဲ"

"နိုး ...၊ ငါနဲ့ ပတ်သက်တဲ့သူ မဟုတ်ဘူး၊ နင် ...





ကန်ဘက်ကနေ တစ်ယောက်တည်း လျှောက်လာကတည်း က သူ နင့်ကိုကြည့်နေတာလေ၊ နင်နဲ့ပဲ ပတ်သက်နေမှာ၊ ဟော ... ဟိုမှာ ... လာကြည့်ပြန်ပြီ"

သူ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ လူရိပ်က လှစ်ခနဲ ပျောက်သွားသည်။ သို့သော် အုတ်ခဲကျိုးရောင် ဘောင်းဘီ ကို သူ သေချာမြင်လိုက်သည်။ ကာရန်ပဲ ... ဒါ ... ကာရန်ပဲဟု သေချာသွားသည်။

"ဆု ... ခဏနော်၊ ငါ သွားကြည့်လိုက်ဦးမယ်"

နေလုလင်က ထိုင်ရာမှ ထကာ အခန်းပြင်ဘက်သို့ ထွက်လိုက်တော့ ဟိုတယ်စင်္ကြံလမ်းဘက်သို့ ရောက်လာသည်။ စင်္ကြံလမ်းကြားမှာ ဘယ်သူ့မှ မတွေ့ ...။

သူက ခဏရပ်စောင့်နေလိုက်သည်။

"ဟော ..."

တစ်ဖက် အခန်းထောင့်ကွယ်သို့ လှစ်ခနဲ ကူးသွား သော အရိပ်။

သူ သေချာ မြင်လိုက်သည်။

သေချာတယ် ... ဒါ ... ဘုန်းကာရန်ပဲ။

နေလုလင်က ထိုအခန်းထောင့်ကွယ်ဆီသို့ လျှောက် သွားလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကာရန် ..."

"ဟင် ... ဩော် ... ကိုနေပါလား ..."

သူ့ကို ဘွားခနဲ အတွေ့မှာ လန့်ဖျပ်သွားသော ကာရန့် မျက်နှာကလေးက ဖျော့တော့တော့ ...။

"မင်း ... ဒီကို ဘာလာလုပ်တာလဲ"

"ဟို ... ယိုးဒယားက ကျွန်တော့် မိတ်ဆွေတစ်ယောက် လာတာ ဒီမှာတည်းနေတယ်လေ၊ သူ့ကိုလာတွေ့တာ ..."

"မင်း ... ခုန ငါ့ကိုမြင်လိုက်တယ် မဟုတ်လား"

"ဩော် ... အင်း ... ကျွန်တော့် ညွှဲ့သည်က သူ့အခန်းထဲမှာ ရေချိုးနေတုန်းမို့လို့ သူ့ကိုစောင့်ရင်း တစ်ခုခု မှာစားမလို့ စားသောက်ဆိုင်ဘက်ကို လာတာ၊ ကိုနေတို့ အတွဲကို တွေ့တာနဲ့ အားနာလို့ ပြန်ထွက်လာတာ ..."

နေလုလင်က ရယ်မောကာ ကာရန့် ပခုံးကို လှမ်းဖက်လိုက်ရင်း ...

"ဘာ အားနာစရာ ရှိလို့ကွ၊ မင်းက တော်တော် ကြောင်တဲ့အကောင်၊ မင်းဘာသာ လာဝင်စားလိုက်ပေါ့၊ ငါ ဒီကို လာမယ်လို့ မင်းကိုပြောခဲ့သားပဲ"

"ဟို ... ကိုနေ ထွက်သွားပြီးတော့မှ ကျွန်တော့် မိတ်ဆွေက သူ ဒီမှာရောက်နေလို့ လာတွေ့ဖို့ ပြောလို့ ချက်ချင်း ထွက်လာခဲ့တာ ..."





"လာလေ ... သွားရအောင်၊ မင်း ဗိုက်ဆာနေတယ် မဟုတ်လား"

"မစားတော့ပါဘူး ကိုနေ၊ ကျွန်တော့် ညွှဲ့သည်က ခုပဲ ဆင်းလာတော့မှာ၊ သူလာတော့မှ အပြင်တစ်နေရာ သွားလိုက်တော့မယ်၊ သူက ဒီမှာစားရတာ သိပ်မကြိုက်တတ်လို့ ..."

"အိုခေ ... ဒါဆိုလည်း သွားလေ၊ ငါတော့ သွားစားလိုက်ဦးမယ်"

"ကိုနေ ..."

"အင်း ... ပြော ..."

"အဲ့ ... အဲ့ဒါ ကိုနေ့ ရည်းစားလား"

"ရည်းစား အပီအပြင်ကြီးတော့ မဟုတ်ပါဘူးကွာ၊ ဘာညာသာရကာလေးပေါ့"

"တော်ပါသေးရဲ့ ..."

"ဟမ် ... ဘာကိုလဲ ကာရန်ရ ..."

"ဩော် ... သူက သိပ်မချောလို့လေ၊ ကိုနေနဲ့ သိပ်မလိုက်ဖက်ဘူးထင်လို့ပါ ..."

"ဒါဆို သူ့ထက်ချောတဲ့ မေပျိုဖြူကရော ငါနဲ့ မလိုက်ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါဘူး၊ သူက ချောပေမယ့် နာမည်က ခပ်ပျက် ပျက်ရယ်၊ ကိုနေ ယောင်လို့တောင် စိတ်မကူးမိစေနဲ့ ..."

"ဟား ... ဟား ... အေးပါကွာ ... အေးပါကွာ၊ ကဲ ... သွား သွား၊ ငါလည်း ဝါးတီးသွားဆွဲလိုက်ဦးမယ်"

နေလုလင်က ကာရန့် ပခုံးကို ပုတ်၍ ရယ်မောလိုက် ပြီး ကာရန်ရှေ့မှ လှည့်ထွက်လာခဲ့ပါသည်။

တစ်ခါတစ်ခါ သူနဲ့ ပတ်သက်ပြီး ကာရန် စိတ်ပူ တတ်တာတွေက စိတ်ရှုပ်စရာတော့ ကောင်းသည်။ သို့သော် ကိုယ့်ကို အစ်ကိုလို သဘောထားလို့သာ ဒီလို ဂရုစိုက် ပူပန်ပေး တာပဲလေဟု တွေးကာ ခွင့်လွှတ်ပေးရသည်။

ကိုယ့်ညီ မိုးလုလင်တောင် ကာရန့်လောက် ကိုယ့် ကို ဂရုစိုက်နိုင်တာ မဟုတ်ဘူးလေ ...။

● ● ●



(၆)

"ဟင်း ... မောင်မိုးတို့ကတော့ကွာ၊ ငါ့လက်တစ်ချောင်း မကောင်းတဲ့နေ့ကျမှပဲ ကဏန်း ဝယ်လာရတယ်လို့ ..."

နေလုလင်က ကိုယ့်ရှေ့က ကဏန်းအကောင်ကြီး နှစ်ကောင် ထည့်ထားသည့် ပန်းကန်ပြားကို ငုံ့ကြည့်ရင်း မချင့် မရဲ ရေရွတ်လိုက်သည်။

ဒီနေ့ သင်္ကန်းကျွန်းက ရွှတင်အိမ်မှာ နေလုလင်တို့ ညီအစ်ကိုနှစ်ယောက်လုံး ရှိနေကြတာပင် ...။

နေလုလင်က မနက်ကတည်းက ရောက်နေတာဖြစ် ပြီး မိုးလုလင်ကတော့ နေ့လယ်ကျမှ သူတို့ညီအစ်ကိုနှစ်ယောက် လုံး ကြိုက်သည့် ကဏန်းတွေ ဝယ်ကာ ရွှတင်အိမ်ကို ရောက်ချ လာခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ လက်မကောင်းတာနဲ့ ကဏန်းနဲ့ ဘာဆိုင်လို့လဲ ..."

"ငါက ကဏန်းစားရင် လက်နဲ့ သေချာကိုင်ပြီး ဖဲ့ရှဲ့စားရမှ အားရတာလေ၊ ဒီလက်ခလယ်တစ်ချောင်းက ထိလိုက်တိုင်း နာနေတော့ ကိုင်ရ တွယ်ရ ခက်တာပေါ့"

"ကိုကို့ လက်ခလယ်က ဘာဖြစ်လို့လဲ ..."

"တယ် ... ငါ ထိုးလိုက်ရ၊ ဒါ မင်းလက်ချက်လေ ... မွေ့ပြီလား၊ မနေ့က မင်း ကားတံခါး အရမ်း အရမ်းပိတ်လိုက်လို့ ငါ့လက်ညပ်သွားတာ၊ အဲ့ဒါကြောင့် မင်းနဲ့ ငါ ကားတစ်စီးတည်း မစီးချင်တာ၊ လုပ်လိုက်မှဖြင့် အရမ်းချည်းပဲ"

"ဟဲဟဲ ... ကိုကိုကလည်းဗျ၊ မတော်တဆပဲဟာ၊ လက်ခလယ် မကောင်းလည်း လက်ခလယ်လေး အသာမြှောက်ပြီး ကျန်တဲ့ လက်ချောင်းလေးတွေနဲ့ ကိုင်စားပေါ့၊. ဒါ မြရိပ်ညိုဝန်းထဲက ဆိုင်မှာ ဝင်ဝယ်လာတာ၊ ကိုကို ကြိုက်တယ်မဟုတ်လား၊ ကိုကို ကြိုက်မှန်းသိလို့ ဝယ်လာတာ"

"မင်းလား ... ငါ့ကို အဲ့ဒီလောက် ဂရုစိုက်မှာ၊ မင်းဘာသာ စားချင်လို့ ဝင်ဝယ်ရင်း မကောင်းတတ်လို့ ငါ့ဖို့ပိုဝယ်လာတာများ၊ မသိရင်ခက်ဦးမယ်၊ နေဦး ... ငါ ညာဘက်လက်





သည်းတွေက တော်တော်ရှည်နေပြီး လက်သည်း အရင်ညှပ်လိုက်ဦးမယ်၊ ပြီးမှ စားမယ်"

"ကျွန်တော်တော့ ဆွဲပြီ"

မိုးလုလင်က သူ့ဖို့ထည့်ထားသည့် ပန်းကန်ကိုယူကာ ခြံထောင့်လေးမှာ ချထားသည့် စားပွဲဘက်သို့ ထွက်သွားသည်။

နေလုလင်ကတော့ မစားနိုင်သေး ...။ ကိုယ့် အိတ်ထဲမှာ သော့တွဲနှင့်အတူ ချိတ်ထားသည့် လက်သည်းညှပ်အသေးလေးကို ဖြုတ်ယူကာ လက်သည်း အရင်ညှပ်ရသည်။

သူက ရေကူးကန်ဘေးမှာ ချထားသည့် စားပွဲမှာ တစ်ယောက်တည်း ထိုင်ကျန်ရစ်တာပင်။ ဒီနေ့ ရှုတင်မှာ ကာရန့် အခန်း ရိုက်ဖို့မပါ။ မေပျို့ဖြူ့အခန်း တော်တော်များများပါသည်ဟု တော့ သူက သိထားသည်။

ရိုက်ကွင်းက အပေါ်ထပ် အိပ်ခန်းထဲမှာ ဆိုပေမယ့် အောက်ထပ်မှာရော ... ရေကူးကန်ဘေးက ခုံတချို့မှာပါ ဒါရိုက်တာရဲ့ တပည့်တပန်း တချို့၊ မင်းသမီး မင်းသား၏ အဖော်အပေါင်း တချို့ ရှိနေကြသည်။ မင်းသမီးရဲ့ မိတ်ကပ် မာမီတစ်ယောက်လည်း လတ်လျားလတ်လျား လမ်းလျှောက်နေတာ မြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလုလင်က လက်သည်းကို သေချာဂရုစိုက်ညှပ်ရင်း ညှပ်ရတာ ကသိကအောက် ဖြစ်လာသည်။ ကားတံခါး ညပ်ထားတာက ညာလက်မို့ ညာလက်ဖြင့် လက်သည်းညှပ်ကိုင်ကာ ဘယ်လက်ကို ညှပ်ရတာ အဆင်မပြေ ဖြစ်နေဆဲမှာ ...

လက်တစ်ဖက်က နေလုလင်၏ လက်ထဲက လက်သည်းညှပ်ကို အသာအယာ ဆွဲယူသွားသည်။

"ကာရန် ..."

သူ မော့ကြည့်တော့ ကာရန်။ ကာရန်က သူ့ကို ပြုံးပြသည်။ ပြီးတော့ သူ့လက်တစ်ဖက်ကို အသာဆွဲယူလိုက်ရင်း

"ကိုနေ့ လက်ခလယ်က ဒဏ်ရာကြီးနဲ့ ညှပ်ရတာ အဆင်မပြေဘူးလေ၊ ကျွန်တော် ညှပ်ပေးမယ်"

ကာရန်က သူ့လက်သည်းတွေကို သေသပ်ညီညာစွာ ညှပ်ပေးလိုက်သည်။

ဒီအရွယ်ရောက်မှ တစ်ယောက်ယောက်က ကိုယ့်ကို လက်သည်းညှပ်ပေးတာ မခံဖူးတာမို့ သူ နည်းနည်း ကသိကအောက်လိုလို ဖြစ်သွားသည်။ ယောကျ်ားတစ်ယောက်က ယောကျ်ားတစ်ယောက်ကို လက်သည်းညှပ်ပေးတာ ဘယ်လိုကြီး မှန်းတော့ မသိ၊ စိတ်ထဲ တစ်မျိုး မနေတတ် မထိုင်တတ်လိုလို အားနာသလိုလို ဖြစ်သွားသော်လည်း ကာရန်က သေချာညှပ်ပေး နေတာမို့ မရှန်းဖြစ်တော့ဘဲ ...





"ကာရန် ... ဒီနေ့ မင်းရိုက်ရမယ့်အခန်း မရှိဘဲနဲ့ ဘာလာလုပ်တာလဲ ..."

"ကိုနေ့ဆီ လာတာလေ ..."

"ငါ့ဆီ ..."

"ဟုတ်တယ်၊ ထမင်းစားချိန်လောက် မှန်းလာတာ၊ ကိုနေ ထောပတ်ထမင်းကြိုက်မှန်း သိလို့ ထောပတ်ထမင်း ဝယ်လာကျွေးတာ ..."

"အဲဒီလောက်ကြီး မလိုပါဘူးကွ မင်းကလည်း၊ ဟိုတလောက ကြုံလို့သာ ဝင်စားတာ၊ ထောပတ်ထမင်းဆိုတာ ကြိုက်ပေမယ့် ခဏခဏ ဝယ်စားချင်တဲ့ဟာမျိုးမှ မဟုတ်တာ၊ ခဏခဏစားရင် အီတယ်ကွ"

"ဒီထောပတ်ထမင်းက သိပ်မအီပါဘူး၊ ထောပတ်နည်းနည်း လျှော့ချက်ထားတယ် ပြောတာပဲ"

"ငါ ဒီမှာ ကဏန်းလည်း စားမလို့ ..."

"ဒီကဏန်းက မေပို့ဖြူ ယူလာကျွေးတာလား"

"မောင်မိုး ဝယ်လာတာပါကွ၊ ဒီကောင်မလေးက နေ့တိုင်း ငါကြိုက်တာ ယူလာကျွေးရအောင် ငါ့ရည်းစားမို့လို့လား"

"ကိုနေက သူ့ကို ရည်းစားလုပ်ချင်နေတာလား ..."

"မင်း ... ဟောကောင် ... မေပို့ဖြူကို အဲ့ဒီလောက်ကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတွေ မြင်မနေပါနဲ့ကွာ၊ ကောင်မလေးက မဆိုးပါဘူး၊ စိတ်ရင်းလေး ကောင်းပုံရပါတယ်၊ လူကြီးသူမကိုလည်း ရိုကျိုးတယ်၊ သူ့အလုပ်ကိုလည်း ကြိုးကြိုးစားစား လုပ်နေတာပဲ၊ ငါနဲ့လည်း အရင်းကြီးပါ"

"ရှပ်လို့လည်း မရပါဘူး၊ ကျွန်တော်နဲ့ တွေ့သွားမှာပေါ့"

နေလုလင်က ကာရန့်အပြောကြောင့် ရယ်မောရသည်။ ရယ်မောရင်း ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိတော့ အနီးအနားက လူတွေရဲ့ မျက်လုံးအစုံက ကိုယ်တို့နှစ်ယောက်ဆီမှာ။ ထူးဆန်းတာက သူတို့မျက်နှာတွေက ပြုံးစိစိ ...။

သူ လှမ်းကြည့်တော့မှ ကပျာကယာ မျက်နှာလွှဲလိုက်ကြသည်။ ဘာတွေလဲ ... ကာရန် သူ့ကို လက်သည်းညှပ်ပေးနေတာက အဲဒီလောက်တောင် ထူးဆန်းသွားလား။ ပြုံးချင်စရာဆိုပေမယ့် သူတို့ ကြည့်ပုံတွေက သာမန် ကြည့်ရုံ ပြုံးရုံတော့ မဟုတ်။

လက်သည်းညှပ်လို့ ပြီးသွားချိန်မှာ မေပို့ဖြူက အိမ်ထဲမှ ထွက်လာကာ သူတို့နှစ်ယောက်ရှိရာ ရေကူးကန်ဘေးသို့ လျှောက်လာသည်။

"အစ်ကို ..."

"ပို့ ... ရိုက်ပြီးသွားပြီလား"





"ဟုတ် ... အစ်ကို၊ ပို့ ... ထမင်းစားတော့မလို့ အစ်ကို့ကို လာခေါ်တာ၊ ပို့ ချိုင့်ထဲမှာ ဟင်းတွေအများကြီး ပို ထည့်လာလို့ အစ်ကိုပါ စားလို့ရ ..."

"မစားပါဘူး၊ ဒီမှာ ကဏန်းတွေ မမြင်ဘူးလား၊ ကိုနေ ကြိုက်တဲ့ ထောပတ်ထမင်းတွေလည်း အများကြီး ထည့်လာတာ ..."

"ကာရန် ..."

ခပ်ဆတ်ဆတ် ဝင်ပြောလိုက်သော ကာရန့်ကို နေလုလင်က မျက်နှာရိပ်ပြ၍ တားလိုက်သည်။ ပြီးတော့ ပို့ကို ပြုံးပြရင်း ...

"ကျေးဇူး ပို့ ...၊ နောက်နေ့ကြုံရင် စားမယ်လေ၊ ဒီနေ့တော့ ဒီမှာ ဝါးတီးတွေ ခိုင်ပြီးသား ဖြစ်နေလို့ ..."

"အဟင်း ... ပြီးရောလေ၊ ဒါဆို ပို့လည်း သွားစားလိုက်ဦးမယ်"

ပို့က ကာရန့်ကို ပြုံးစိစိ တစ်ချက်လှမ်းကြည့်ပြီး [illegible]လှည့်ထွက်သွားသည်။

လေသံ ခပ်ဆတ်ဆတ်နဲ့ စွက်စွက်ဖက်ဖက် ဝင်ပြောတဲ့ ကာရန့်ကို ဗွေယူပုံမရတဲ့အပြင် ရယ်ချင်သလိုမျိုး ပြုံးစိစိ ကြည့်သွားတဲ့ ပို့အပြုအမူကလည်း ပုံမှန်တော့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



နေလုလင်က ကာရန်ကို ခပ်တည်တည် ပြန်လှည့်ကြည့်လိုက်ရင်း ...

"ကာရန် ... မင်း ဘာလို့ ဝင်ပြောရတာလဲ၊ မင်း ဒီလို ဝင်မပြောသင့်ဘူး"

"သူက အိုဗာဖြစ်နေတာကိုး ကိုနေရ"

"သူက အိုဗာလား၊ မင်းက အိုဗာလား၊ ငါ့ကိုစွ ငါပဲပြောမယ်လေ၊ မင်း ဒီလို စွက်စွက်ဖက်ဖက် ဝင်ပြောစရာမလိုဘူး"

"မေပို့ဖြူက ကိုနေ့ကို ဖားကိုဖားလွန်းတာ"

"မင်းကရော ငါ့ကို မဖားလို့လား ..."

နေလုလင်က ကျီစယ်နောက်ပြောင်သလို ပြောလိုက်တာပင်။ သို့သော် ကာရန်က နေလုလင်ကို စိုက်ခနဲ တစ်ချက်ကြည့်ကာ ငြိမ်ကျသွားပါသည်။ ချက်ချင်းလိုပင် ကာရန့် မျက်နှာက ပန်းရောင်ပြေးလာကာ မျက်လုံးတွေထဲမှာ မျက်ရည်ကြည်တွေ ဝေ့ဝဲလာသည်။

"ကျွန်တော်က ကိုနေ့ကို မဖားပါဘူး၊ ဖားစရာလည်း မလိုဘူး၊ ကျွန်တော် မင်းသားဖြစ်ချင်ရင် ကျွန်တော့်ဘာသာ ပိုက်ဆံထုတ် ရိုက်နိုင်တာပဲ"

"အေးလေ ... အဲ့ဒါဆိုလည်း ထုတ်ရိုက်ပါလား၊ ဘာလို့ ဒုက္ခခံ စောင့်နေလဲ ..."





"ဒါက ... ဒါက ... ကျွန်တော် ပိုက်ဆံရှိလို့ မင်းသားထလုပ်တာမျိုး မဖြစ်ချင်လို့၊ ကိုယ့်အရည်အချင်းနဲ့ကိုယ် တက်ချင်လို့ပါ၊ ကိုနေ စားတော့မလား ... ကဏန်းအရင် စားချင် စားလေ၊ ပြီးမှ ထောပတ်ထမင်း စားပေါ့ ..."

ကာရန်က ချက်ချင်းလို စကားလွှဲကာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

သူကလည်း စိတ်သိပ်မမှန်လှတဲ့ ကာရန်နဲ့ ပတ်သက်ပြီး အထွေအထူး မွေယူမနေတော့ဘဲ လက်ကို wet tissue ဖြင့် သေချာသုတ်ပြီး ကိုယ့်ရှေ့က ကဏန်းတစ်ကောင်ကို ဆွဲယူခွဲ၍ စားနေလိုက်ပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၇)

တစ်ခုသော တနင်္ဂနွေနေ့တွင် ဖြစ်သည်။

ထိုနေ့ နေ့လယ်ခင်းမှာ နေလုလင် တစ်ယောက်တည်း ရုံးခန်းအပေါ်ထပ် အခန်းထဲမှာ အိပ်ပျော်နေခဲ့သည်။ မိုးလုလင်က သန်လျင်ဘက်က ရိုက်ကွင်းကို လိုက်သွားတာမို့ အခန်းမှာ ရှိမနေ။ အောက်ထပ် ရုံးခန်းထဲမှာ ရုံးစောင့်ကောင်လေး တစ်ယောက်သာ ရှိနေခဲ့ပါသည်။

ဒီရက်ပိုင်းတွေမှာ သန်လျင်ဘက်၊ ပဲခူးဘက် နယ်ထွက်ရိုက်တဲ့ ရိုက်ကွင်းတွေကို သူ တောက်လျှောက် လိုက်နေတာမို့ လူက နည်းနည်း ပင်ပန်းကာ လေးလေးပင်ပင်ကြီး ဖြစ်နေသည်။ မတ်လလယ်မို့ ရာသီဥတုကလည်း ပူစပြုနေပြီ။ နေပူထဲက ပြန်လာရင် လူက အကြောတက်ချင်သလို အိပ်ချင်သလို ဖြစ်ဖြစ်နေတတ်ပါသည်။





သူ အိပ်ပျော်သွားပြီး ပြန်နိုးလာတော့ နောက်ဘက် ထမင်းစားခန်းထဲက ပန်းကန်ခွက်ယောက်သံတွေလိုလို ခုံရွှေ့သံလိုလို အသံပျပျသဲ့သဲ့ ကြားရသည်။

အိပ်ရာကနိုးပေမယ့် မျက်ခွံက လေးပင်ကာ မျက်လုံးဖွင့်ချင်သေးဘဲ ...

"မောင်မိုး ... ပြန်ရောက်နေပြီလား၊ အခြေအနေ အိုခေရဲ့လား"

ဟု အိပ်ချင်မူးတူးသံဖြင့် မေးလိုက်သည်။ မောင်မိုး ပြန်ရောက်နေပြီဟု ထင်လိုက်လို့ပင်။ အောက်ထပ်က ကောင်လေးက အပေါ်ကို တက်လာလေ့မရှိတာမို့ မောင်မိုးဟုသာ ထင်မိတာပင်။

"ဟော့ကောင် ညီညီ ... မင်း တစ်ယောက်တည်း ထမင်းကြိတ်စားနေတာလား၊ မင်း ဘာဝယ်လာလဲ၊ ငါ့ကိုစောင့်ဦး ဟော့ကောင် ..."

နေလုလင်က မျက်လုံးလည်းမဖွင့်၊ လူလည်းမလှုပ်ဘဲ အော်နေဆဲမှာ ...

"ကိုနေ ..."

"အင်ဟင် ... ဩော် ... ကာရန် မင်း ရောက်နေတာကိုး"

ကာရန်က သူ့အခန်းထဲသို့ ဝင်လာပြီး သူ့ခုတင်ဆားမှာ ရပ်၍ သူ့ကို ငုံ့ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက မောင်မိုး ပြန်ရောက်နေတယ် မှတ်လို့ကွ၊ မင်းရောက်တာကြာပြီလား"

"ကြာပြီ … ကိုနေ၊ ကိုနေ နေ့လယ်စာ စားဖို့ ဟင်းတွေ ဝယ်လာလို့ မိုက်ခရိုဝေ့ဖ်ထဲ ထည့်နွေးနေတာ၊ ကိုနေ နိုးရင် အသင့်စားရအောင်လို့ …"

"မင်း တကူးတကတွေ ဝယ်လာမပို့ပါနဲ့ ကာရန်ရာ၊ ဒီနားတစ်ဆိုင်ဆိုင်က မှာစားလည်း ရတာပဲ၊ ညနေကျရင်လည်း အိမ်ပြန်ပြီး မာမိုလက်ရာကို အပီအပြင် ဆွဲရဦးမှာ …"

"ညနေစာ ဆွဲတာလည်း ဆွဲပေါ့၊ ဒါပေမယ့် နေ့လယ်စာ စားဖို့ ဘာမှမရှိဘူး မဟုတ်လား၊ ဒီနားက ဆိုင်တွေလည်း သိပ်မှမကောင်းတာ၊ ကျွန်တော် ကိုနေကြိုက်တဲ့ ကြက်ပင်စိမ်းရယ်၊ ပြည်ကြီးငါးသုပ်ရယ် ဝယ်လာတယ်၊ ကိုနေ စားတော့မလား … ပြင်လိုက်မယ်လေ"

"မပြင်နဲ့ဦး၊ ငါ ဗိုက်မဆာသေးဘူး …"

နေလုလင်က လက်ကာပြကာ အိပ်ရာမှထလိုက်ရင်း …

"ကျွတ် … ကျွတ် … အကြောတွေ တက်လိုက်တာကွား ခုရက်ပိုင်း နေပူထဲချည်း သွားနေလို့ အပူငုပ်နေသလား မသိပါဘူး"





"ဒီမှာ ကိုနေ … ဒါလေး သောက်လိုက်၊ ကိုနေ ကြိုက်တတ်မှန်း သိလို့ ကျွန်တော် ဝယ်လာတာ၊ အုန်းရည်က အပူကန့်တယ်"

ကာရန်က ဖန်ခွက်တစ်ခွက်ကို နေလုလင် ခုတင်အား စားပွဲပေါ်မှာ လာတင်ပေးလိုက်သည်။ ဖန်ခွက်ထဲမှာ အုန်းရည်ရယ်၊ အုန်းသီးနုနု အဖတ်လေးတွေရယ် …။ နေလုလင် အကြိုက်ပါပင်။

"ဟား … မိုက်တယ် … သိုင်းခယူး … ကာရန်၊ ဒီလို အုန်းရည်ထဲ အုန်းသီးဖတ်ခြစ်ထည့်ထားတာမျိုး ငါ အရမ်းကြိုက်မှန်း မင်း ဘယ်လိုသိလဲ …"

"ကိုနေ ဟိုတစ်ခါ ပြောနေသံ ကြားမိလိုက်လို့ …"

"ဟုတ်လား၊ ငါပြောမိတယ်လား၊ အေးကွာ … ငါက အုန်းသီးတို့ အုန်းရည်တို့ဆို အသေကြိုက်တာကွ …"

နေလုလင်က ဖန်ခွက်ကို ဆွဲယူကာ အရည်ကို မော့သောက်၊ အဖတ်ကို ဇွန်းဖြင့် ခပ်စားနေလိုက်သည်။ စားရင်း အခန်းထဲကို ဝေ့ဝဲကြည့်မိတော့ အခန်းက သန့်ပြန့်ရှင်းလင်းနေသည်။ သူက ကာရန့်ကို လှမ်းကြည့်ရင်း …

"မင်း ငါ့အခန်း ရှင်းထားတာလား ကာရန်"

"ဟုတ်ကဲ့ … ကိုနေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မလုပ်ပါနဲ့လို့ ငါပြောထားတယ်လေ၊ ငါ့ရုံးက ကောင်လေးတွေ ငါ ခေါ်ခိုင်းလို့ရတာပဲ"

"ကိုနေ့ ကောင်လေးတွေက အသုံးလိုတာ မလိုတာ သေချာ မခွဲတတ်တော့ ကိုနေ့ ပစ္စည်း တိုလီထွာလီတွေက ဟို ရောက် ဒီရောက် ပျောက်တဲ့အခါ ပျောက်နဲ့ သေချာ စနစ်တကျမှ မရှင်းတတ်တာ"

"အေး ... ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် နောက် မရှင်းပါနဲ့ကွာ၊ ဒါတွေ မင်းလုပ်ရမယ့် အလုပ်မှမဟုတ်တာ အပင်ပန်း မခံချင်စမ်းပါနဲ့ ..."

"မပင်ပန်းပါဘူး ကိုနေရ ..."

ကာရန်က သူ့ကို တစ်ချက် ပြုံးကြည့်လိုက်ပြီး အခန်းပြင် ပြန်ထွက်သွားသည်။ ခဏကြာတော့ ပလတ်စတစ် ရေဇလုံကြီး တစ်ခုကို 'မ'ကာ အခန်းထဲသို့ ပြန်ဝင်လာပါသည်။

"ရေဇလုံက ဘာလုပ်ဖို့လဲ ကာရန် ..."

ကာရန်က မဖြေသေးဘဲ ရေဇလုံကို သူ့ခုတင်အော မှာ ချလိုက်ပါသည်။ သူက ခုတင်ပေါ်မှ ခြေထောက်ချ၍ ထိုင် နေတာမို့ သူ့ခြေထောက်က ရေဇလုံကြီးအောမှာ။

ကာရန်က သူ့ခြေထောက် ချထားရာ ကြမ်းပြင်ပေါ် မှာ ဒူးတုပ်ထိုင်ချလိုက်ရင်း ...





"ကိုနေ ပေါ့ပါးလန်းဆန်းသွားအောင် ကျွန်တော် foot massage (ခြေထောက်နှိပ်) လုပ်ပေးမလို့လေ ...။ ခြေဖဝါး တွေကို သေချာနှိပ်ပေးပြီး ရေနွေးလေးနဲ့ စိမ်ထားလိုက်ရင် ကိုနေ ခုဖြစ်နေတာတွေအားလုံး ပျောက်ပြီး လန်းဆန်းသွား မှာ ..."

"ဟာ ... ဟော့ ... မလုပ်ပါနဲ့၊ အဲဒီလောက် မလိုပါဘူးကွ"

နေလုလင်က ငြင်းပယ်လိုက်သော်လည်း ကာရန်က နေလုလင်ရဲ့ ခြေထောက်တစ်ဖက်ကို အသာအယာကိုင်မလိုက်ပြီး ရေနွေးနွေး ထည့်ထားသည့် ဇလုံထဲသို့ ထည့်လိုက်ပါသည်။ နေလုလင်က အိမ်နေရင်း ဒူးခေါင်းလောက် ဘောင်းဘီတိုကလေး သာ ဝတ်ထားတာမို့ ကာရန့် လက်တစ်ဖက်က နေလုလင်ရဲ့ ခြေသလုံးသားကို နှိပ်နယ်ဆုပ်ညှစ်လိုက်သည်။

"ကာရန် မလိုဘူး ဟေ့ကောင်၊ မလုပ်နဲ့၊ ငါ့ဘာသာ အနှိပ်ခံချင်ရင် ဆိုင်သွားအနှိပ်ခံမှာပေါ့ကွ၊ မင်း လုပ်ပေး စရာ မလိုပါဘူး"

"ကိုနေ ငြိမ်ငြိမ်နေ၊ မကြာဘူး ... ခဏလေးရယ်၊ ပလိစ် ပလိစ် ..."

ကာရန်က နေလုလင်ရဲ့ နောက်ခြေထောက် တစ် ချောင်းကိုပါ ဆွဲမယူကာ ရေနွေးထည့်ထားသော ပလတ်စတစ်ပုံးထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ထည့်လိုက်ပြန်သည်။ ခုနေ သူ တအားရုန်းထွက်လိုက်လျှင် ရေတွေလည်း ဖိတ်စင်ကာ ရှုန်းရင်းဆန်ခတ် ဖြစ်သွားမှာပင်။

ကာရန့်လက်တွေက ညင်သာစွာဖြင့် သူ့ခြေဖဝါးတွေကို ထိတွေ့ဖိပွတ် နှိပ်နယ်လိုက်သည်။ သူ အငိုက်မိလျက် ငြိမ်သက်သွားကာ ကာရန့်ကို အံ့သြစွာ ငုံ့ကြည့်နေမိသည်။

ကာရန်က သူ့ခြေရင်းမှာ ဒူးထောက်လျက် သူ့ခြေထောက်တွေကို ညင်သာရိုကျိုးစွာ နှိပ်နယ်ပေးနေခဲ့သည်။ သူ့ခြေထောက်ကိုသာ ငုံ့ကြည့်နေတာမို့ မျက်လွှာချထားသကဲ့သို့ ဖြစ်နေသော ကာရန့် မျက်နှာကို သူ အပေါ်စီးကနေ မြင်နေရသည်။ မျက်တောင်တွေ မည်းမည်းစိပ်စိပ် စင်းစင်းနှင့် မျက်ခွံက ပြည့်ပြည့်အစ်အစ် …။ မိန်းမချော ချောသော်လည်း အခြောက်ဆန်ဆန် နွဲ့နေတာမျိုးလည်း မဟုတ်။ တည်တည်ငြိမ်ငြိမ်နှင့် ယောကျ်ားဆန်ဆန် ပုံစံမျိုး။ ရိုးသားတည်ငြိမ်သော အသွင်ပြင်မျိုးလည်း ရှိတဲ့၊ အစစ အရာရာ ပြည့်စုံပြီး အထက်တန်းကျကျ နေနိုင်တဲ့ ကာရန်ဟာ ဘာ့ကြောင့်များ ကိုယ့်ကို ဒီလောက် ရှိသေနှိမ့်ချ ဂရုစိုက်ရပါသလဲ …။

ကာရန် နှိပ်နယ်ပေးနေပုံဟာ ပြီးပြီးရော ပုံစံမျိုးလည်း မဟုတ်၊ တကယ့်ကို စေတနာပါပါ စနစ်ကျကျ နှိပ်နယ်ပေးနေသည်။





သူ့ခြေဖဝါး၊ ခြေသလုံး၊ ပြီးတော့ ခြေချောင်းကလေးတွေနှင့် ခြေဖမိုးဆီမှာ ကာရန့် လက်ချောင်းလေးတွေ ထိတွေ့ ပွတ်ဖိ နှိပ်နယ်ပေးနေတာကို ကြည့်ရင်း သူ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာပါသည်။

ဘယ်လို တစ်မျိုးကြီးလဲဆိုတာ သေချာ ခေါင်းစဉ်တပ်၍ မပြောနိုင်ခင်မှာ လူက မသိမသာ ကြက်သီးဖြာထလာသည်။

ယောကျ်ားချင်း နှိပ်ပေးနေလို့ ကသိကအောက် ဖြစ်မိတာလား …

ကာရန် နှိပ်နေတာက စေတနာပါလွန်း ညင်သာမှုယ ရှိလွန်းတာကြောင့်လား …

သို့သော် … ဘယ်လိုပဲ ဖြစ်ဖြစ် လူက ပေါ့ပါးလာရတာတော့ အမှန်ပင် …။ တစ်မျိုးကြီး မကလို့ နှစ်မျိုးကြီးပဲဖြစ်ဖြစ် လောလောဆယ်တော့ အညောင်းတွေ ပြေသွားသည်။

"မဆိုးဘူးကွ … အပူတွေ ဘာတွေ ထွက်ပြီး ပေါ့သွားသလိုပဲ၊ မင်း တော်တော် နှိပ်တတ်တာပဲ …"

"ကျွန်တော်က ခဏ ခဏ foot massage သွားသွားလုပ်တော့ ကျွန်တော့်ကို သူများနှိပ်ပေးတာကို မှတ်ထားပြီး ပြန်နှိပ်ပေးရတာ၊ ကိုနေ … ကိုနေ အဆင်ပြေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပြောတော့ ပြောပါတယ်၊ ဒါပေမယ့် တော်တော
လေ၊ မင်း အဲ့ လိုလုပ်ပေးတာကြီးကို ခံရတာ တစ်မျိုးကြ
ပဲကွ၊ အသည်းယားတယ်၊ တော်ပြီ"

"ခဏလေးပါ ကိုနေ၊ ဒီတစ်ဖက်ပြီးရင် ပြီးပါပြီ"

ကာရန်က သူ့ကို လွှတ်မပေးသေးဘဲ ဆက်နှိပ်နေ
လိုက်ပါသည်။

ထိုအချိန်မှာပဲ သူ့အခန်းဝမှာ ခြေသံကြားရကာ ...

"ဒါ ... ဘာလုပ်နေကြတာလဲ"

မိုးလုလင်ရဲ့ အသံ မာဆတ်ဆတ်ကို ကြားလိုက်ရ
သည်။

"သြော် ... ညီညီ ပြန်လာပြီလား၊ ဒီမှာကွာ ... ငါညောင်
နေတယ်ဆိုလို့ ကာရန်ရယ် ပြောမရ ဆိုမရ foot massage
လာလုပ်ပေးနေတာ ..."

"အနှိပ်ခံချင်ရင် အနှိပ်ခန်းကို သွားလေ၊ ကာရန့်ကို ခိုင်
စရာမှ မလိုတာ ..."

"ငါ မခိုင်းဘူးကွ၊ သူ့ဘာသာ ဇွတ်လုပ်နေတာ ..."

မိုးလုလင် မျက်နှာထားက မကြည် ...။ မျက်မှောင်
ကြုတ်ကြုတ်နှင့် အခန်းထဲဝင်လာကာ သူ့ပိုက်ဆံအိတ်ကို ခုတင်
ပေါ် ပစ်တင်လိုက်ရင်း ...





"ကာရန် ... သွားတော့ ... ပြန်တော့၊ ငါ ကိုကိုနဲ့ အရေး
တကြီး ပြောစရာရှိလို့"

"ဟုတ် ... ကိုမိုး၊ ခဏနော် ... ပြီးပါပြီ"

ကာရန်က နေလုလင်ရဲ့ ခြေထောက်ကို မျှ ရေနွေး
လုံ အပြင်ဘက်သို့ ထုတ်ကာ တဘက်ဖြူဖြင့် ကမန်းကတန်း
သုတ်ပေးနေသည်။

မိုးလုလင်က ကာရန့်နားမှာ မတ်တတ်ရပ် ခါး
ထောက်လျက် ကာရန် လုပ်ကိုင်နေပုံကို မျက်မှောင်ကြုတ်ကာ
ကြည့်နေသည်။

မောင်မိုး ရောက်လာကတည်းက ကာရန့်ပုံက တစ်
ခုကို လန့်ဖျပ်သွားသလိုမျိုး။ ကာရန့်လက်တွေဟာလည်း မသိ
သာ တုန်နေပါသည်။

ခြေထောက်ကို သုတ်ပေးပြီးတော့မှ ကာရန်က မတ်
တတ်ထရပ်လိုက်ရင်း ...

"ကိုနေ ... ကျွန်တော် ပြန်တော့မယ်"

"မင်း ထမင်းစားသွားဦးလေ ..."

"မစားတော့ဘူး ကိုနေ"

"မင်း ဝယ်လာတာတွေ ..."

"ကိုနေနဲ့ ကိုမိုးပဲ စားလိုက်ပါ၊ ကျွန်တော် သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကာရန်က သူတို့ညီအစ်ကို နှစ်ယောက်လုံးကို ကြောက်ရွံ့နေသော ပုံစံမျိုး၊ သူတို့ မျက်နှာကိုလည်း မကြည့်ဘဲ ရေဇလုံကို မကာ အပြင်ထွက်သွားသည်။

ကာရန် အပြင်ရောက်ရောက်ချင်း မိုးလုလင်က အခန်းတံခါးကို ဆွဲပိတ်လိုက်သည်။ နေလုလင်က ညီညီ့ကို နားမလည်သလို ကြည့်လိုက်ရင်း ...

"ညီညီ ... မင်း ဘာဖြစ်လာတာလဲ၊ ကာရန့်ကို ဘယ်လိုကြီး ဆက်ဆံလိုက်တာလဲကွာ၊ အားနာစရာ ..."

"ကျွန်တော်လည်း စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားတာနဲ့ ကာရန့်ကို အဲဒီလို ဆက်ဆံလိုက်မိတာ ..."

"ဘာကိုလဲကွ၊ ဘာကို တစ်မျိုးကြီးလဲ ..."

"ကျွန်တော် အခန်းထဲဝင်ဝင်ချင်း ကိုကိုနဲ့ ကာရန်ကို အဲ့ဒီလို ပုံစံကြီးနဲ့ မြင်လိုက်ရလို့ စိတ်ထဲတစ်မျိုးကြီး ဖြစ်သွားတာ ကိုကိုရ ..."

မိုးလုလင်က ခေါင်းတစ်ချက်ကုတ်ရင်း ခုတင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

နေလုလင်ကလည်း ပြုံးစိစိနှင့် နှာခေါင်းရှုံ့လိုက်ရင်း ...

"အေး ... ငါလည်း တစ်မျိုးတော့ တစ်မျိုးကြီးပဲ ..."





"ကိုကို ... သိတယ် မဟုတ်လား၊ သိနေတယ် မဟုတ်လား"

မိုးလုလင်က နေလုလင်ကို လက်ညှိုးထိုးကာ တက်တက်ကြွကြွ မေးလိုက်သည်။ နေလုလင်က အူကြောင်ကြောင်ဖြစ်သွားကာ ...

"ဟမ် ... ငါက ဘာကို သိရမှာလဲ"

"ဟာဗျာ ... မသိဘူးလား"

"ဘာကို သိရမှာလဲကွ ညီညီရ"

"ကိုကိုကလည်း ဒါတောင် မသိဘူးလား၊ လည်မလိုလိုနဲ့ အတယ်ဗျာ"

"မင်းက ဘာကိုပြောမှန်းမှ မသိတာ၊ ရှင်းရှင်း ပြောကွာ"

"ရှင်းရှင်းပြောရရင် ...၊ ဟာ ... ပြောလို့လည်း မကောင်းပါဘူးဗျာ၊ ကိုကို့ဘာသာ မခံစားမိဘူးလား၊ ကာရန်နဲ့ ပတ်သက်ပြီး ထူးခြားတာ တစ်ခုခု မခံစားမိဘူးလား"

"သူ ငါ့ကို ဂရုစိုက်တာ ဖားတာတော့ သိတယ်လေ"

"အဲဒီလို ဂရုစိုက်တဲ့အထဲက ပုံမှန်မဟုတ်တာ တစ်ခုခုကို ကိုကို မခံစားမိဘူးလား"

"အေး ... ဒီနေ့ နှိပ်ပေးတာ ခံရတာတော့ တစ်မျိုးကြီးကွ၊ အသည်းယားသလိုကြီး၊ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာတာ၊ ဟဲဟဲ ... ဒါပေမယ့် ဖိမ်တော့ ကျတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ကြိုက်နေတာလား"

"အေးလေ ... မကြိုက်ဘဲ နေမလား၊ အညောင်းကို ပြေသွားတာပဲ"

"ကိုကိုတော့ ရေတိမ်နစ်တော့မှာပဲ"

"ဟမ်၊ ငါက ဘာကိစ္စ ရေတိမ်နစ်ရမှာလဲ"

မိုးလုလင်က မဖြေဘဲ ပြုံးစိစိ လုပ်နေပြီးမှ ...

"ကိုကို စဉ်းစားကြည့်ဗျာ၊ သူ့လောက် ပိုက်ဆံမရှိ ရုပ်မချောတဲ့ သူတွေတောင် မင်းသားဖြစ်ချင်တာလေးနဲ့ ကိုကိုကို ဒီလောက်ထိ လာလုပ်ပေးဖူးသလား ..."

"ကာရန်က မင်းသား ဖြစ်ချင်လို့ ငါ့ကို ဖားနေတာ မဟုတ်ဘူးလို့ ပြောပြီးသားပဲကွာ၊ သူ့အစ်ကိုလိုမျိုး ငါ့အပေါ် ခင်မင် သံယောဇဉ် ရှိတာပါ"

"သူ့သံယောဇဉ်က အိုဗာ မဖြစ်လွန်းဘူးလား"

"အေး ... အဲ့ဒါတော့ ဟုတ်ပါတယ်၊ အဲ့ဒါနဲ့ပဲ မင်းက ကာရန့်ကို ဘာလို့ ခုလိုမျိုး မာမာထန်ထန် ဆက်ဆံလိုက်ရတာလဲ၊ သူ ဒီလိုပဲ မင်းထက် ငါ့ကို ပိုပြီး ဂရုစိုက်တတ်တာ မင်း သိပြီးသားပဲ၊ မင်းတောင် ကာရန့်ကို နောက်ပြောင်ပြောဆို နေသေးတာပဲ"

"အဲဒီတုန်းက သံသယဖြစ်စရာတွေ မများသေးလို့၊ ခုက





သံသယဖြစ်စရာတွေ များများလာတယ်၊ ကဲ ... ရှင်းရှင်းပဲ ပြောတော့မယ် ကိုကိုရာ၊ ကျွန်တော်တော့ ဘုန်းကာရန်ကို အပုန်းလို့ ထင်လာပြီ"

"ဟမ် ... အပုန်း၊ ဟား ... ဟား ... မဟုတ်တာကွာ မောင်မိုးရာ၊ ကာရန်ကို မင်း သေချာကြည့်စမ်းပါ၊ ဘယ်နေရာမှာ များ နွဲ့နေသလဲ၊ မိန်းမချော ချောပေမယ့် ယောကျ်ား ပီပီသသ ပုံစံမျိုးပါကွာ"

"ယောကျ်ား ပီပီသသပုံစံမျိုးနဲ့ အပုန်းတွေ ဖြစ်နေတတ်တာ ကိုကို မမြင်ဖူးလို့လား"

"ဒါပေမယ့်ကွာ ... ကာရန်ကတော့ မဟုတ်လောက်ပါဘူးကွာ"

နေလုလင်က ပထမတော့ မိုးလုလင် စကားကို ...သဟု ထင်သည်။

နောက်တော့ ပြောရင်း ပြောရင်း စိတ်ထဲမှာ စနိုး ...နောင့် ဖြစ်စ ပြုလာပါသည်။

အသာငြိမ်ပြီး စေ့စေ့ တွေးကြည့်မိတော့ မြားအနီ ... မောင်မိုးပြောတဲ့ အခြေအနေဘက်ကို ရဲရဲတောက် ညွှန်ပြနေ ...သည်။

"ဒါ ... ဒါပေမယ့် တစ်ခုတော့ ရှိတယ်ကွ၊ သူက ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



မေပျိုဖြူနဲ့ အရောဝင်ရင်လည်း မကြိုက်ဘူး၊ ငါ့ကို တခြ

မိန်းကလေးနဲ့ အတူတွဲတွေ့ရင်လည်း တစ်မျိုးပဲကွ၊ ဘယ်

လိုပြောရမလဲ ...”

“သဝန်တို သလိုမျိုးကြီးလေ ... ဟုတ်တယ်မဟုတ်လား”

မိုးလုလင်က စကားထောက်လိုက်တော့ သူက အ

လည်လည် မျက်နှာဖြင့် ...

“အဲ့လိုမျိုးတော့ မဟုတ်လောက်ပါဘူးကွာ၊ သူက ငါ့ကို

အစ်ကိုလိုခင်ပြီး မဟုတ်တရုတ် မိန်းကလေးမျိုးနဲ့ ငြိမှာ

စိုးတာပါ”

“ဒါပေမယ့် သူ့ပုံစံက အိုဗာကြီးလေ ကိုကို၊ ကိုကိုနဲ့

ကျွန်တော် နှစ်ယောက်ထဲမှာတောင် သူက ကိုကို့ကိုပဲ

တအား တစ်ဖက်စောင်းနင်းကြီး ဂရုစိုက် အကဲပိုလွန်းနေ

တာ၊ မိန်းမစိတ်ကြီးနဲ့ ကိုကို့ကို ကြိုက်နေတာ နေမှာပေါ့”

“ဟာ ... ဟေ့ကောင် ဘယ်လိုကြီး ပြောချပစ်လိုက်တာလဲ

ကြားရတာ အူယားလိုက်တာကွာ၊ ဘာကြီးမှန်းလည်း မသိ

ဘူး၊ မမိုက်လိုက်တာကွာ”

နေလုလင်က မိုးလုလင် ပြောတာတွေကို ထောက်

ခံရမလို ကန့်ကွက်ရမလို ဇဝေဇဝါ စိတ်ရှုပ်လာပါသည်။

“နေစမ်းပါဦး ... မင်းကရော ဘာဖြစ်လို့ ရုတ်တရက်ကြီး





ကာရန့်ကို မယုံသင်္ကာ ထဖြစ်ရတာလဲ၊ အရင်တုန်းက

ကာရန် ဒီလိုတွေ ငါ့အပေါ် ဂရုစိုက်နေရင် မင်း ရယ်မော

နောက်ပြောင်နေတာပါ”

“အရင်တုန်းကတော့ ရိုးရိုးပဲထင်တာ ကိုကိုရ၊ ဒါပေမယ့်

ခုနောက်ပိုင်းကျတော့ ကာရန် ကိုကို့အပေါ် အိုဗာဖြစ်

လွန်းတာတွေကို ရှုတင်ကလူတွေလည်း သတိထားမိလာ

တယ်၊ သူတို့ချင်း ကာရန့်အတင်း ပြောနေတာတွေလည်း

ကျွန်တော် ကြားလာတယ်၊ ဟိုတစ်ခါ ကိုကို့ကို ကာရန်

လက်သည်း ညှပ်ပေးတုန်းကဆို မင်းသမီး မိတ်ကပ် မာမီ

တွေ အချင်းချင်း မကြားတကြား ပြောနေ လှောင်နေကြ

တာ”

“ဟုတ်လား၊ အဲ့ဒီတုန်းက အနားကလူတွေ ပြုံးစိစိဖြစ်နေ

ကြတာကိုတော့ ငါ သတိထားမိလိုက်တယ်”

“မာမီတွေက သူတို့ချင်းတော့ အထာပေါက်တယ် ကိုကိုရ၊

သူတို့ ရိပ်မိနေကြမှာပေါ့၊ သူ အပုန်းဖြစ်တာက အရေး

မကြီးဘူး၊ အပုန်းနဲ့ ငြိနေတယ်လို့ ထင်သွားကြမှ ငါးပါး

မှောက်မှာ ...”

“ဟာ ... မဦးမချွတ် ဖွဟဲ့ ... လွဲချေ ဖယ်ချေဗျာ၊ ငါလို

ကောင်က အပုန်းနဲ့ ငြိစရာလားကွ ...”



www.burmeseclassic.com

www.burmeseclassic.com



နေလုလင်က စိတ်တိုတိုနှင့် ခပ်ဆတ်ဆတ် အော်လိုက်မိသည်။

"ကိုကိုက မငြိုပေမယ့် အားလူတွေ အထင်မှားပြီး ဒီလောကမှာ သတင်းစကား ပွသွားမှာ စိုးရတာ၊ ကိုကိုလည်း သိတဲ့အတိုင်း ဒီလောကလောက် သတင်းပျံ့နှံ့လွယ်တာ ရှိဦးမလား"

"မင်းပြောမှပဲ ငါတောင် စိုးရိမ်လာပြီ"

"ပြီးတော့ ... ကိုကို့ မွေးနေ့တုန်းက ကာရန် ပေးတဲ့ လာဗင်ဒါ ပန်းစည်းကြီး ကျွန်တော်ယူသွားတာ ကိုကို မှတ်မိတယ် မဟုတ်လား"

"အေး ..."

"အဲ့ဒီပန်းစည်းကို ကျွန်တော်က ရွှေပန်းချီ ညီမလေး ငွေပန်းချီကို ပေးလိုက်တာ၊ ငွေက ရှုတင်ကို လိုက်လာလို့ ရှုတင်မှာပဲ ပေးလိုက်တာ၊ အဲဒီနေ့ ရှုတင်မှာ ကာရန် မပါဘူးလေ၊ ဒါပေမယ့် အဲဒီနေ့က ကာရန်က မထင်မှတ်ဘဲ ရှုတင်ကို ရောက်လာတယ်တဲ့၊ ကာရန် ပြန်သွားတော့ ပန်းစည်းမရှိတော့ဘူးတဲ့၊ ရှုတင်က တခြားလူလည်း ဘယ်သူမှ မယူဘူးတဲ့၊ ကျွန်တော်ထင်တာတော့ ငွေ့ကို ကိုကို ပေးလိုက်တယ်ထင်လို့ သူ စိတ်ဆိုးပြီး ပြန်ယူပြီး လွှင့်ပစ်လိုက်သလား မသိဘူး"





နေလုလင်က သက်ပြင်းချလိုက်မိရင်း ...

"ဒါတွေက ကိုယ်လည်း သေချာ မြင်ရတာမှ မဟုတ်တာ၊ ဟုတ်ချင်မှလည်း ဟုတ်မှာပါ ညီညီရာ၊ မသေချာဘဲ လျှောက်ပြောနေရင် ငရဲကြီးတယ်ကွ သိတယ်မဟုတ်လား၊ ဒါမျိုးကို မဟုတ်ဘဲပြောမိရင် အပြောခံရတဲ့သူလည်း နစ်နာတယ်"

"ကျွန်တော်လည်း စိတ်ထဲ မသင်္ကာဖြစ်နေပေမယ့် ကိုကို့ကို ဘာမှမပြောဘဲ မြိုနေတာ ကြာပါပြီ ကိုကို၊ မဟုတ်ဘဲ ပြောမိလို့ နောင်ဘဝ ဝဋ်လိုက်မှာလည်း ကြောက်ပါတယ်၊ ဒါပေမယ့် ဒီနေ့တော့ သူ ကိုကို့ခြေရင်းမှာ ဒူးထောက်ပြီး ကိုကို့ခြေထောက်ကို နိပ်နေတဲ့ပုံကို ရုတ်တရက် မြင်လိုက်ရတော့ စိတ်မထိန်းနိုင်ဘူး ဖြစ်သွားတယ်၊ သူ ကိုကို့ခြေရင်းမှာ ဒူးထောက် ပြုစုနေတဲ့ပုံစံက တကယ်ကိုပဲ မိန်းမတစ်ယောက်လိုမျိုး ခယနူးညွှတ်နေတာ ကိုကိုရ၊ အမလေး... မြင်ရတာ တကယ် အသည်းယားတာပါဗျာ ..."

မိုးလုလင်က ပခုံးတစ်ချက် တွန့်ရင်း ပြောလိုက်ပါသည်။

နေလုလင်က စိတ်ရှုပ်ထွေးနေကာ ...

"မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းရမှာပေါ့၊ ဟုတ်ချင်မှလည်း ဟုတ်မှာပါကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ် ကိုကို သူ့ကို သတိလေးနဲ့တော့ ဆက်ဆံပေါ့၊ သူ အရှမ်း လက်ပွန်းတတီး အရောဝင်လာရင် ခပ်တန်းတန်းပဲ ပြန်ဆက်ဆံပေါ့ ..."

"အေးပါကွာ၊ မင်းလည်း သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ ..."

"သူ အပုန်းဖြစ်နေရုံသက်သက်ဆိုရင်တော့ ကျွန်တော့်ဘက်က သူ့အပေါ် စာနာစိတ်နဲ့ ကောင်းကောင်းဆက်ဆံမှာပါ၊ ဒါပေမယ့် ကိုကို့ကို လာငြိနေတာကြီးကိုကျတော့ စိတ်တိုတယ်ဗျ"

"မင်းတင်လားကွာ၊ ငါလည်း တိုတာပေါ့၊ ငါလို ဆော်ကြည်ဘဲကို အပုန်းက လာငြိနေစရာလား၊ တွေးကြည့်ရုံနဲ့တောင် မာနကို ထိရှလွန်းလို့၊ ရာဇဝင် ရိုင်းလိုက်လေ ..."

"အဟက် ... ဟက် ... အတွေ့အကြုံသစ်ပေါ့ ကိုကိုရ"

နေလုလင်က စိတ်ရှုပ်ရှုပ်နှင့် အိပ်ရာပေါ် ပြန်ပစ်လှဲချလိုက်မိပါသည်။

ကာရန့်ကို ခင်မင်စာနာသော်လည်း ကာရန့်အပေါ် စေတနာရှိသည် မှန်သော်လည်း၊ ကာရန်သာ ဒီလိုဆိုရင် သနားကြင်နာ စိတ်မကောင်းဖြစ်မိမှာ သေချာသော်လည်း အပုန်းတစ်ယောက်က ကိုယ့်ကို တန်းတန်းစွဲနေသည့် အဖြစ်အပျက်ကြီးကိုတော့ ခါးသီးမိတာ အမှန်ပါပင်။

● ● ●







www.burmeseclassic.com

www.burmeseclassic.com

(၈)

ဟော ... တွေ့ပြန်ပြီ။

နေလုလင်က လှစ်ခနဲ ပေါ်လာပြီး ဖျတ်ခနဲ ပျ
သွားသော လူရိပ်တစ်ခုကြောင့် စိတ်ရှုပ်သွားမိသည်။

ကာရန် ... ကိုယ့်ကို လိုက်ချောင်းနေပြန်ပြီလား ...

foot massage လုပ်ပေးတဲ့ နေ့ကတည်းက ကာ
ဟာ နေလုလင်တို့ ညီအစ်ကိုရှေ့ကို ရောက်မလာခဲ့တော့တ
အရင်လို ဖုန်းလည်းမဆက်၊ ရုံးခန်းကိုလည်း မလာ၊ ရိုက်ကွင်းဆ
ဆီကိုလည်း မရောက်၊ သိသိသာသာ ပျောက်နေခဲ့တာ။

ကာရန် ဒီလို ပြောင်းလဲသွားတာဟာ မိုးလုလင်
တင်းတင်းမာမာ ဆက်ဆံလိုက်လို့လား၊ ဒါမှမဟုတ် သူ့ဘာသ
မလုံမလဲ ဖြစ်သွားလို့လား ... ။





နေလုလင်ကတော့ ကာရန့်ကို အဲ့ဒီလိုမျိုးကြီးပါလို့ အပ်ချမတ်ချ မစွပ်စွဲ မထင်မြင်ရက်ပါ။ သူတစ်ပါး အထင်မမှားအောင်၊ ကာရန့်ဘက်ကလည်း လွန်ကဲမလာအောင်၊ ကိုယ့်ဘက်က ခပ်မှန်မှန်နေဖို့သာ ဆုံးဖြတ်ထားခဲ့တာပင်။ ကာရန့်ကို တွေ့ရင်လည်း လုံးဝ သိသိသာသာကြီး ရှောင်ဖယ်နေဖို့ စိတ်ကူးမရှိ။ အရင်လို ခင်ခင်မင်မင် ဆက်ဆံဖို့တော့ စိတ်ကူးထားခဲ့ပါသည်။

သို့သော် ... ကာရန်က အဲဒီနေ့ကတည်းက သူ့ဆီကို ရောက်မလာခဲ့တော့ဘဲ သူ သွားလေရာနောက်ကို တိတ်တခိုး အရိပ်လို လိုက်နေခဲ့တာ ... ။

အထူးသဖြင့် မိန်းကလေး တစ်ယောက်ယောက်နဲ့ သူတွဲသွားတိုင်း ကာရန်က ဟိုနားက လှစ်ခနဲပေါ်လာ၊ ဒီနားက လှစ်ခနဲ ပေါ်လာနှင့်မို့ တဖြည်းဖြည်း စိတ်အနှောင့်အယှက် ဖြစ်လာခဲ့ရပါသည်။ ကာရန် ဒီလို လုပ်နေခြင်းက သူ့ကို စိတ်ပျက်စေသည်။

ကိုယ်က ရာဇဝတ်သားလည်း မဟုတ်ဘဲ နောက်က စုံထောက် အလိုက်ခံနေရသလိုမို့ အလိုလိုနေရင်း စိတ်မလွတ်မလပ်၊ ကျဉ်းကြပ် အာရုံနောက်လာသည်။

တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်းမဟုတ်။ ကိုယ့်ကားနောက်က ကာရန့်ကား ပါလာတာမျိုး၊ ကိုယ် ညနေစာ



www.burmeseclassic.com

www.burmeseclassic.com



သွားစားတဲ့ ဟိုတယ်မှာ၊ သွားကတဲ့ night club မှာ ကာရန့်ကို ရိပ်ခနဲ ရိပ်ခနဲ တွေ့တွေ့နေရတာမို့ နေလုလင်က ကာရန့်ကို စိတ်တိုလာခဲ့ရပါသည်။

ခုလည်း ကိုယ့် ဘာညာကလေး ရေကူးကန်ထဲမှာ ရေကူးလို့ မပြီးသေးတာမို့ ကိုယ်က ကန်ဘေး ပက်လက်ထိုင်ခုံမှာ ဖြေလျှော့မှိုထိုင် ဇိမ်ယူစောင့်ဆိုင်းနေတုန်း ကာရန့်ကို လှစ်ခနဲ တွေ့လိုက်ရပြန်ရာ ...

သူက တမြုံ့မြုံ့စုပ်သောက်နေသော အအေးဖန်ခွက်ကို ခုံဘေး စားပွဲပေါ်သို့ လှမ်းတင်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

"ဟိတ် ... ကိုနေ ဘယ်လဲ ..."

"ခဏလေး ... အသိတွေ့လိုက်လို့၊ ခုပဲ ပြန်လာခဲ့မယ်"

"မြန်မြန် ပြန်လာနော် ..."

"အိုခေ ..."

သူက ကောင်မလေးကို မျက်စိတစ်ဖက်မှိတ်ပြခဲ့ပြီး ကာရန် လှစ်ခနဲ ဖြတ်လျှောက်ဝင်သွားသော ဟိုတယ်ထဲသို့ ခပ်သွက်သွက် လျှောက်ဝင်လာခဲ့သည်။

သူ ဟိုတယ် လော်ဘီထဲ ဝင်လာချိန်မှာ ကာရန်က စားသောက်ခန်းဘက်သို့ ချိုးကွေ့သွားသည်။





သူ ဆက်လိုက်လာသည်။ ကာရန်က စားသောက်ခန်းထောင့်မှာ ပျောက်သွားပြန်သည်။ သူ လက်ဆောင်ပစ္စည်း အရောင်းဆိုင်ရှိသည့်ဘက် စင်္ကြံလမ်းအတိုင်း ချိုးကွေ့လျှောက်လာသည်။

ဟော ... ကာရန်။ တွေ့ပြီ ...။

တစ်ဖက်ထောင့်ကွယ်သို့ ကပ်၍ ချိုးကွေ့ဆက်လျှောက်သွားသော ကာရန်ကို တွေ့လိုက်ရတာမို့ သူက ကာရန့်နောက်က မလိုက်တော့ဘဲ ကာရန်ထွက်လာမည့် မျက်နှာချင်းဆိုင်ဘက်သို့ လျှောက်သွားပြီး ကာရန့်ရှေ့က ပိတ်ရပ်လိုက်ပါသည်။

"ကာရန် ..."

"သြော် ... ကိုနေ ..."

"မင်း ... ဒီကိုဘာလာလုပ်တာလဲ"

"ဟို ... ကျွန်တော် Gym လာကစားတာ"

"Gym လာကစားတဲ့သူက အားကစားဝတ်စုံနဲ့လည်း မဟုတ်၊ ရှိုးစမိုးက အပြည့်ပါလား"

နေလုလင်က ကာရန့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ပြောလိုက်သည်။ ကာရန်က ဘောင်းဘီ အနီရောင်၊ ကုတ်ကျိုအစိမ်းပုပ်ရောင်၊ ရှူးစ်အဖြူရောင်နှင့် ဒါ ... Gym လာကစားတဲ့ ပုံ မဟုတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကာရန့် မျက်နှာက လိမ်နေမှန်း သိသာစွာ မ
မလဲဟန်အပြည့် ...။

"ဟို ... ကျွန်တော့် အားကစားဝတ်စုံနဲ့ ဖိနပ်ထည့်လာ
အိတ်က ကားထဲမှာ"

"ဟုတ်လား ... ကဲ ... လာ ... ဒါဆို ငါနဲ့ ခဏလိုက်ခဲ့"

"ကိုနေ ... ဘယ်လဲ"

နေလုလင်က အဖြေမပေးဘဲ ရှေ့ကနေ သွက်သွ
လျှောက်ထွက်လာတော့ ကာရန်က နောက်ကလိုက်လာသည်
နေလုလင်က ကားပါကင်ဘက်သို့ လျှောက်လာရင်း ကာရန့်က
ကို ရှာလိုက်သည်။ ကာရန့် Chevrolet corvette ကားကိုတွေ့တေ
ကားဆီလျှောက်သွားပြီး ကားထဲသို့ ငုံ့ကြည့်လိုက်သည်။

"ကားထဲမှာ ဘာအိတ်မှ မတွေ့ပါလား ကာရန်"

ကာရန်က နေလုလင်နောက်မှာ ရပ်၍ တိတ်ဆိ
နေပါသည်။

နေလုလင် ကာရန့်ကို ချာခနဲ လှည့်ကြည့်လိုက်

"မင်း ... ညာတာပဲ"

ကာရန်က နှုတ်ဆိတ်ခေါင်းငုံ့နေသည်။

"မင်း ငါ့ကို လိုက်ချောင်းနေတာ မဟုတ်လား ကာ
အခုတစ်ခါပဲ မဟုတ်ဘူး၊ မင်းကို ငါ ခဏခဏ ရိပ်





ရိပ်ခနဲ တွေ့နေတယ်၊ မင်း မညာဘဲ အမှန်အတိုင်းဖြေပါ
ကာရန်၊ မင်း ညာရင် ငါ ခွင့်လွှတ်မှာ မဟုတ်ဘူး"

ကာရန်က ခပ်ဖြည်းဖြည်း ခေါင်းမော့လာကာ ...

"ဟုတ်တယ်၊ ကိုနေ အမှားတွေ့မှာစိုးလို့၊ ကိုနေ့ကို စိတ်
မချလို့ ကျွန်တော့်ဘာသာ ကျွန်တော့်နည်း ကျွန်တော့်ဟန်
နဲ့ လိုက်စောင့်ရှောက်နေတာ ..."

"အဟား ... ပြဿနာပါလား ကာရန်"

သူက စိတ်ပျက်လက်ပျက် တစ်ချက်ရယ်မိရင်း ...

"ငါက မင်း စိတ်မချရမယ့် အရွယ်၊ မင်း စိတ်မချရမယ့်
အနေအထားလား ကာရန်၊ မင်း ဒီလိုလုပ်နေတာတွေ
ကြောင့် ငါ စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ ငါ့လွတ်လပ်
ခွင့်ကို ထိခိုက်တယ်၊ မင်း နောက်ကို ဒီလိုမလုပ်ပါနဲ့ ..."

သူက ကာရန့်ကို စိုက်ကြည့်ရင်း ပြောလိုက်တော့
ကာရန်က မျက်လွှာချကာ ငြိမ်သက်နှုတ်ဆိတ်နေပါသည်။

"ငါပြောတာ ကြားလား ကာရန်၊ မင်း နောက်တစ်ခါ
ငါ့ကို လိုက်ချောင်းရင်၊ ငါနဲ့ ခင်မင်ပတ်သက်တဲ့ မိန်း
ကလေးတွေကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ရင်
ငါ မင်းနဲ့ သေခန်းပြတ်ပဲ၊ မင်းကို လုံးဝ ခွင့်မလွှတ်ဘူး"

နေလုလင်က ပြတ်ပြတ်သားသား ပြောပြီး လှည့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။ ကာရန်ကတော့ ထိုနေရာမှာပင် ခေါင်းငုံ့ငြိမ် သက်လျက် ကျန်ရစ်ခဲ့ပါသည်။

● ● ●



## (၉)

ရိုက်လက်စ ဗီဒီယိုကားအတွက် ကာရန့် အခန်း တစ်ခန်း ရိုက်ဖို့ ကျန်နေတာမို့ ထိုနေ့က ကာရန် ရိုက်ကွင်းသို့ ရောက်လာပါသည်။ ဒီနေ့ ရိုက်ရမည့် အခန်းဟာ ဒီဇာတ်ကား အတွက် ကာရန်ရဲ့ နောက်ဆုံးအခန်း။ မေပျိုဖြူနဲ့အတူ ရိုက်ရမည့် အခန်း ဖြစ်ပါသည်။

ဒီဇာတ်ကားမှာ ကာရန်က မင်းသား၏ လူယုံ ဝန်ထမ်း။ မေပျိုဖြူက မင်းသားကို တစ်ဖက်သတ် ကြွေနေသော မိန်းကလေး။ မင်းသားကို အမြဲ စိတ်အနှောင့်အယှက်ပေးပြီး မင်းသား၏ မိသားစုနှင့် ပတ်ဝန်းကျင် အထင်မှားအောင် အမျိုးမျိုး အကွက်ဆင်နေသော မေပျိုဖြူနှင့် မင်းသား လူယုံ ကာရန်တို့ စကားများရမည့် အခန်း။ စကားများရင်း မေပျိုဖြူကို ကာရန်က တွန်းပစ်လိုက်ရမည့် အခန်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းရိုက်ဖို့ ပြင်ဆင်နေဆဲမှာ နေလုလင်က မေပို့ဖြူနှင့်အတူ ထိုင်ကာ စကားပြောနေခဲ့ကြသည်။

"အစ်ကို ... ပို့တော့ ဒီဇာတ်ရုပ်ကို လုပ်ရတာ ရင်တထိတ်ထိတ်ပဲ သိလား၊ ပို့ကို ပရိသတ် မုန်းမလား မသိဘူးနော်"

"မစိုးရိမ်ပါနဲ့ ပို့၊ ခုခေတ် ပရိသတ်တွေက အရင်လို အမြင်မကျဉ်းတော့ပါဘူး၊ ဟိုအရင်ကဆို ပရိသတ်က လူကြမ်းဇာတ်ဆောင်တွေကို မုန်းကြတယ်လေ၊ ခုတော့ ဒါ သရုပ်ဆောင်တာပဲလို့ အားလုံး နားလည်ချစ်ခင်ပေးကြပါတယ်"

"ပို့လည်း အဖြည့်ခံ ဗီလိန်နေရာတွေချည်းပဲ ရိုက်နေရတာ ကြာပြီ အစ်ကိုရယ်၊ တစ်ခါလောက်တော့ ပရိသတ်မေ့ထား ချူနိုင်တဲ့ ဇာတ်ရုပ်မျိုး သရုပ်ဆောင်ချင်တယ်"

"ဖြစ်လာမှာပေါ့ ပို့၊ ကိုယ်ကြိုက်လို့ ဝယ်ထားတဲ့ ဝတ္ထု တစ်အုပ် ရှိတယ်၊ အဲ့ဒီဝတ္ထုထဲက ဒုတိယမင်းသမီးနေရာ အရမ်းကောင်းတယ်၊ ဒါရိုက်တာနဲ့လည်း ကိုယ် တိုင်ပင်ပြီး ပါတယ်၊ ပို့နဲ့ အဲ့ဒီဇာတ်ရုပ်နေရာနဲ့ လိုက်ဖက်တယ်"

"ဟုတ်လား ... အစ်ကို၊ ပို့ကို ဝတ္ထုပေးဖတ်နော်၊ ပို့ ဖတ်ကြည့်မယ်၊ အဲဒီလိုနေရာမျိုးသာ သရုပ်ဆောင်ခွင့်ရရင် ပို့ အရမ်းကြိုးစားမှာပါ"





နေလုလင်က မေပို့ဖြူနဲ့ စကားပြောနေဆဲမှာ ဘုန်း ကာရန်၏ ကား ခြံထဲဝင်လာတာကို လှမ်းမြင်လိုက်ရတာပင်။

ပို့က ကာရန့်ကားကို လှမ်းကြည့်ရင်း ...

"ကာရန်တော့ လာပြီ၊ ဘုရား သိကြားမလို့ ကြက်သွန်ဖြူ စားမလာပါစေနဲ့လို့ ဆုတောင်းနေရတာ"

"ဟင် ... ဘာဖြစ်လို့တုန်း ပို့ရဲ့"

"အစ်ကို မသိဘူးလား၊ ကာရန်က ကြက်သွန်ဖြူ အရမ်း ကြိုက်တာ၊ ဟိုတစ်ခါ သူနဲ့ ပို့နဲ့ မျက်နှာချင်းနီးနီးကပ်ကပ် စကားပြောရတဲ့ အခန်းရိုက်တုန်းက သူ့ပါးစပ်က ကြက် သွန်ဖြူနံ့တွေ အရမ်းနံနေတာ၊ ပို့ဖြင့် mood အောက်လိုက် တာ အရမ်းပဲ"

ပို့က နှာခေါင်းလေး ရှုံ့၍ ပြောလိုက်သဖြင့် သူက ပြုံးမိသွားလိုက်မိသည်။

ကာရန်က ကားပေါ်ကဆင်းလာပြီး နေလုလင်တို့ ဘက်ကို တစ်ချက်လှမ်းကြည့်ပြီး ရှုတင်အိမ်ထဲ ဝင်သွားသည်။ နေလုလင်နဲ့ ပို့မေဖြူက အိမ်အပြင်ဘက် အမိုးဝိုင်းကလေးအောက် ခုံလေးမှာ ထိုင်ရင်း စကားပြောနေခဲ့ကြတာ ဖြစ်ပါသည်။

"အစ်ကို ... ကာရန်လည်း ရောက်ပြီဆိုတော့ ပို့ ရိုက်ရ မယ့် အခန်းလေး သွားရိုက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ ပျို၊ ခုန ဒါရိုက်တာပြောတာတော့ အဲ့ဒီအခ
က ခြံထဲမှာ ရိုက်မှာတဲ့"

"ဟုတ်တယ် အစ်ကို ... ပျို အဝတ်အစား သွားလဲလိုက်
မယ်"

ပျိုက အိမ်ဘက်သို့ ပြန်လျှောက်သွားသည်။ သူ
ခြံထဲမှာပဲ ထိုင်ကျန်နေခဲ့သည်။

ခဏကြာတော့ မီးထိုး မှန်ထိုးအဖွဲ့တွေ၊ စက်အ
တွေက ခြံထဲကို ဆင်းလာကာ အိမ်ရှေ့ မြက်ခင်းပေါ်မှာ ရိုက်
ရေးလုပ်ဖို့ ပြင်ဆင်နေကြသည်။

ရိုက်ကွင်းတည်သည့် နေရာဟာ သူထိုင်နေတဲ့ နေ
နဲ့လည်း မဝေးတာမို့ သူက ရိုက်ကွင်းပြင်နေသည့် နေရာ
လှမ်းမျှော်ကြည့်နေလိုက်ပါသည်။

"ကဲ ... အားလုံးအသင့်ဖြစ်ရင် ရိုက်မယ်"

ဒါရိုက်တာ၏ အသံကို ကြားရသည်။ ကာရန်
မေပျိုဖြူက ကင်မရာတွေရှေ့သို့ ရောက်လာသည်။

"ကဒ် ..."

ကဒ်အော်သံနှင့်အတူ ဘေးလူတွေအားလုံး တိ
ဆိတ်သွားကြချိန်မှာ ကာရန်နှင့် မေပျိုဖြူတို့ ကတောက်က
ပြောဆို စကားများသည့် အခန်းကို ရိုက်နေသည်။ ထိုအချိန်မှ





ာရန်က မေပျိုဖြူကို ဒေါသဖြင့်ပြောဆိုရင်း မေပျိုဖြူ ပခုံးကို
ကြမ်းကြမ်း လှမ်းကိုင်ပြီး အားကုန်ဆောင့်တွန်းပစ်လိုက်ပါသည်။

"အား ..."

"ဟာ ..."

"ဟယ် ... သမီးလေး ... ပျို"

ပျိုက နောက်ဘက်သို့ ဖင်ထိုင်လျက်လေး လဲပြို
သွားကာ ညည်းညူနေသည်။ ပျို့ မိတ်ကပ်မာမီက ကော့တော့
ာ့တော့နှင့် ရိုက်ကွင်းထဲသို့ ပြေးဝင်လာပြီး ပျို့ကို ဆွဲထူလိုက်
သည်။

"သမီးရယ် ... ပျိုကလေး ... အရမ်းနာသွားလားဟင်၊ ထ
ပျိုလေး ... ထ၊ ငါ့သမီးလေး သနားပါတယ်ဟယ် ..."

မိတ်ကပ်ဆရာက ပျို့ကိုဆွဲထူရင်း ကာရန့်ကို စောင်း
င်းငမ်း ကြည့်သည်။

ဒါရိုက်တာက စိတ်ရှုပ်ထွေးဟန်ဖြင့် ...

"ကာရန် ဒီလောက်မလိုဘူးလေကွာ ..."

"ဆောရီး ... ကျွန်တော် မုဒ်အရမ်းဝင်သွားလို့ အရှိန်လွန်
သွားတာ"

"ကဲ ... ကဲ ... ပျို ခဏနားလိုက်ဦး၊ ရိုက်ကွင်း ခဏနား
မယ်ဟေ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားချိန်မှာ နေလုလင်က ပို့ဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ ကာရန် တမင်လုပ်လိုက်တာဟာ အသိသာကြီး ...။ ခုန ပို့နဲ့ နေလုလင် စကားပြောနေတာကို တစ်ချက်လှမ်းကြည့်သွားတဲ့ ကာရန့်ရဲ့ မလိုတမာ အကြည့်တွေကိုလည်း နေလုလင်က သဘောပေါက်သည်။

ပို့ မိတ်ကပ်မာမီက မျက်နှာရှုံ့မဲ့ ညည်းတွားနေသော ပို့ကိုတွဲကာ အိမ်ဘက်သို့ ခေါ်လာနေသည်။ ကာရန့်ရှေ့က ဖြတ်အလျှောက်မှာ ကာရန့်ကို မသိမသာ မျက်စောင်းထိုးကြည့်ရင်း မကြားတကြား လေသံဖြင့် ...

"ဟင်း ... ဟင်း ... မသိရင်ခက်မယ်၊ မပြောချင်လို့ ကြည့်နေတာ၊ တို့ပြောဖြစ်လိုက်ရင် မကောင်းရှိတော့မယ်နော် ဟင်း ဟင်း ... အပုန်းတွေ အပုန်းတွေ ... အပုန်းဘဝကနေ အပွင့်ဖြစ်သွားမယ် ... ဘာမှတ်လဲ ..."

မိတ်ကပ်မာမီရဲ့ မကြားတကြား ကြိမ်းဝါးသွားသံ ကြောင့် နေလုလင် ခြေလှမ်းတွေ ရပ်တန့်သွားခဲ့သည်။

သူ ပို့ဆီလည်း မသွားဖြစ်၊ ကာရန့်ဆီလည်း မသွား ဖြစ်၊ ကြားလိုက်ရသော စကားကြောင့် ရှော့ခ်ရကာ ငြိမ်သက်သွား ခဲ့ရသည်။ ကြက်သီးဖြန်းခနဲ ထကာ စိတ်နှလုံး တုန်လှုပ်သွား





ရသည်။ အမှန်ပဲလား ... ဒါဟာ အမှန်ကြီးလား။ သံသယတွေ ရှိပေမယ့်လည်း မဖြစ်နိုင်ပါဘူး၊ မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေတဲ့ ကြားက ဒီလို ကြိမ်းဝါးသွားသံကို ကြားလိုက်ရတာမို့ အံ့သြတုန် လှုပ်ကာ ဒူးတွေတောင် ညွတ်ချင်ချင်။

ကာရန်ဟာ ဒီလိုစိတ်ကြီးနဲ့မို့ နေလုလင်နဲ့ ရင်းနှီး ...တ်သက်တဲ့ မိန်းကလေးတွေကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ ...ာလား။

နေလုလင်က စိတ်ရှုပ်ထွေးလာကာ ကိုယ့်ကားရပ် ...ားသည့် နေရာသို့သာ လျှောက်လာခဲ့လိုက်သည်။ သူ့ဘာသာ ...ပုန်း ဟုတ်ဟုတ် မဟုတ်ဟုတ် ပို့ကို ဒီလိုလုပ်လိုက်တာကို ...ကြိုက်တာမို့ ကာရန့်ကို စကားပြောချင်စိတ်တောင် မရှိတော့ပါ။

"ကိုနေ ..."

ကာရန်က နေလုလင်ကို လှမ်းခေါ်ရင်း နောက်မှ ...ပြေးလိုက်လာသည်။ သူ လှည့်မကြည့်ဖြစ်။

"ကိုနေ ... ကိုနေ ..."

ကာရန်က အမောတကော ပြေးလာကာ သူ့နားမှာ ...ပ်လိုက်ပြီး သူ့ကို သနားစဖွယ် မျက်နှာငယ်လေးနှင့် ကြည့် ...ောက် ...

"ကိုနေ ... ကျွန်တော် တမင်လုပ်တာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းပန်ရှိကျိုးသလို ပြောလိုက်သည်။ နေ
လုလင်က နှုတ်ခမ်းကို တင်းတင်းစေ့ထားကာ ကာရန့်ကို ခ
တင်းတင်း တစ်ချက်သာ စိုက်ခနဲ ကြည့်လိုက်ပြီး တုံ့ပြန်စကား
မဆိုဘဲ ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်သည်။

သူ ကားမောင်းထွက်လာတော့ ကာရန်က ခြံဝင်
ခပ်သွက်သွက် ပြေးလိုက်လာသည်။

သူက ကားကို အရှိန်မလျော့၊ ကာရန့်ကိုလည်
မကြည့်ဘဲ ကားကို အရှိန်မြှင့်၍ မောင်းထွက်လာခဲ့ပါသည်။

● ● ●



(၁၀)

"ကျွတ် ... ခေါ်ပြန်ပြီကွာ ..."

နေလုလင်က ဒီနေ့အဖို့ ဘယ်နှကြိမ်မြောက်မှန်းမသိ ခေါ်လာသော ဖုန်းကို ငုံ့ကြည့်ရင်း ညည်းတွားလိုက်မိသည်။

"ကာရန့်ဆီကလား ..."

"အေး ..."

နေလုလင်က မောင်မိုးမေးတာကို ပြန်ဖြေရင်း ဖုန်းကို ပါဝါပိတ်ပစ်လိုက်ပါသည်။

မောင်မိုးက ကားဆက်ရန် ဖိုင်ကြမ်းတွေကို ကွန်ပျူတာထဲ ကူးထည့်နေရင်းက ထိုင်ခုံကို ချာလည်လှည့်၍ သူ့ဘက်ကို လှည့်လာပြီး ...

"ကိုကို ... ကာရန့်ကို လုံးဝ မပတ်သက်တော့ဖို့ ဆုံးဖြတ်ထားတာလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မပတ်သက်ချင်တော့ဘူးကွာ၊ သူ့ကိုတော့ ယောဇဉ်ရှိပါတယ်၊ ဒါပေမယ့် သူနဲ့ ပတ်သက်တိုင်း စိ ရှုပ်ရတယ်၊ ရှေ့ဆက်ပတ်သက်နေရင် ဘယ်လိုပြဿနာ တွေ ပေါ်လာမလဲ မသိနိုင်ဘူးလေ"

"သူကတော့ ကိုကို့ကို တောင်းပန်ချင်လို့ ဖုန်းခေါ်ခေါ် တာ ထင်တယ်"

"ဟုတ်တယ် ... ပျို့ကိစ္စဖြစ်ပြီးကတည်းက နေ့တိုင်း ခေါ် နေတာ၊ ငါ ဖုန်းချပစ်တယ်၊ မကိုင်ဘဲ နေတယ်၊ ဒါလည်း ဒီနေ့ထိ ခေါ်နေတုန်းပဲ၊ ဒီပုံအတိုင်းဆို သူ့ဖုန်းနံပါတ် black list ထဲ ထည့်ထားမှထင်တယ်"

"ကိုကို ဒီလိုကြီး ရှောင်နေရင် သူကလည်း ကိုကို စိတ် ပြေအောင် အမျိုးမျိုး ကြိုးစားမှာပဲ၊ သူ အိုဗာတွေ လျှော လုပ်နေရင် ကျွန်တော်တို့ အသိုက်အဝန်းကလည်း ယုန် ကြောင်ထင် ဖြစ်ကုန်ဦးမယ်၊ ဖုန်းကိုင်ပြီး ပြတ်ပြတ်သား သား ပြောလိုက်တာက ကောင်းမယ်ထင်တယ်"

ညီညီ ပြောတာလည်း ဟုတ်သလိုလိုမို့ သူက မှောင်ကြုတ်ကာ ငြိမ်ပြီး စဉ်းစားနေဆဲမှာပဲ အောက်ထပ် ဝန်ထမ်း ကောင်လေးက အပေါ်ထပ်သို့ တက်လာကာ ...

"အစ်ကို ... ကာရန် အောက်ထပ်မှာ ရောက်နေတယ်





ဟု လှမ်းပြောလိုက်သည်။ မောင်မိုးက သူ့ကို 'ကျွန်တော် မပြောဘူးလား' ဟူသော အကြည့်မျိုးနှင့် တစ်ချက် လှမ်းကြည့်သည်။

"သူလာရင် ငါမရှိဘူးလို့ ပြောခိုင်းထားတယ်လေကွာ"

"ပြောတာပဲ အစ်ကို၊ ဒါပေမယ့် သူက အစ်ကို ပြန်လာတဲ့ အထိ စောင့်နေမယ်တဲ့၊ ရုံးရှေ့မှာ သူ့ကားရပ်ပြီး ကားထဲ မှာ သွားထိုင်စောင့်နေတယ် အစ်ကို ..."

"အေး ... ပြီးရောကွာ"

ဝန်ထမ်း ကောင်လေးက အောက်ထပ်သို့ ပြန်ဆင်းသွားသည်။ ကာရန်ဟာ သူ့ကို ဖုန်းလည်းဆက်၊ တွေ့ဖို့လည်း အကြိမ်ကြိမ် ကြိုးစားနေခဲ့သည်။ ခုနောက်ပိုင်းမှာ သူက အပေါ်ထပ် လှေကားထိပ်က တံခါးကို အမြဲပိတ်ထားကာ ကာရန် လာတိုင်း 'မရှိဘူး' ပြောခိုင်းနေရတာမို့ ကြာရင် အနီးအနားက လူတွေပါ ရိပ်မိကုန်တော့မှာပင်။

"ဟဲလို ..."

"ဟဲလို ... ဟဲလို ... ကိုနေလား ... ကိုနေလားဟင်"

ရုတ်တရက် ဝမ်းသာသွားပုံရသော အသံက တုန်ရင်လှိုက်လှဲလွန်းနေသည်။ စိတ်လည်း မကောင်း။ သနားလည်း သနားရပါသည်။ သို့သော် ... ပြတ်ပြတ်သားသားတော့ ပြောရဆောင့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ ... ဖုန်းပြန်ခေါ်ပေးတာ ကျေးဇူးပဲနော်၊ ကျွန်တော် ပျော်လိုက်တာ ကိုနေ၊ ကျွန်တော်လေ ... ကိုနေ့ကို အရင် တွေ့ချင် ..."

"ကာရန် ..."

"ဗျာ၊ ပြောပါ ကိုနေ ... ကိုနေ အရင်ပြောပါ၊ ကျွန်တော် ပြောချင်တာက အရမ်းများနေ ..."

"ကာရန် ... ကျေးဇူးပြုပြီး မင်း ငါ့ကို မဆက်သွယ်ပါနဲ့ တော့၊ ငါ မင်းနဲ့ မပတ်သက်ချင်တော့လို့ပါ"

"ကိုနေ ... ကျွန်တော် ... တောင်းပန် ..."

"မင်းနဲ့ လုပ်လက်စ အလုပ်ကိစ္စတွေ၊ လုပ်ထားတဲ့ အလုပ် ကိစ္စတွေကို ငါ့မန်နေဂျာနဲ့ပဲ ပြောလိုက်ပါ ကာရန်၊ ငါ တောင်းဆိုတာပါ၊ ငါ အေးအေးဆေးဆေး နေချင်လို့ပါ"

"ကို ... ကိုနေ ... ကျွန်တော်လေ ... ကျွန်တော် ..."

နေလုလင်က ကာရန့်စကားကို ဆုံးအောင် စောင့် မနေတော့ဘဲ ပြောစရာရှိတာ ပြောပြီးသည်နှင့် ဖုန်းချပစ်လိုက်ပါ သည်။

● ● ●



(၁၁)

တကယ်တော့ ကာရန့် ပြဿနာဟာ ဒီလောက်ကြီး အားလာလိမ့်မယ်လို့ နေလုလင် မထင်ခဲ့။ ကာရန်နဲ့ မတွေ့ဆုံ ပတ်သက်တော့တဲ့ နောက်မှာ အေးအေးဆေးဆေး ပြီးဆုံးသွား လိမ့်မည်ဟုသာ နေလုလင်က ထင်ခဲ့ပါသည်။

သို့သော် ... သူထင်သလို မဟုတ်ခဲ့ ...။

အဲဒီနေ့က အပြင်မှာ မိုးတွေ သည်းသည်းထန်ထန် ရွာချနေခဲ့သည်။ နေလုလင်က Rose Park ထဲက ရှူတင်အိမ်မှာ ရှိနေခဲ့သည်။ မိုးတွေ တအားသည်းနေရင် ရှူတင်ကို ခဏနား လိုက်၊ မိုးစဲလျှင် ပြန်ရိုက်လိုက်ဖြင့် ရှူတင်အိမ်ကြီးထဲမှာ သူတို့ ရိုက်ကူးရေးအဖွဲ့သားတွေ အားလုံး စုံစုံညီညီ ရှိနေခဲ့ကြသည်။

ရိုက်ကွင်းက အပေါ်ထပ် ဧည့်ခန်းထဲမှာမို့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



က အပေါ်ထပ်မှာ၊ သူတစ်ယောက်သာ အောက်ထပ် ထမင်း ခန်းထဲမှာ ထမင်းစားနေခဲ့သည်။ ရုံးပြန်ပြီး ရုံးရောက်မှ စား မည်ဟု စဉ်းစားထားပေမယ့် မိုးသည်းနေတာမို့ မပြန်ဖြစ်သေး ရှုတင်ထမင်းဟင်းကိုသာ စားဖြစ်သွားသည်။

ကျန်တဲ့ အဖွဲ့သားတွေအားလုံးက စားပြီးသွား ပြီ။ စက်အဖွဲ့ ကောင်လေးတစ်ယောက်က သူ့အတွက် ရှု ထမင်းဟင်း ယူထားပေးသဖြင့် သူက နောက်ကျတော့မှ တ ယောက်တည်း ထိုင်စားနေခဲ့သည်။

မိုးက သည်းလိုက်၊ စဲလိုက်၊ ပတ်ဝန်းကျင်တစ် လုံး မှောင်ရီနေသည်။ ရိုက်ကွင်းကလည်း နားလိုက်၊ ပြန်ရို လိုက် ...။ ပျင်းစရာ ကောင်းနေသည်။

ထိုအချိန်မှာပဲ ကာရန်က မိုးရေစက်လက်ဖြင့် ရှေ့သို့ ရောက်လာခဲ့တာ ဖြစ်သည်။

ကာရန် အိမ်ထဲဝင်လာတာကို သူ လှမ်းမြင်ရသည် ထမင်းစားခန်းဟာ ဧည့်ခန်းနှင့် တစ်ဆက်တည်း အကာအရံ တာမို့ ကာရန်ကလည်း သူ့ကို မြင်ကာ သူ့ရှေ့သို့ လျှောက် သည်။

"ကာရန် ... မင်း ဘာလာလုပ်တာလဲ၊ ဒီမှာ မင်း အ ရိုက်စရာလည်း မကျန် ... ဟာ ... ဟော့ ..."

ပုညခင်စာအုပ်တိုက်



သူ့စကားမဆုံးခင် ကာရန်က သူ့ခြေရင်း ကြမ်းပြင် ဒူးထောက်ထိုင်ချလိုက်သည်။

"ကာရန် ... မင်း ဒါဘာလုပ်"

"ကိုနေ ... ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော့်ကို ခုလို ရှောင်မနေပါနဲ့၊ ကျွန်တော် မခံစားနိုင်လို့ပါ၊ ကိုနေ့ ဥပေက္ခာကို ကျွန်တော် ခံနိုင်ရည် မရှိလို့ပါ ကိုနေရယ် ..."

သူ့ခြေရင်းမှာ ဒူးတုပ်ထိုင်လျက် သူ့ကို မော့ကြည့် သော မျက်ဝန်းတွေဟာ ယောကျ်ားတစ်ယောက်ရဲ့ မျက်ဝန်း မဟုတ်။ ကျွန်တော်ဟု ပြောနေသော်လည်း သူ့နှုတ်ထွက် အားတွေက ယောကျ်ားစကား မဟုတ်။ အသနားခံ အောက်ကျို့ သို့နေသော မျက်ဝန်းတွေနှင့် စကားလုံးတွေက သူ့ကို အံ့အား င့် ချောက်ချားသွားစေသည်။ ရှက်ရွံ့သွားစေသည်။

"မင်း ဘာတွေ လာပြောနေတာလဲ၊ သွားစမ်း ... ကာရန်၊ မင်း ငါ့ရှေ့က ခုထွက်သွား၊ မင်း ငါ့ကို စိတ်ရှုပ်အောင် လုပ်တာတွေ ငါ မခံနိုင်တော့ဘူး၊ မင်းနဲ့ မပတ်သက်ချင် တော့ဘူး ..."

သူ ချောက်ချားခါးသီးစွာ သတိလက်လွှတ် အော် လိုက်သည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... ကာရန့် မျက်လုံးထဲက မျက်ရည်ေ
ပိုးပိုးပေါက်ပေါက် ကျလာပါလား ...။

ကာရန့် မျက်ရည်တွေကို သူက ကြောင်ငေးကြည
နေဆဲမှာ ကာရန်က တစ်ချက်ရှိုက်ငင်ကာ ...

"ကျွန်တော် ... ကိုနေ့ကို ချစ်လို့ပါ၊ ကိုနေ့ကို ချစ်
ဒီလိုလုပ်မိတာပါ"

"ဘာ ... ဘာ ... မင်း"

ကာရန့် စကားက သူ့ကို ရှော့ခ်ရသွားစေခဲ့သည်

"ကိုနေကို ကျွန်တော် အရမ်းချစ်တယ်၊ ဟောဒီ ကျွန်တေ
နှလုံးသားထဲက နင့်နေအောင် ချစ်တယ်၊ ကျွန်တော် မ
သားဖြစ်ချင်လို့ ကိုနေ့နားမှာ နေခဲ့တာ မဟုတ်ဘူး၊ ကို
ကို ချစ်လို့ ကိုနေ့နားမှာ နေခဲ့တာ၊ ကိုနေ့ကို ဂရုစိုက်
တာ၊ ကိုနေ့ ဝေယျာဝစ္စတွေကို လုပ်ပေးခဲ့တာ၊ ကျွန်တေ
ခန္ဓာကိုယ်က မိန်းမသား ခန္ဓာကိုယ် မဟုတ်ပေမယ့် ကျ
တော့် ရင်ဘတ်ထဲက နှလုံးသားက မိန်းမသား နှလုံးသ
ပါ၊ မိန်းမသား နှလုံးသား၊ မိန်းမသား အသိဉာဏ်
ကိုနေ့ကို မြတ်မြတ်နိုးနိုး ချစ်ခဲ့မိတာပါ"

"မင်း ... မင်း ... ထွက်သွားစမ်း ... ကာရန်၊ ကျက်သ
မရှိတဲ့ စကားတွေ ငါ့ကို လာမပြောနဲ့၊ အဓိပ္ပာယ်မရှိတ
လာမပြောနဲ့၊ မင်း ရူးနေလား ... ရူးနေလားကွ ..."





နေလုလင်က ရက်စိတ်၊ မာနစိတ်၊ အံ့ဩ တုန်လှုပ်
စိတ်ဖြင့် တုန်ရင်အက်ကွဲစွာ အော်လိုက်သံဟာ မိုးသံတွေကိုပင်
ဖွင်းဖောက်စူးရှ မြည်ဟည်းသွားခဲ့သည်။

လေကားဆီမှ ခြေသံများ၊ မျက်ဝန်းများ၊ အားလုံး
၏ အလယ်မှ ကြောက်ရွံ့ သိမ်ငယ်နေသော ကာရန့်မျက်လုံးများ၊
ကာရန့်မျက်ရည်များ၊ ဖြုန်းခနဲ ထရပ်လိုက်ပြီး အိမ်ပြင်သို့ ပြေး
ထွက်သွားသော ကာရန် ...။ မိုးရွာကြီးထဲမှာ အရှိန်ပြင်းစွာ
မောင်း ထွက်သွားသော ကာရန့် ကား ...။

သူ့တစ်ကိုယ်လုံး တုန်ရင်လျက် ချွေးတွေရွှဲနစ် ကျန်
ခဲ့သည်။

ထို့နောက် အမျိုးအမည် မတပ်တတ်သော ခံစား
ချက်ပေါင်းစုံ ပြွန်းတီးလျက် သူက လက်သီးကို ကျစ်ကျစ်ပါအောင်
ဆုပ်ကာ နံရံကို လက်သီးဖြင့် ပစ်ထိုးလိုက်မိပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် ဘုန်းကာရန်သည် နေလုလင်တို့ အသိုက်အဝန်းမှ လုံးဝ ပျောက်ဆုံးသွားခဲ့ပါသည်။

● ● ●



ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက်

၄ နှစ်ကြာသောအခါ . . .

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

“တီးတောင် … တီးတောင်”

မိုးတွေ သဲသဲမဲမဲ ရွာနေခဲ့သော တနင်္ဂနွေ နံနက်ခင်း အခုမှာ နေလုလင်၏ ရုံးခန်း တံခါးဝမှ ဘဲလ်မြည်သံကို ကြားလာသည်။

အချိန်က မနက် ၉ နာရီ။ မစောတော့ပြီဖြစ်သော်လည်း သူကတော့ အိပ်ရာထဲမှာ မိုးအေးအေးနှင့် ကွေးနေဆဲ …။

“တီးတောင် …”

“လာပြီဟေ့ … လာပြီဟ”

သူက ရေရွတ် ညည်းတွားရင်း အိပ်ရာမှ ထရသည်။ ၍ မထလို့လည်း မဖြစ်။ အောက်ထပ် ရုံးခန်းထဲမှာ ဘယ်သူမှ [illegible] မင်းသမီး ရွှေပန်းချို့ ညီမ ငွေပန်းချိုနှင့် မောင်မိုးကလည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျသွားခဲ့ပြီမို့ သူ့ရုံးခန်းမှာ လာမအိပ်နိုင်တော့။ ည ဆို ဒီအခန်းထဲမှာ သူတစ်ယောက်တည်းသာ ရှိနေသည်။ မော မရှိတော့လည်း ပျင်းစရာတော့ နည်းနည်း ကောင်းပါသည်

မောင်မိုးဘ၀က ပြောင်းလဲသွားပေမယ့် သူ့ဘ တော့ အပြောင်းအလဲ မရှိခဲ့။ အပြောင်းအလဲဆိုလို့ ကောင်မ တွေနှင့် တွဲဖို့ စိတ်မပါတော့တာပဲ ရှိသည်။ ကြာတော့လ ရိုးအီ ငြီးငွေ့ခဲ့ပြီလေ။

နေလုလင်က ညအိပ်ဝတ်သည့် ဝတ်စုံကို မလဲ ဘဲ အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းလာခဲ့သည်။ ဆင်း ရင်း မျက်လုံးထောင့်စွန်းကို လက်ညှိုးဖြင့် ပွတ်၍ မျက်ချေး လာပါသည်။ အိပ်ရာနိုးစမို့ လူက ညှင်းသိုးသိုးနှင့် မလန်း

သူ အခန်းတံခါးချပ်ကို ဆွဲဖွင့်လိုက်တော့ မိုးရေ တွေက အခန်းထဲသို့ ဖျန်းပက်စင်လာသည်။ အပြင်မှာ လေ တိုက်နေခဲ့တာပဲ ...။ မိုးရေတွေက သူ့မျက်နှာကို ဖြန်းပက် ဖြစ်သွားတာမို့ သူက မျက်လုံးကို ဖျတ်ခနဲ မှိတ်လိုက်ပြီး မျ ပေါ်က မိုးစက်တွေကို လက်ဖဝါးဖြင့် ပွတ်သုတ်လိုက်သည်

သူ လက်ကိုဖယ်ပြီး မျက်လုံးပြန်အဖွင့်မှာ...

အလင်းရောင်ကို ကျောခိုင်း၍ ရပ်နေသော ကလေး တစ်ယောက်ကို မြင်လိုက်ရပါသည်။ ရုတ်တရက် လိုက်ရသော မြင်ကွင်းက ပုံပြင်ဆန်ဆန်လို့ပဲ ပြောရမလာ





နတ်သမီးလေးတစ်ပါး မိုးပေါ်က ကြွေသက်ကိုယ် ပြလာသလိုမျိုး ...။

ပြင်ပ အလင်းရောင်ကို ကျောခိုင်းရပ်နေတာမို့ သူမ မှာကိုယ်အလှကို နောက်ကနေ မီးဆလိုက် ထိုးထားသလိုမျိုး ကြွနေစေသည်။ စွပ်ကျယ်သားလို အသားပျော့ပျော့ ခေါင်း ဂါဝန် ကိုယ်ကျပ် ကြက်သွေးရောင်လေး ဝတ်ထားတာမို့ ပြည့်မြင့်စွင့်ချိုင့်နေသော ရင်အလှက ထင်ရှားလွန်းနေသည်။ က လက်ကောက်ဝတ်အုပ်သည့် လက်ရှည်၊ ဂါဝန် အောက် ကလည်း ခြေကျင်းဝတ်ဖုံးသည်အထိ ရှည်ပျော့တွဲအိနေသည်။ တ် ရှူးဆန်ဆန် ဒေါက်ဖိနပ်အမြင့်က ကြက်သွေးရောင်ရင့် သေး။ ဂါဝန်အကျီက လည်ပင်းပေါက် သိပ်မကျယ်သည့်အပြင် ပင်းမှာ ရစ်ခွေ၍ ပတ်ထားသော နှင်းဆီရောင် ပဝါထူထူ ကြောင့် သူမ တစ်ကိုယ်လုံးက လုံခြုံလွန်းနေသည်။ သူမ ကိုယ် တစ်ခုလုံးဟာ ကြက်သွေးရင့်ရောင် ရင့်စုံ လုံခြုံနေပြီး နှာကလေးသာ ဖွေးဖွေးထင်ထင် ပေါ်လွင်နေသည်။

မျက်နှာပေါ်က ပစ္စည်းတွေကို အထင်အရှား မြင်ချင် တာမို့ သူက အခန်းတွင်းက မီးခလုတ်ကို ကမန်းကတန်း ဖွင့်လိုက်သည်။

လင်းချင်းသွားသော အလင်းရောင်အောက်မှာ သူမ ျက်နှာကလေးကို အသေအချာ မြင်ရပေပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



လက်ရာမြောက်စွာ ထုဆစ်ထားသော ကျောက်ဆ
အနုလက်ရာလို ထင်းစင်း ပေါ်လွင်နေသော နှာတံ၊ မျက်
သေးသေးကွေးကွေးလေး၊ မျက်ရစ်ကလေး ထင်းနေသော မျက်လုံ
အိမ်နှင့် ကော့ရှည်သော မျက်တောင်တစ်စုံ၊ စူဥဖုထွေးသော နှု
ခမ်း။ ကြည်လဲ့နေသော အသားအရည်၊ ဘာဆို ဘာမှ ပြောစရ
မရှိအောင် လှပလွန်းတာမို့ သူက ခဏငြိမ်သက်ငေးကြည့်နေခဲ့
သည်။

သူမ လက်တစ်ဖက်က အနားတွန့်ကလေးတွေ ပါ
သော ပန်းနုရောင်ထီးအလှကလေးကို ဆောင်းထားပြီး ကျန်တစ်
ဖက်က သူမဂါဝန်နှင့် အရောင်တူ နှင်းဆီပန်းတစ်စည်းကို ကိုင်
ထားသည်။ စတက် ဆံပင်အရှည်ကို တစ်ခေါင်းလုံး ကောက်ထာ
သဖြင့် ဆံပင်တွန့်လိမ်ခွေလေးတွေက ပါးတစ်ဝိုက်၊ ပခုံးတစ်ဝိုက်
နှင့် ကျောပြင်တစ်ဝိုက်မှာ ဖားဖားဝေဝေ ဖြာကျနေသည်။ ဆံပင်
က အညိုရောင်။ သူမ၏ ထီးအနားမှာ မိုးရေစက်တွေ တစ်စက်
တစ်စက် ကျနေပြီး သူမရဲ့ ဆံပင်အခွေတွေ အဖျားမှာ မိုးစက်
တချို့ စိုသီးနေပါသည်။

"ဒါ ... နေကမ္ဘာ ဗီဒီယို ထုတ်လုပ်ရေး ရုံးခန်း ဟုတ်
တယ်နော်"

သာယာသော အသံကလေးကို ကြားတော့မှ
လုလင်က အသက်ဝင် နိုးကြားလာကာ ...





"ဟုတ်ပါတယ် ... ခင်ဗျ၊ ဘာကိစ္စရှိလို့ပါလဲ"

"အကျိုးတူပူးပေါင်းဖို့ကိစ္စလေး တစ်ခု ပြောချင်လို့ပါ၊ ကျွန်မ အထဲဝင်လို့ ရမလားမသိဘူး"

"ခင်ဗျာ ... ဪ ... လာပါ ... ဝင်ပါ ခင်ဗျ"

သူက တံခါးဝမှာ ပိတ်ရပ်ထားသလို ဖြစ်နေတာမို့
သို့ ခြေတစ်လှမ်း ဆုတ်၍ ဘေးကပ်ရပ်လိုက်ရင်း သူမကို
ခေါ်လိုက်သည်။ သူမ နှုတ်ဖျားက စကားလုံးတွေက လန်း
လန်းသား။ အကျိုးတူ ပူးပေါင်းဖို့ကိစ္စတဲ့ ...။ ဘာများပါ
...၊ စိတ်ဝင်စားစရာ ...။

"ပလိစ် ... ကျွန်မ လက်မအားလို့ ထီးလေး တစ်ချက် ပိတ်ပေးနိုင်မလား ..."

"အိုခေ ... ရပါတယ်"

သူက သူမလက်ထဲက ထီးကို လှမ်းယူ၍ ပိတ်လိုက်
ရုံးခန်းအဝင်ဝက ထီးထည့်သည့် ပလတ်စတစ်ပုံးထဲသို့ ထိုး
ထားလိုက်သည်။

သူမက ရုံးခန်းထဲသို့ လျှောက်ဝင်လာသည်။ သူမ၏
လျှောက်ပုံကလည်း မတ်ကျော့လန်းစွင့်နေသည်။ ကေ့
သမီး လုပ်ချင်လို့များလား ...။ ရုပ်ရည်နှင့် စတိုင်လ်ကတော့
ပြောစရာ မလို။ သရုပ်ဆောင်သာ ကောင်းလို့ကတော့
သွမ်းတောက်လိုက်မယ့် အမျိုး ...။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ... ခင်ဗျ"

သူမက သူညွှန်ပြသည့် ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြ သူမလက်ထဲက ပန်းစည်းကို ခုံဘေးစားပွဲပေါ်သို့ လှမ်းတင်ထာ လိုက်သည်။ ပန်းစည်းက လက်ဆောင်ပေးဖို့ ထုပ်ပိုးထားသည် ပန်းစည်းမျိုးတော့ မဟုတ်၊ ဘာဖဲကြိုးအလှမှ ဆင်ယင်မထားသော ရိုးရိုး နှင်းဆီပန်းစည်းပင်။

သူမ ထိုင်နေပုံက ခြေနှစ်ဖက်ကို လိမ်ယှက်၍ ချိုး ထားကာ ခါးက မတ်မတ် ...။ လက်ဖဝါးလေး နှစ်ဖက်ကို ယှက်၍ ဒူးပေါ်မှာတင်ထားသည်။ လမ်းလျှောက်ပုံသာ လှတ မဟုတ် ... ထိုင်နေပုံကလည်း လှပကျော့ရှင်းပေတာပင်။

သူမက ရုံးခန်းထဲကို ဝေ့ဝဲကြည့်လိုက်ရင်း ...

"ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ အလုပ်ပိတ်ရက်ထင်တယ် ဆောရီး ... ကျွန်မ ပိတ်ရက်ကြီး လာမိသွားတယ်"

"ရပါတယ် ခင်ဗျ၊ ကိစ္စမရှိပါဘူး၊ ပြောစရာရှိတာ ပြေ လို့ရပါတယ်၊ ကျွန်တော်က ပရိဂျူဆာပါ၊ နေလုလင်ပါ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ကိုနေလုလင် ကျွန်မက မေရှားပါ၊ ဒီမှာ ကျွန်မရဲ့ ဗစ်ဇစ်တင်းကတ် ရှင် ..."

သူမက သူမ လွယ်လာသည့် အိပ်သေးသေးလေး





လိပ်စာကတ်လေး တစ်ကတ် ထုတ်ယူပြီး သူ့ကို လှမ်းပေး သည်။ သူ လှမ်းယူငုံ့ကြည့်မိသည်။ မေရှား၊ Lavender Spa တဲ့။ ဆိုင်နာမည်ကြောင့် ဒီလို မနက်ခင်းမှာ လာဗင်ဒါ ပန်းတစ်စည်း နှင့်အတူ ရောက်လာခဲ့ဖူးသော ကာရန့်ကိုလည်း ဖျတ်ခနဲ သတိရ သွားသည်။

"ကျွန်မ ဒီဆိုင်လေး ဖွင့်ထားတာ တစ်လပဲ ရှိပါသေးတယ်၊ ဆိုင်က အသစ်ဆိုတော့ လူလည်း သိပ်မသိ၊ မိတ်လည်း မများသေးဘူး ဆိုပါတော့ ...၊ ဆိုင်ကြော်ငြာအနေနဲ့ မဂ္ဂဇင်းတွေမှာ ကြော်ငြာထည့်ထားတာတော့ ရှိပါတယ်၊ ကျွန်မ တွေးမိတာက တကယ်လို့ ကျွန်မတို့ဆိုင်မှာ ရုပ်ရှင် ဗီဒီယို ဇာတ်ဝင်ခန်းတွေ ဘာတွေ လာရိုက်ရင် ကျွန်မတို့ဆိုင်ကို ကြော်ငြာသလိုလည်း ဖြစ်မယ်၊ ရုပ်ရှင်ကုမ္ပဏီအနေနဲ့လည်း အဆင်ပြေပြေ ရိုက်စရာ နေရာလေးတစ်ခု ရမယ်၊ ကျွန်မ တို့ဆိုင်က တနင်္လာနေ့ တစ်ရက် ပိတ်တယ်လေ၊ ပိတ်ရက်မှာ လာရိုက်လို့ ရပါတယ်။ နှစ်ဦး နှစ်ဖက် အကျိုးရှိတာမို့လို့ အခကြေးငွေလည်း ပေးစရာ မလိုပါဘူး"

သူမ ပြောတဲ့ အကျိုးတူပူးပေါင်းဖို့ ကိစ္စဆိုတာ ဒါလား။ သူကတော့ သူမကို မြင်ကတည်းက ဘယ်လိုနည်းနဲ့ပဲ ပူးပေါင်း ပူပေါင်း ပူးပေါင်းဖို့ အဆင်သင့်ပင်။ သူမက ပူးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဖို့ကိစ္စ မပြောတောင် ကိုယ့်ဘက်က ပူးပေါင်းဖို့ကိစ္စတစ်ခုခုတော့ ရှာကြံပြီး မဖြစ်ဖြစ်အောင် ပူးပေါင်းဖို့ စိတ်ကူးနေခဲ့တာပင်။

"ကိုနေလုလင်တို့ တိုက်က ထုတ်တဲ့ ဗီဒီယိုကားတွေ တော်တော်များများလည်း ကျွန်မ ကြည့်ဖူးပါတယ်၊ ဇာတ်ကားတွေ ကြည့်ရင်း ကိုနေလုလင်တို့ ထုတ်လုပ်ရေးတိုက်ကို စိတ်ဝင်စားတာနဲ့ ဒီတိုက်ကိုပဲ လာပြောကြည့်ဖို့ ရွေးလိုက်တာပါ၊ ကျွန်မက ၁၀ နာရီလောက် ဆိုင်သွားဖွင့်ရမှာမို့လို့ စောစော လာလိုက်မိတာ၊ ဒီနေ့မှ မိုးကလည်း ရွာလိုက်တာ၊ အိပ်ရာက နိုးသလိုဖြစ်သွားရင် ဆောရီးပါနော်"

"ရပါတယ် ခင်ဗျ၊ မမေရှား လာတဲ့အချိန်က မစောပါဘူး၊ ကျွန်တော်သာ အိပ်ရာထ နောက်ကျနေတာပါ"

"မေရှားလို့ပဲ ခေါ်နိုင်ပါတယ် ကိုနေလုလင်၊ ကျွန်မတို့ နှစ်ယောက်က အသက် သိပ်မကွာဘူးထင်ပါတယ်"

အပြောအဆို လေယူလေသိမ်းကလေးတွေက ညင်သာညက်ညောလွန်းပြီး နွေးထွေးရင်းနှီးနေသည်။ သူမနဲ့ စကားပြောရတာဟာ သိပေါင်း ကျွမ်းပေါင်းနဲ့ စကားပြောနေရသလိုမျိုး နွေးထွေးနေပါသည်။

"ကျွန်မရဲ့ Spa ဆိုင်လေးနဲ့ တွဲရက် ကော်ဖီဆိုင်လေးလည်း ဖွင့်ထားပါတယ် ကိုနေလုလင်၊ ကော်ဖီဆိုင်က သိပ်အကြီးကြီးတော့ မဟုတ်ပေမယ့် ဗီဒီယိုလာရိုက်လို့ရအောင်တော့ ကျယ်ဝန်းပါတယ်၊ ကော်ဖီဆိုင်ထဲမှာ လာရိုက်ချင်ရင်လည်း ရပါတယ်"





"ကျေးဇူးပါ မေရှား၊ မေရှား ခုလို လာပြောတာ ကျွန်တော်တို့အတွက် အရမ်းအဆင်ပြေသွားပါတယ်၊ ကျွန်တော်တို့ ထုတ်လုပ်ရေးက ကားရိုက်တွေ ဆက်တိုက်ရှိတော့ လိုကေးရှင်းတွေကလည်း အရမ်းထပ်နေပြီလေ၊ မရိုက်ဖူးသေးတဲ့ ဆိုင်မှာ ရိုက်ခွင့်ရတော့ အရမ်း အဆင်ပြေသွားတာပေါ့"

"လုလင်လို့ ခေါ်လို့ ရမလားဟင် ..."

"ခင်ဗျာ ..."

သူမရဲ့ ခွင့်တောင်းစကားက သူ့ရင်ကို လှိုက်ခုန်မြသွားစေပါသည်။ သူမက နွေးရှရှ အကြည့်ကလေးဖြင့် သူ့ကို ကြည့်နေသည်။

"ရပါတယ် ခင်ဗျ၊ ဘယ်လိုပဲခေါ်ခေါ် အဆင်ပြေပါတယ်၊ ခွင့်ပြုပါတယ်"

"အိုခေ ... လုလင်၊ ဒီနေ့ကစပြီး ကျွန်မတို့ နှစ်ယောက် သူငယ်ချင်းဖြစ်ပြီလို့ ယူဆလိုက်တော့မယ်နော်"

သူမက ခပ်နွေးနွေးလေး ပြုံး၍ပြောလိုက်တာမို့ သူ ထိုအပြုံးမှာ မျောသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူဆပါ … ယူဆနိုင်ပါတယ်၊ ကျွန်တော်လည်း မေရှားနဲ့ သူငယ်ချင်း ဖြစ်ခွင့်ရချင်ပါတယ်"

"ကျွန်မက နိုင်ငံခြားမှာ အချိန်အကြာကြီး ကျောင်းသွားတက်ခဲ့တော့ ဒီမှာ သူငယ်ချင်းမိတ်ဆွေ သိပ်များများစားစားမရှိဘူးလေ၊ အဲ့ဒါကြောင့် ရွယ်တူချင်းတွေ့ရင် သူငယ်ချင်းပဲ ဖြစ်ချင်နေတော့တာ"

သူငယ်ချင်းပဲလား မေရှားရယ် …။ ကျွန်တော့်ဘက်က တစ်ဆင့်တက်ခွင့်ကို တောင်းဆိုခဲ့ရင်ကော …။ နေလုလင်က ကိုယ့်အတွေးနဲ့ကိုယ် ကျိတ်၍ သဘောမနော ခွေ့နေသည်။

"ကျွန်တော်လည်း ဘာကြောင့်မှန်းတော့ မသိဘူး၊ မေရှားနဲ့ တွေ့ရတာ ကိုယ် ရင်းနှီးတဲ့သူတစ်ယောက်ယောက်နဲ့ တွေ့ရသလိုပဲ၊ မေရှားကို မြင်ဖူးသလိုလို၊ ကျွန်တော့် အသိတစ်ယောက်နဲ့ တူသလိုလိုနဲ့ …"

"အဟင်း … ဟုတ်လား …"

သူမက မျက်ခုံးလေးတစ်ချက် ပင့်ကာ ပြုံးသည်။ ပြီးတော့ သူမအေး စားပွဲပေါ်မှာ တင်ထားသည့် ပန်းစည်းကို လှမ်းယူလိုက်ပြီး နေလုလင်ထံ ကမ်းပေးလိုက်ပါသည်။

"ဒီကိုလာခါနီး တစ်ခုခု ဝယ်လာဖို့ စဉ်းစားပေမယ့် ဘာဝယ်ရမှန်း မသိတာနဲ့ ဒီအတိုင်း ထွက်လာလိုက်တာ၊ လမ်း





ထိပ်ရောက်မှ ပန်းသည်တွေ့လို့ ပန်းတွေပဲ ဝယ်လာခဲ့လိုက်တယ်၊ ဘုရားကပ်လို့ ရတာပေါ့ရှင် …"

နေလုလင်က သူမ ကမ်းပေးနေသည့် ပန်းစည်းကို လှမ်းယူလိုက်ရင်း …

"ကျေးဇူးပါ မေရှား၊ ကျွန်တော် ဘုရားပန်း ကပ်လိုက်ပါ့မယ်၊ ကုသိုလ်ကတော့ တစ်ယောက်တစ်ဝက်ပေါ့ …၊ ဘုရားပန်းလှူရင် အဆင်းလှတယ်တဲ့၊ နောက်ဘဝကျရင် ကျွန်တော်တို့ နှစ်ယောက်စလုံး မိန်းမချော ယောကျ်ားချောလေးတွေ ဖြစ်လာကြမှာပေါ့ …"

မေရှားက တစ်ချက်ပြုံးလိုက်ပြီး …

"ကဲ … ခွင့်ပြုပါဦးနော်၊ ရိုက်ကူးရေးရှိရင် ဖုန်းသာ ကြိုဆက်လိုက်ပါ၊ အားလုံး အဆင်ပြေအောင် စီစဉ်ထားလိုက်ပါ့မယ်"

"ကျေးဇူးပါ …"

"ကျွန်မကလည်း ကျေးဇူးတင်ပါတယ် လုလင်"

သူမက ထိုင်ရာမှထပြီး သူ့ကို နှုတ်ဆက်သည်။ သူက သူမကို ရုံးခန်းတံခါးဝထိ လိုက်ပို့လိုက်သည်။ သူမက သူမ ထီးလေးကို ဆွဲယူဖွင့်လိုက်ပြီး မိုးရေထဲသို့ လှမ်းထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့် ရှာသော မိုးကြောင့် အေးမြနေခဲ့သော နံနက်ခင်းလေးက နွေးထွေး၍ ကျန်ခဲ့ပါသည်။ အပြင်မှာ ဘ လောက်အေးအေး သူ့နှလုံးသားနှင့် အနီးတစ်ဝိုက်မှာတော့ ရာ ဥတု သာယာနေခဲ့ပါသည်။

တိုက်တိုက်ဆိုင်ဆိုင် သူမ ရောက်လာသော ဒီနေ့ သူ့မွေးနေ့လည်း ဖြစ်နေခဲ့ပါသည်။

ထိုနေ့ညနေမှာ နေလုလင်က နှစ်တိုင်းပြုနေ ထုံးစံအတိုင်း အိမ်ပြန်၍ မိသားစု စုံညီစွာ မွေးနေ့ညစာ စားပြ ခဲ့ပါသည်။

ပုံမှန်ထက် ပို၍ လန်းရွှင်နေသော သူ့ကို မာမီန မောင်မိုးက သတိထားမိကာ ...

"ငါ့သားကြီး ကြည့်ရတာ ဒီနေ့ ရွှင်လန်းအူမြူးနေသ ပါပဲလား၊ သားငယ် ... မင်းအစ်ကိုကို သေချာကြည့်စမ် မာမီ ပြောတာ မှန်တယ်မဟုတ်လား"

"မှန်တယ် မာမီ၊ ကိုကို့ကို ကြည့်ရတာ ဒီနေ့ ပျော်စ တစ်ခုခု ရှိသလိုပဲ၊ ငွေ ... ငွေလည်း ဒီလိုထင်တယ် မဟု လား"

"အဟင်း ... ထင်တာပေါ့ မောင်၊ ဧကန္တ မောင့် ကို လူပျိုကြီးတော့ အတည်ထားရမယ့် ရည်းစားများ တွေ့ ပြီလား မသိ ..."





နေလုလင်၏ဇနီးချော ငွေပန်းချီကလည်း မာမီနှင့် အတူ ထမင်းပွဲပြင်ရင်း ပြုံးစစနှင့် ဝင်ပြောလိုက်သည်။

"ဘယ်လိုလဲ ... သား၊ ထူးရင် မာမီ့ကိုလည်း ပြောဦးနော်၊ သားငယ်အတွက်ကတော့ စိတ်ချသွားရပြီ၊ မင့်အတွက်က မာမီ ခုထိ စိတ်အေးရသေးတာ မဟုတ်ဘူး ..."

"သား ... ဘယ်မိန်းကလေးနဲ့မှ မတွဲတော့ဘဲ အေးအေး ဆေးဆေး နေနေတာတောင် မာမီက စိတ်မအေးသေးဘူး လား"

"စိတ်က တစ်ဝက်ပဲ အေးရသေးတာလေ၊ ကောင်းရာမွန်ရာ လေးနဲ့ အိမ်ထောင်ရက်သား အတည်တကျ ကျသွားတော့မှ အပြည့်အဝ စိတ်အေးရမှာပေါ့၊ အသက်သိပ်ကြီးသွားရင် လည်း မကောင်းဘူး၊ ခုပဲ အသက်က မငယ်တော့ဘူးလေ၊ လူပျိုကြီးစာရင်း မဝင်ခင် အိမ်ထောင်ပြုဖို့ စဉ်းစား ..."

"လူပျိုကြီးစာရင်းဝင်ဖို့ အဝေးကြီးပါ မာမီရ၊ သုံးဆယ် တောင် မပြည့်သေးပါဘူး၊ ဟဲ ဟဲ ..."

"အံမယ် ... တဟဲဟဲနဲ့ ပါးစပ်မဖြဲပါလား၊ ဘာတွေ အူမြူး စရာရှိလဲ ... ပြောစမ်း"

"ကိုနေတို့ ဒီအပတ်ဖြန့်တဲ့ခွေ ဆိုင်များများတက်လို့လား"

ငွေပန်းချီက ဝင်မေးတာမို့ မိုးလုလင်က ငွေပန်းချီ ပခုံးဖြင့် တိုက်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ခွေးတွေ ဘယ်လောက် ဆိုင်တက်တက် ကိုကို့မျ...
နှာ ဒီလောက်တော့ မရွှင်ဖူးပါဘူးငွေရာ ..."

"အဟဲ ... ဒီနေ့မနက် မွေးနေ့လက်ဆောင် ကောင်းကော...
ရထားလို့ပါ မောင်မိုးရာ"

"ဟုတ်လား ... ကိုကိုပြောတော့ ကိုကို့ မွေးနေ့ကို ဘယ်...
ကိုမှ ပြောပြမထားဖူးဘူးဆို၊ ဘယ်သူ ဘာပို့လိုက်လို့..."

"ကံကြမ္မာက နတ်သမီး လှလှလေးတစ်ပါး ထုပ်ပိုး...
ပို့ပေးလိုက်တာကွ ..."

"ကိုကို နောက်ပြီဗျာ"

"ဟဲဟဲ ... တကယ် ပြောတာ"

"လာဇင်ဒါ ပန်းစည်း မဟုတ်ရင် ပြီးတာပါပဲဗျာ"

"မောင်မိုး ... မင်း ..."

မိုးလှလင်က ဘုန်းကာရန်နှင့် ပတ်သက်ပြီး အမှ... တမဲ့ နောက်လိုက်တာမို့ နေလှလင်၏ မျက်နှာက တည်သွားသည်...

"ဆောရီး ..."

မိုးလှလင်က စကားများသွားမှန်း သိတာမို့ က... ကယာ တောင်းပန်လိုက်ရသည်။ ကိုကိုက ကာရန်နဲ့ ပတ်သ... ပြီး နောက်တာမျိုးကို မကြိုက်တတ်ပါ။ လေးနှစ်ကြာခဲ့ပြီမို့ ကာ... နှင့် ပတ်သက်သည့် အမှတ်ရစရာ ကိစ္စတွေ မှိန်ဖျော့သွားပြီ... ဆိုနိုင်သော်လည်း လုံးဝ ပျောက်သွားသေးတာတော့ မဟုတ်...





"ကဲ ... အားလုံး ပြင်ပြီးသွားပြီ၊ မောင် ... ဒက်ဒီရော ..."

"အပေါ်ထပ်မှာ အဝတ်အစား သွားလဲနေတယ် ငွေ၊ ခဏ
နေ ဆင်းလာလိမ့်မယ်"

ငွေပန်းချီက စကားလွှဲလိုက်ပြီး ထမင်းစားပွဲမှာ ဝင် ...ိုင်လိုက်သည်။ မာမီက နေလှလင် ဘေးခုံမှာ ဝင်ထိုင်လိုက်ရင်း ...နေလှလင် မျက်နှာကို ခပ်ပြုံးပြုံး ကြည့်ကာ ...

"ကဲ ... သား၊ ကံကြမ္မာက သားဆီ နတ်သမီးလေး ပို့လိုက်လို့ အဲဒီ နတ်သမီးကို သား သဘောကျရင်လည်း မာမီ့ဆီ သာ ခေါ်လာခဲ့၊ သားငယ်လည်း အိမ်ထောင်ကျတာ နှစ်နှစ် တောင် ရှိပြီဆိုတော့ မင်းတစ်ယောက်တည်း နည်းနည်း တော့ အထီးကျန်မှာပဲ၊ ကောင်မလေးတွေနဲ့လည်း မတွဲ တော့ဘူးဆိုတော့ ပိုဆိုးတာပေါ့၊ ကြိုက်တာတွေ့ရင် မြန် မြန် လက်ထပ် ... မြန်မြန် ကလေးယူ ..."

မာမီက စကားပြောနေရင်းက ငွေပန်းချီ့ကို တစ် ...ကြည့်ကာ နည်းနည်း တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါသည်။ ငွေ ...ချီက နည်းနည်း မျက်နှာပျက်ချင်သော်လည်း ဣန္ဒြေဆည် ...သည်။ မာမီက သူ စကားများသွားတာကို သတိထားမိတာမို့ ...ားမဆက်တော့ဘဲ ...

"ကဲ ... ကဲ ... ထမင်းစားကြမယ်၊ ဟော ... သားတို့ အဖေ



www.burmeseclassic.com

www.burmeseclassic.com



လည်း လာပြီ၊ ဒီနေ့ သားတို့အကြိုက်ရော၊ သား
ဒက်ဒီအကြိုက်ရော၊ သမီးလေး ငွေအကြိုက်ရော ပါအော
ချက်ထားတယ်၊ ငွေက ငါးသလောက်ဥ ကြိုက်တ
မဟုတ်လား”

“ဟုတ်ကဲ့ ... ကြိုက်ပါတယ် မာမီ”

မာမီက ငွေပန်းချီကို ဂရုတစိုက် ဖေးဖေးမမ ဆ
ဆံနေလိုက်သည်။ မာမီက မြေးချီချင်လှသူ၊ မောင်မိုး မိန်းမ
အိမ်ထောင်သက် နှစ်နှစ်ကြာသည့်တိုင် ကလေးမရသူမို့ မာမီ
နေလုလင်ကို အိမ်ထောင်ချပေးပြီး မြေးချီဖို့ မျှော်လင့်နေသူမို့

ထိုနေ့ညနေက မွေးနေ့ညစာကို မိသားစု စုံစုံညီညီ
စားကြရင်း မေရှားကို သူ သတိရနေခဲ့မိပါသည်။

● ● ●



## (၁၃)

အလျင်လိုတယ်လို့ပဲဆိုဆို ... နောက်တစ်ပတ်အကြာ ညနေခင်းမှာ နေလုလင်က လာဗင်ဒါဆိုင်လေးသို့ ရောက်လာခဲ့ပါသည်။

Spa ဆိုင်နှင့် ကော်ဖီဆိုင်လေးဟာ သီးသန့်ခြံဝန်း လေးထဲမှာ ရှိသည်။ ဆိုင်အောက်မှာ ရေကန်ကလေးရှိပြီး ရေကန် လေးဘက်က နံရံကို မှန်များဖြင့် ကာရန်ထားကာ ဆိုဖာထိုင် တွေ၊ ခေါင်းလျှော်ခုံတွေကို မှန်နံရံနားမှာ ကပ်၍ ချထားပါသည်။ ရေကန်ထဲမှာတော့ ကြာပင်ကလေးတွေ မျောနေခဲ့သည်။ လှပသာယာပြီး အဆင့်အတန်းမြင့်သည့် ဆိုင်ကလေး။ ကော်ဖီဆိုင်လေး ဘက်မှာတော့ လှပစွာ ဖန်တီးထားသော ရေတံခွန်နှင့် မြက်ခင်း ပြင်ကလေး ...။ အလင်းရောင် လုံလောက်စွာ ရသည့် နေရာလေး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဆိုင်လေး၏ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ လှ ပတ်ကြည့်ရင်း Spa ဆိုင်လေးထဲသို့ ဝင်လာခဲ့သည်။ နောက် ပတ် အကြာမှာ ရိုက်မည့် ဇာတ်ကားအတွက် ဇာတ်ဝင်ခန်းတ ကို ဒီSpa ဆိုင်နှင့် ကော်ဖီဆိုင်မှာ ရိုက်ဖို့ စိတ်ကူးကာ ဒါရိုက် နှင့်လည်း ပြောဆို တိုင်ပင်ပြီးခဲ့ပြီမို့ သူက ဆိုင်အနေအထား ကြည့်ဖို့ လာခဲ့တာပင်။ တိတိကျကျပြောရရင် ဆိုင်အနေအထ ကိုလည်း ကြည့်ရင်း ဆိုင်ရှင်ကိုလည်း ကြည့်ရင်း ဆိုပါတော့

"မင်္ဂလာပါရှင် ..."

ရီဆက်ရှင်မှ ကောင်မလေးတွေက သူ့ကို ကြိ နှုတ်ဆက်လိုက်ပါသည်။

"ကျွန်တော် မမရှားနဲ့ တွေ့ချင်လို့ပါ ခင်ဗျ"

"သြော် ... ဟုတ်ကဲ့၊ ဒီမှာ ခဏထိုင်ပါရှင်၊ ဘယ်သူ ပြောလိုက်ရပါ့မလဲရှင်"

"လုလင်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ... ခဏစောင့်ပါရှင်"

သူက ဆိုဖာရှည်တွေချထားသော ဧည့်ခန်းမှာ ထိုင်စောင့်နေလိုက်သည်။ ခဏကြာတော့ ခရမ်းရောင် ဂါဝန် လေးက သူ့နံဘေးသို့ မျောလွင့်လာပါသည်။

အညိုရောင် စတက်ဆံပင်အကောက်တွေက မျက်





ခိုက်မှာ ခွေလိမ်အုပ်ဆိုင်းလျက် ခရမ်းရောင် ရင့်စိုစို ဂါဝန် ကလေးနှင့် အညိုရောင် ဆံပင် ခွေခွေ ပွပွတွေ ခြံရံထားသော နှာကလေးက ဖြူဥစိုဖတ်နေသည်။

"လုလင် ..."

သူမက သူ့ကို နွေးထွေးသော အပြုံးနှင့် ကြိုရင်း ရှေ့ဆိုဖာခုံပေါ်မှာ ဝင်ထိုင်လိုက်သည်။

"လုလင် ... မရှား ဘာကူညီရမလဲဟင်"

"ကျွန်တော်တို့ ရှေ့တစ်ပတ် တနင်္လာနေ့မှာ ဒီမှာ ဇာတ်ဝင်ခန်းတချို့ လာရိုက်ချင်လို့ မရှားကိုလည်း မေးရင်း ဆိုင်ကိုလည်း ကြည့်ရင်း လာခဲ့တာပါ ..."

"သြော် ... မရှားတောင် လုလင်ကို တစ်ရက်လောက် ဆိုင်ကိုလာလည်ဖို့ ဖိတ်ဦးမလို့ပဲ၊ လုလင်လာတာ ဦးသွားတယ်"

"ဖိတ်ပြီး ကော်ဖီတိုက်မလို့လား ..."

"ဒါပေါ့ ...၊ ကော်ဖီလည်း တိုက်မယ်၊ ဆန္ဒရှိရင် ဒီမှာ ခေါင်းလျှော်၊ ခြေထောက် ဆေးစိမ်၊ foot massage လုပ်၊ မျက်နှာဆေးတာ အားလုံး အခမဲ့ ဝင်လုပ်သွားလို့လည်း ရပါတယ်ရှင်"

"အဟ ... မိုက်တယ်၊ ရောက်တုန်း ခေါင်းဝင်လျှော်သွားမှ ထင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



“ရတယ်လေ၊ ခဏတော့ စောင့်ရမယ်၊ ကောင်မလေး
တစ်ယောက်မှ မအားသေးလို့ ...”

“နောက်တာပါဗျာ ...”

“မနောက်ပါနဲ့၊ အတည်ပဲလုပ်လိုက်ပါ၊ ကျွန်မတို့ဆိုင်
ဝန်ဆောင်မှုကို ဝေဖန် အကြံပြုလို့ ရတာပေါ့၊ မေရှား
ဆိုင်ကို သဘောကျသွားလို့ ပုံမှန် ခေါင်းလာလျှော်မယ်
ဆိုလည်း မေရှားတို့ဆိုင်မှာ ဖောက်သည်တစ်ယောက်
တာပေါ့”

“အိုခေ ... ဒါဆိုလည်း လျှော်မယ်လေ”

“မလျှော်ခင် ဟိုဘက်မှာ ကော်ဖီသွားသောက်တာ
ဆိုင် လိုကေးရှင်းလေးလည်း ကြည့်ရင်းပေါ့ ...”

နေလုလင်က မေရှားနှင့်အတူ တစ်ဖက် ကော်ဖီဆိ
လေးဆီသို့ လျှောက်လာခဲ့ပါသည်။ ဆိုင်လေး၏ အပြင်အဆ
အလင်းအမှောင်က ဆိုင်ထဲရောက်လာသူကို နွေးထွေးပြီး အာ
စူးစိုက်မှု ကောင်းသွားစေသည်။

မေရှားက ဆိုင်အတွင်းဘက်မှာ မထိုင်ဘဲ ဆိုင်အ
ဘက် မှန်တံခါးကို ဖွင့်ထွက်လာကာ ရေတံခွန်အေား မြက်ခင်း
လေးပေါ်မှာ ချထားသော ခုံဖြူဖြူလေးတွေမှာ အတူထိုင်လိုက်
သည်။





“ဒီမှာက အအေးမျိုးစုံလည်း ရတယ်နော်၊ သီးစုံ ... ဂျူ့စ်
တွေလည်း ရတယ်၊ ကော်ဖီဆိုင် အများစုမှာ မရှိတဲ့ အအေး
တစ်မျိုးလည်း ရတယ် လုလင်”

“ဘယ်လိုအအေးမျိုးလဲ ...”

“အုန်းသီးဖတ်နုနုလေးတွေ ခြစ်ထည့်ထားတဲ့ သဘာဝ
အုန်း ရည်လေ၊ လုလင် အကြိုက်ပဲ မဟုတ်လား၊
သောက်ကြည့် ပါလား ...”

သူက မျက်ခုံးပင့်မိကာ ...

“ကိုယ်ကြိုက်မှန်း မေရှား ဘယ်လိုသိလဲ ...”

“အဟင်း ... ဒီလိုပဲ မှန်းကြည့်တာပါ၊ ဒါမျိုးက လူတော်
တော်များများ ကြိုက်တတ်လို့ပါ”

“အိုခေ ... သိပ်ကြိုက်တာပေါ့၊ သောက်မယ်လေ”

နေလုလင်က ပြန်ပြောရင်း တစ်ချိန်က ပတ်သက်ခဲ့
သော ဘုန်းကာရန်ကို သတိရမိသွားသည်။ ကိုယ်ကြိုက်တဲ့
အုန်းရည်ကို တကူးတက ယူလာတိုက်တတ်သော ကာရန်ရဲ့
စိုက်မှုကို သူ မမေ့။ သို့သော် ကာရန်နဲ့ ပတ်သက်တဲ့ အဖြစ်
ပျက်ကို မေ့ချင်သည်။ ဘယ်တော့မှလည်း ပြန် သတိမရချင်။

မေရှားက လုလင်အတွက် အုန်းစိမ်းရည်တစ်ခွက်၊
အတွက်တော့ လက်တေးကော်ဖီတစ်ခွက် မှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဒါရိုက်တာကို ပြန်ပြဖို့အတွက် ဆိုင်အပြ
အဆင်လေးတွေကို ဖုန်းကင်မရာလေးဖြင့် လှည့်ပတ်ရိုက်လို
သည်။

"ဒါရိုက်တာလည်း သူ့ဘာသာ အားတဲ့အချိန် တစ်ခေါ
လောက် လာကြည့်မှာ ဆိုပေမယ့် ကျွန်တော်လည်း လို
မည်ရ ဓာတ်ပုံရိုက်ယူသွားလိုက်မယ်၊ ဆိုင်ထဲထက်စာ
ဒီဘက်အပြင်နေရာလေးက ပိုရိုက်လို့ ကောင်းမယ်ထ
တယ်"

"ဟုတ်တယ် လုလင် ...၊ ဒီအပြင်က အလင်းရောင်လည်
ကောင်းကောင်း ရတယ်လေ၊ လုလင်တို့ ရိုက်ချင်ရင် ဆို
ထဲက တချို့စားပွဲတွေ ဒီအပြင်ကို ရွှေ့ပေးလို့ရတယ် ..."

သူတို့နှစ်ယောက် စကားပြောနေတုန်းမှာ ဝိတ်တာ
လေးက ကော်ဖီနှင့် အုန်းစိမ်းရည်ကို လာချပေးသွားသည်။ မေရှ
က အုန်းရည်ဖန်ခွက်ကို လုလင်ဘက်သို့ တိုးရွှေ့ပေးလိုက်ရင်း ...

"လုလင် ... သောက်လိုက်ဦး၊ အရသာရှိတယ်"

သူက ဖန်ခွက်ကို လှမ်းယူကာ မော့သောက်လိုက်ပြီ
အုန်းရည်ထဲက အုန်းသီးဖတ်လေးတွေကို ဇွန်းဖြင့် မွှေနှောက်လို
ရင်း ...

"ကျွန်တော် ဒီလို အုန်းရည်မျိုး သောက်တိုင်း ဟိုးအရင်က





ခင်ခဲ့ဖူးတဲ့ မိတ်ဆွေတစ်ယောက်ကို သတိရတယ်၊ သူက
ဒီလို အုန်းရည်မျိုး ကျွန်တော် ကြိုက်မှန်း သိလို့ တကူး
တက ရှာဝယ်ပြီး လာတိုက်တတ်တယ်"

"ဟုတ်လား ... လုလင်ကို တော်တော် ခင်ပုံပဲနော်၊ နောက်
ဆို သူ့ကိုပြောလိုက်လေ၊ တကူးတက ရှာဝယ်စရာ မလို
တော့ဘူး၊ ဒီမှာ လာသောက်ရုံပဲလို့ ..."

"သူက အခု ကျွန်တော့်နားမှာ မရှိတော့ပါဘူး၊ လွန်ခဲ့တဲ့
လေးနှစ်လောက်ကတည်းက အဆက်အသွယ် ပြတ်သွားခဲ့
တာ ..."

နေလုလင်က ဆက်မပြောချင်တော့တာမို့ စကားစ
ဖြတ်ကာ အုန်းရည်ဖန်ခွက်ကို မော့သောက်လိုက်သည်။ မေရှား
လည်း ဆက်မမေးတော့ပါ။

ထို့နောက် သူတို့ ကော်ဖီဆိုင်ဘက်ကနေ Spa
ဆိုင် ဘက်သို့ ပြန်လျှောက်လာခဲ့ကြသည်။

"အိုး ... ခုထိ မပြီးကြသေးပါလား ..."

ဆိုင်ထဲမှာ ကောင်မလေးတွေ တစ်ယောက်မှ မအား
ကြသေးတာမို့ မေရှားက ရေရွတ်ညည်းတွားလိုက်သည်။

နေလုလင်က ပြုံးလိုက်ရင်း ...

"မအားရင်လည်း နေပါစေတော့ဗျာ၊ နောက်မှ လာလျှော်
တာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"လျှော်ဖို့ဆုံးဖြတ်ပြီးမှ မလျှော်ဘဲပြန်ဖို့ မလိုပါဘူး လုလင်ရဲ့၊ မေရှားတို့ဆိုင် နာမည်ပျက်ပါတယ်၊ လာ ... မေရှား လျှော်ပေးမယ်"

"ဟာ ... မလုပ်ပါနဲ့၊ ဆိုင်ရှင် သူဌေးက လျှော်ပေးတာ မခံယူရဲပေါင်ဗျာ"

"မေရှားက ပေါ်ကြော့ သူဌေး မဟုတ်ပါဘူး လုလင်ရဲ့၊ မေရှားလည်း ဒီပညာကို သင်ထားတဲ့သူပါ၊ တစ်ခါတလေ မေရှားသူငယ်ချင်း မိတ်ဆွေတချို့ လာလို့ ကောင်မလေး တွေ မအားရင်လည်း မေရှားကိုယ်တိုင် ဝင်လျှော်ပေးနေကျ ပါ၊ လာပါ ... အားနာဖို့မလိုပါဘူး၊ ဒါမေရှားတို့အလုပ်ပါ"

မေရှားက ရေကန်ဘက် မှန်နံရံထောင့်နားမှာ သီး သန့်ရှိနေသည့် ခေါင်းလျှော်ခုံဘက်သို့ လျှောက်သွားနှင့်ပြီမို့ သူက နောက်မှလိုက်လာခဲ့သည်။

"လာ ... ဒီမှာလှဲလိုက်လေ လုလင်"

သူ ခေါင်းလျှော်ခုံမှာ ပက်လက်လှန်လိုက်သည်။

သူမက သူ့ဆံပင်တွေကို သူမ၏ လက်ချောင်းတွေ ဖြင့် ညင်သာစွာ ထိုးဖွလိုက်သည်။ သူ့ဆံပင်တွေကြားမှာ သူမ၏ လက်ချောင်းတွေ ပြေးလွှားလျက် သူ့ဦးရေပြားကို ဖိပွတ် နှိပ်ပေး လိုက်လျှင် သူ့လက်မောင်း နှစ်ဖက်မှာ ဖြန်းခနဲ ကြက်သီးထ သွားလေသည်။





ဘုရားရေ ... ထူးဆန်းလှပါကလား။ ကိုယ်ဟာ မိန်း ကလေးတွေ ခေါင်းလျှော်ပေးတာကို မခံယူဖူးခဲ့သူ မဟုတ်။ မိန်း ကလေးတွေနှင့် မထိတွေ့ မရင်းနှီးဖူးတဲ့ အရိုင်းကလေးလည်း မဟုတ်။ ဒါနဲ့များတောင် ကိုယ့်ဆံပင်တွေ ကြားက သူမလက်တွေ ကို ဘာ့ကြောင့် အာရုံစိုက်မိနေပါလိမ့် ... ။

နေလုလင်က အသက်ကို မှန်မှန်ရှုကာ တလေ လူးလွန့်နေသော ကိုယ့်စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။

သူမကတော့ လုပ်ရိုးလုပ်စဉ်အတိုင်းပင် သူ့ခေါင်းကို ဖြန်းပြီး ရှန်ပူဖြင့် ညင်သာစွာ လျှော်ပေးနေသည်။ သူမထံက ကိုယ်ရနံ့လား ... ရေမွှေးနံ့လား မသိသော မွှေးရနံ့တစ်မျိုးက သူ့ကို ဖိစီးနှိပ်စက်ကလူ ကျီစားလျက် ရှိပါသည်။ သူက မျက်လုံး မှိတ်ထားလိုက်သည်။ သူမထံက ရယ်သံသဲ့သဲ့ကြားရကာ ...

"မျက်လုံးထဲ ရှန်ပူဝင်မှာစိုးလို့ မျက်လုံးမှိတ်ထားတာလား လုလင်"

"ဗျာ ... ဟုတ်ကဲ့"

"ခေါင်းလျှော်တဲ့သူက အဲဒီလောက်တော့ မညံ့ဖျင်းပါဘူး နော်၊ မျက်လုံးထဲ ရှန်ပူမဝင်အောင်တော့ လျှော်တတ်ပါ တယ်"

"ကျွန်တော်က ကြောက်လို့ မှိတ်ထားတာ"

"ရှန်ပူဝင်မှာ ကြောက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆိုပါတော့ ..."

စိတ်ထဲမှာတော့ ရင်ခုန်မှာ ကြောက်လို့ပါဟု ပြေ
လိုက်သည်။

သူမက သူ့ခေါင်းကို နှိပ်နယ်၍ လျှော်ပေးနေရင်း
က ...

"မရှား ဒီဆိုင်ဖွင့်လိုက်တာ အခွင့်အရေးတစ်ခုတော့ ဆုံး
တယ် သိလား ..."

"အွန်း ... ဘာအခွင့်အရေးလဲ"

"မရှား အရမ်းကြိုက်တဲ့ ကြက်သွန်ဖြူ မစားရတော့ဘူ
လေ၊ မရှားက ကြက်သွန်ဖြူ အရမ်းကြိုက်တာ လုလင်
ရဲ့၊ ထမင်းစားတိုင်း ကြက်သွန်ဖြူကလေး အမြဲတို့စားတာ
ဒီဆိုင်ဖွင့်တော့မှ တစ်ခါတလေ ခေါင်းဝင်လျှော်ပေးရ
ခေါင်းလျှော်ခံရတဲ့သူ အနံ့မခံနိုင်မှာစိုးလို့ ဆိုင်ဖွင့်ရက်
ဆို ကြက်သွန်ဖြူ မစားရဲတော့ဘူး၊ လုလင်လည်း သိ
အတိုင်း ကြက်သွန်ဖြူနံ့က အရမ်းပြင်းတာလေ၊ သွားတို
လည်း အနံ့ကတော့ ကျန်တာပဲ"

မရှားက ကလေးလို ပြောနေတာမို့ နေလုလင်
ပြုံးနေမိသည်။ ပြုံးရင်း ကာရန့်ကို သတိရပြန်သည်။ ဘုန်းကာ
တစ်ယောက်လည်း ကြက်သွန်ဖြူ ကြိုက်တတ်သည်ဟု သိ
ဖူးတာမို့ပင်။





"ပိတ်ရက်မှာ စားလေ၊ ညနေစာ စားရင်လည်း စားလို့ရ
တာပဲ"

"အင်း ... ဒါပေမယ့် မရှားက မနက်စာနဲ့ နေ့လယ်စာကို
ပဲ ကောင်းကောင်း စားတာ လုလင်ရဲ့၊ ညနေစာကိုကျတော့
အမြဲ လျှော့စားနေကျလေ၊ ကောင်းကောင်းစားတဲ့ အနပ်
တွေမှာ အရမ်းကြိုက်တဲ့ ကြက်သွန်ဖြူကို မစားရတော့
တစ်မျိုး အမြဲလိုနေတာပေါ့"

မရှားက နေလုလင်၏ ခေါင်းက ရှန်ပူအမြှုပ်တွေကို
ရေနဲ့ ဆေးချရင်း တရင်းတနှီး လေသံကလေးဖြင့် ပြောနေသည်။

ထို့နောက် သူမက သူ့ခေါင်းကို နောက်တစ်ထပ်
ဆက်လျှော်နေလိုက်သည်။

သူက နည်းနည်း အရဲစွန့်ကာ ...

"မရှား ..."

"အင်ဟင် ..."

"ယောက်ျားလေးတွေကို မရှား ခေါင်းလျှော်ပေးဖူးလား"

"ဟင့်အင်း ... ရှင့်ကို လျှော်တာ ပထမဆုံးပဲ"

မရှား၏ အဖြေလေးက သူ့ရင်ကို နွေးသွားစေပါ
သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

❧ ❧ ❧

"ကိုကို … ဒီနေ့ ရှူတင်က ကန်တော်ကြီးထဲမှာလား …"

မိုးလုလင်က ကားမောင်းနေသော နေလုလင်ကို မေးလိုက်ပါသည်။ နေလုလင်က ညတုန်းက အိမ်မှာပြန်အိပ်တာ ဒီနေ့ နေ့လယ်ကျမှ အိမ်ကထွက်လာပြီး မောင်မိုးကို သူ့အိမ်မှာ ဝင်ခေါ်လာခဲ့သည်။ ပြီးရင် မောင်မိုးကို ရုံးခန်းပို့ပေးပြီးမှ နေလုလင်က ရှူတင်ကိုသွားမှာပင်။

"မဟုတ်ဘူးကွ … ကန်တော်ကြီးထဲမှာ ခဏခဏ ရိုက်နေရတာ လိုကေးရှင်းတွေ ထပ်နေလို့ အေးချမ်းတိတ်ဆိတ်တဲ့ ကော်ဖီဆိုင်လှလှလေးမှာ သွားရိုက်မှာ …"

"လာဗင်ဒါမှ ဟုတ်ရဲ့လား …"

"ဩော် … မင်း သိတယ်ပေါ့"





"သိတာပေါ့၊ ခုနောက်ပိုင်း ကိုကို အဲဒီဆိုင်ဘက်မှာချည်း ရိုက်နေတာ"

"ဟဲဟဲ … ဆိုင်က လှတယ်လေကွာ"

"ဆိုင်ရှင်က ပိုလှတာ မဟုတ်ဘူးလား …"

မောင်မိုးကလည်း သူ့စိတ်ကို ရိပ်မိနေတာမို့ ကြုံတိုင်း ကလိနေချင်သူပင် …။ မောင်မိုး ရိပ်မိလောက်အောင်လည်း သူက ခုနောက်ပိုင်းမှာ မေရှားနှင့် ဆက်ဆံရေးတွေ စိပ်ခဲ့သည်။ ဆိုလို ရှူတင်ရှိတဲ့နေ့တွေမှာသာမက မကြာခဏဆိုသလိုပင် မေရှားနှင့် တွေ့ဖြစ်နေခဲ့သည်။ သုံးရက်တစ်ခါ ခေါင်းသွားလျှော်ရလွန်းလို့ လူလည်း အအေးမိချင်သလိုလိုတောင် ဖြစ်ဖြစ်လာတတ်ပါသည်။

"ကိုကို့ မွေးနေ့တုန်းက ကံကြမ္မာက ကိုကို့ဆီ ပို့ပေးလိုက်တဲ့ နတ်သမီးဆိုတာ မမေရှားလား"

"အဟဲ … ဟုတ်တယ်ကွ၊ အဲဒီနေ့က သူ့ဆိုင်မှာ လာရိုက်ဖို့ လာပြောသွားတာ …"

"ကိုကို ဒီတစ်ခါ တကယ် ကြွေပြီထင်တယ်၊ ကိုကို့ကြည့်ရတာ အရင်တုန်းက ဇယားတွေနဲ့မတူ မတူထူးခြားနေတယ်"

နေလုလင်က ပြုံးနေလိုက်သည်။ မောင်မိုးပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ကွက်တိမှန်နေလို့ပင်။ ဒီလိုကိစ္စတွေကို သူ စိတ်ကုန်ငြီးငွေ့ စိ
ခတက်ကျနေတာ ကြာခဲ့ပြီလေ ...။ ကိုယ့်စိတ်က ကိုယ်တွဲနေသ
ကောင်မလေးတွေထံမှာ ကြာရှည် ငြိစွဲနေလို့ မရခဲ့။ ကိုယ် ခင်
သံယောဇဉ်ရှိတဲ့ ယောကျ်ားရင့်မကြီးကလည်း မိန်းမစိတ်ပေါက်
ကိုယ့်ကို ရည်းစားစကား ပြောလိုပြော။ အဲ့ဒီအချိန်ကတည်း
အာရုံနောက် စိတ်ချဉ်ပေါက်ကာ နှလုံးသားထဲက နက်နက်ရှိုင်း
ရှိုင်း မချစ်မိသရွေ့ ဘယ်မိန်းကလေးနဲ့မှ မတွဲတော့ဘူးဟု ဆုံးဖြ
ကာ ကင်းကင်းပြတ်ပြတ် နေလာခဲ့တာပင်။

ခုတော့ သူ့နှလုံးသားက မေရှားကြောင့် ခုန်လှု
လာခဲ့ရပြီ။ မေရှားနဲ့ မတွေ့ခင်တုန်းကတော့ သူ့နှလုံးသား
သေလူရဲ့ နှလုံးသားလို အေးစက်ငြိမ်သက်နေခဲ့သည်လေ ...

"ဒါနဲ့ မောင်မိုး ... မင်း အကင်ဆိုင်သွားရင် ကြက်သွန်
ကင်တွေ ဘာတွေ စားတယ်မဟုတ်လား"

"စားတယ်လေ ... ဘာဖြစ်လို့လဲ"

"ကြက်သွန်ဖြူက အစိမ်းစားရင်သာ ပါးစပ်နံတာ၊ ကင်
ရင် မနံဘူး မဟုတ်လား ..."

"အင်း ... ဘယ်လိုပြောရမလဲ၊ အစိမ်းစားတာလောက်
မနံဘူးပေါ့၊ အစိမ်းစားတာထက်လည်း စားကောင်းတာ
ဒါပေမယ့် တစ်ယောက် အကြိုက်တစ်မျိုးပါပဲ၊ ကြိုက်





သူ့အတွက်တော့ ကြက်သွန်ဖြူက နံတယ်လို့ မယူဆပါဘူး၊
မွှေးတောင် မွှေးသေးတယ်၊ ဒါနဲ့ ကိုကိုက ဘာလို့မေးတာ
လဲ၊ ကိုကိုဖြင့် ကြက်သွန်ဖြူ မကြိုက်ဘဲနဲ့ ..."

"အကြောင်းရှိလို့ပေါ့ကွာ"

နေလုလင်က မိုးလုလင်ကို ပြန်ပြောရင်း ယူနန်
...ားကင်ဆိုင်နားလည်း ရောက်ပြီမို့ ကားကို အရှိန်လျှော့ကာ
...င်ဆိုင်ရှေ့မှာ ရပ်လိုက်ပါသည်။

"ကိုကို ဘာဝယ်မလို့လဲ"

"မင်း ခဏစောင့် မောင်မိုး ..."

နေလုလင်က ကားပေါ်မှ ဆင်းပြီး ဆိုင်ထဲသို့ ဝင်
...သည်။ မိုးလုလင်က ခုမှ ထမင်းစားခဲ့ပြီးတာမို့ ဘာမှလည်း
...ချင်စိတ်မရှိ။ ဆိုင်ထဲလိုက်သွားရမှာလည်း ပျင်းတာမို့ iPad
... လေးဖွင့်ကာ ဂိမ်းဆော့ရင်း စောင့်နေလိုက်သည်။

၁၅ မိနစ်လောက်ကြာတော့ နေလုလင်က ဖော့ဘူး
...ထည့်ထားသည့် ပလတ်စတစ်အိတ်ကို ဆွဲကိုင်ကာ ကားပေါ်ပြန်ရောက်
...သည်။

"ဟား ... မွှေးလိုက်တာ၊ ကိုကို အကင်တွေ ဝယ်လာတာ
လား၊ ပြပါဦး၊ ဟာ ... ကြက်သွန်ဖြူကင်တွေပါလား၊
အများကြီးပဲ၊ ကျွန်တော်လည်း စားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … မလုပ်နဲ့"

မိုးလုလင်က သူ့အိတ်ကို ဆွဲယူဖွင့်ကြည့်ပြီး ဓာ
ပြင်တာမို့ သူက အမြန်ပြန်ဆွဲယူပြီး ကားနောက်ခန်းက ချိတ်
ချိတ်လိုက်သည်။

"ဟား … ကိုကို ဘာဖြစ်တာလဲ၊ တစ်ချောင်းတလေတော
မသထာဘူးလား၊ ဘယ်သူ့ဖို့မို့လို့လဲ … ဒီလောက်အ
ကြီးကို …"

"မေရှားဖို့ကွ၊ မေရှားက ကြက်သွန်ဖြူ ကြိုက်တယ်
လို့ …"

"အဟား …"

မိုးလုလင်က နေလုလင်ကို အံ့သြသော မျက်
ကြီးများဖြင့် စိုက်ကြည့်ရင်း တစ်ချက် ဟားလိုက်သည်။

"ကိုကိုတော့ ကိုယ့်သမိုင်းကိုယ် ပြောင်းပြန်လှန်လိုက်
ထင်တယ်၊ ကိုကို ဘယ်တုန်းကများ ဘယ်ကောင်မလေး
တစ်ယောက်ယောက်အတွက်ဆိုပြီး တကူးတက ဘာ
သွားခဲ့ဖူးလို့လဲ၊ ခု ဝယ်မယ့်ဝယ်တော့လည်း ကိုကို လုံး
မကြိုက်၊ အနံ့တောင် မခံနိုင်တဲ့ ကြက်သွန်ဖြူမှတဲ့၊ အဟား
ကိုကိုတော့ မကြာခင် အချစ်၏ခြေတော်ရင်း၌ ဝပ်စင်း
ကုန်သော ဆိုတဲ့ ဇာတ်ကား ရိုက်တော့မယ်ထင်တယ်"





မောင်မိုးကလည်း သူ့စိတ်ကို ရိပ်မိနေခဲ့သည်။ သူ
သည်း ရိပ်မိရလောက်အောင်ပဲ ဣန္ဒြေပျက်ခဲ့သည်။ အချစ်သည်
တစ်နေ့တခြား သေချာလာခဲ့ပြီ။ သို့သော် ဖွင့်ပြောမည့် နေ့ကောင်း
ကာလကိုတော့ မရွေးချယ်ရသေးပါ။

နေလုလင်က လှစ်ခနဲ တစ်ချက်ပြုံးလိုက်ရင်း လီဗာ
ကို ခပ်ဖိဖိလေး နင်းလိုက်ပါသည်။

မေရှားကို တွေ့ချင်လှပြီ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

တနင်္လာနေ့ဟာ ဆိုင်ပိတ်ရက် ဆိုပေမယ့် ဆိုင် ရှုတင်ရှိတာမို့ လိုအပ်တာလေးတွေ စီစဉ်ပေးရအောင် မေရှာ ရှုတင်ရှိတိုင်း အမြဲရောက်လာတတ်ပါသည်။

နေလုလင်ကလည်း ရှုတင်တွေမှာ ရှုတင်မန်နေ ရှိပေမယ့် လာဗင်ဒါမှာ ရိုက်သည့် နေ့တိုင်း မပျက်မကွက် ရော လာလေ့ရှိပါသည်။ ခုဆို သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံချိန် မနည်းတော့ပါ။ ကြားရက်တွေမှာလည်း သုံးရက်တစ်ခါ ခေါ လာလျှော်သေးတာမို့ မေရှားနှင့် ရင်းနှီးမှု အဆင့်တွေဟာ သထက် တိုးလာနေပါသည်။

ဒီနေ့လည်း သူ ရှုတင်ကိုရောက်တော့ မေရှာ သူ့အရင် ရောက်နှင့်နေသည်။ သူမက ဆိုင်အတွင်းဘက် မှ





ားက ခုံလေးတစ်ခုမှာ လက်ထောက်ထိုင်ရင်း ဆိုင်အပြင် မြက်ခင်းပေါ်က ရိုက်ကွင်းကို ငေးနေသည်။

သူက သူမနောက်မှာ သွားရပ်လိုက်ပြီး သူမရှေ့ ားပွဲပေါ်သို့ ကြက်သွန်ဖြူကင်ထုပ်ကို ချပေးလိုက်သည်။

"ဟင် ... ဩော် ... လုလင်၊ ဘာတွေလဲဟင်"

"ကြည့်ကြည့်လေ ..."

သူက မေးဆတ်ပြရင်း ပြောလိုက်သည်။

သူမက အထုပ်ကို ဆွဲကာ ဘူးကိုဖွင့်ကြည့်လိုက် ရင်း ...

"အို ... ကြက်သွန်ဖြူကင်တွေပါလား၊ အများကြီးပဲ၊ ရှုတင် က လူတွေစားဖို့လား"

"မဟုတ်ဘူး၊ မေရှား စားဖို့ ..."

"အာ ... နေလယ်ခင်းကြီး မေရှား မစားပါဘူး၊ ပါးစပ်နံမှာ ကြောက်လွန်းလို့ ..."

မေရှားက အထုပ်ကလေးကို ဘေးသို့ တွန်းဖယ် ားလိုက်သည်။ သူက မေရှားရှေ့ကခုံမှာ ဝင်ထိုင်လိုက်သည်။ အလုံ ကော်ဖီဆိုင်ကလေးထဲမှာတော့ မေရှားနှင့် သူ နှစ်ယောက် ည်း ရှိနေပါသည်။

ရိုက်ကူးရေးအဖွဲ့သားတွေအားလုံးက ဆိုင် အပြင်



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းစပ်မှာ ...။ ဆိုင်လေးထဲမှာတော့ အေးမြတိတ်ဆိတ်
နေပါသည်။

"မေရှား ကြိုက်တတ်မှန်း သိလို့ ကိုယ် ဝယ်လာတာ ကြက်သွန်ဖြူကြော်က ပါးစပ်သိပ်မနံပါဘူး၊ ဒီနေ့ ဆိုင် ရက်မှ မဟုတ်တာ၊ ကြိုက်ရင် စားလိုက်ပေါ့ ..."

"ဆိုင်ဖွင့်ရက် မဟုတ်လို့ ဆိုင်ကိုလာတဲ့ ဧည့်သည်တွေ တွေ့စရာ မရှိပေမယ့် အခု လုလင်နဲ့ တွေ့ပြီး မျက်နှာချင်း ဆိုင် စကားပြောနေရတယ်လေ၊ လုလင်ကို အားနာစ ကောင်းတာပေါ့"

"ကိုယ့်ကို အားနာစရာ မလိုပါဘူး မေရှားရဲ့၊ စားပါ ..."

"အဟင်း ... စားတော့ စားချင်သား၊ စားမယ်နော်"

"အိုခေ ..."

မေရှားက ချစ်စဖွယ် ပခုံးလေးတွန့်ကာ ပြောတော သူက ကြက်သွန်ဖြူကြော် တစ်ချောင်းကို ယူကာ မေရှားထံ ကမ်း ပေးလိုက်သည်။ မေရှားက တုတ်တုတ်ထိပ်ဖျားက ကြက်သွန် ကလေးတစ်ခုကို ရှေ့သွားလေးနှင့် ကိုက်ကာ ဆွဲယူစားလိုက် သည်။

သူက လက်ပိုက်လျက် ထိုင်ခုံနောက်မှီကို မှီ၍ထိုင် ရင်း သူမကို ငေးကြည့်နေမိသည်။ သူမက ပန်းရောင် နှင်းဆီ





သားလေးတွေပါသော ပါးပါးပွပွ ဂါဝန်ရှည်လေးကို ပေါ့ပေါ့ ပါး ဝတ်ဆင်ထားသည်။ အင်္ကျီလေးဟာ ကော်လံထောင် လေးနှင့်၊ ပခုံးနားမှာ အတွန့်ကလေး ထည့်ထားသော အင်္ကျီ ရှည်က လက်ကောက်ဝတ်မှာ ဖောင်းဖောင်းအိအိ ပွပွလေး နေသည်။ ဂါဝန်အောက်နားစက ခြေကျင်းဝတ်နားထိ ရှည် သည်။ ခါးမှာတော့ အင်္ကျီစကိုပင် ပြန်ချုပ်ထားသော ခါးပတ်ကြိုး မလျှော့မတင်းလေး ဆွဲချည်ထားသည်။ ဖိနပ်က ခုံထူထူ သိုင်းထိပ်ပိတ် ဖိနပ်နှင့် ...။

သူမက အမြဲတမ်း ခြေကျင်းဝတ်ထိရှည်သော ဂါဝန် ရှည်တွေကို ဖိနပ် ထူထူမြင့်မြင့်တွေနှင့် တွဲဖက် ဝတ်ဆင် တတ်သည်။ ရှေးခေတ် ဥရောပစတိုင်လ်လို့ပဲ ပြောရမလား မသိ။ ဝတ်ပုံစားပုံက ဂန္ထဝင် အနောက်တိုင်း ရုပ်ရှင်တွေထဲက သမီးလိုမျိုး ...။ ကြည့်လိုက်ရင် အင်္ဂလန်နန်းတွင်းထဲက ဝင်မင်းသမီးဆန်ဆန် လှနေတတ်သည်။ လက်အိတ်ကလေး ပြီး ဦးထုပ် အပြန့်ကြီးကြီးလေးသာ ဆောင်းပေးလိုက်ရင် တန်းနစ်ထဲက မင်းသမီး ကိတ်ဝင်းစလက် စတိုင်လ်မျိုး သွားမလား မသိပါ။

သူမရဲ့ လှပထူအိသော နှုတ်ခမ်းကလေးကို အမြဲ နှင်းဆီရောင်ကလေး ဆိုးထားသဖြင့် သူမမျက်နှာက ညို့အား



www.burmeseclassic.com

www.burmeseclassic.com



ပြင်းသည်။ ကျောလည်ထိရှည်သော အညိုရောင် ဆံပင် အ အလိမ်တွေ ဝဲဖြာကျနေပုံကလည်း ရှေးခေတ် ဥရောပ မင်းသ တစ်ယောက်ကို မြင်ရသလိုမျိုး။

ဂါဝန်ရှည်၊ လက်ရှည် လည်ပင်း အပိတ်တွေ အ ဝတ်ကာ ခြေဖျားကလေးတွေတောင် မပေါ်အောင် ထိ ဖိနပ်တွေ ဝတ်တာမို့ သူမတစ်ကိုယ်လုံးက လုံခြုံလှသော်လ သူမ၏ ခန္ဓာကိုယ် ကောက်ကြောင်းကတော့ ပေါ်လွင်ထင် လှပနေတတ်ပါသည်။

"စားကောင်းကောင်းနဲ့ စားလိုက်တာ၊ ငါးချောင်းတော စားမိသွားပြီ၊ ပါးစပ်တော့ နံပါပြီ"

"နံမနံ ကိုယ် ဆုံးဖြတ်ပေးမယ်လေ ..."

နေလုလင်က မတ်တတ် ထရပ်လျက် စားပွဲ လက်ဖြင့်ထောက်၍ သူမမျက်နှာအနီးကို ဖျတ်ခနဲ တိုးကပ်လ သည်။

"အို ..."

သူမ မျက်နှာနှင့် သူ့မျက်နှာက နီးနီးကလေး သွားသည်။ သူမ၏နှုတ်ခမ်းနှင့် သူ့နှာခေါင်းက တကယ် နီးနီးကပ်ကပ်။ ကြက်သွန်ဖြူနံ့ကို ကိုယ်သင်းနံ့က ဖုံးသွားတ လို့ပဲ ပြောရလေမလား ...။ သူ့နှာခေါင်းဝမှာတော့ သူမ ကိုယ်သင်းနံ့သာ သင်းပျံ့လာပါသည်။





သူမက ခန္ဓာကိုယ်ကို နောက်သို့ လန်ကာ အလန့် ကြား ရှောင်လိုက်တာမို့ သူ့မျက်နှာက သူမမျက်နှာပေါ်မှာ မိုးထားသလို ဖြစ်နေသည်။

သူမက နှုတ်ခမ်းလေး မဟတဟပွင့်လျက် မျက်လုံး လေးဝိုင်းလျက်။ အလိုဗျာ ... ရင်ခုန်ရလွန်းလို့ ရူးရတော့ မှာပဲ ...။

"အိုခေ ... မနံပါဘူး ..."

သူက ထိုင်ခုံမှာ ပြန်ထိုင်ချရင်း ပြောလိုက်မိသည်။ ရင်ထဲမှာတော့ မောနေသည်။

အသံကလည်း တုန်ချင်ချင်။ သူမ စိတ်ဆိုးသွားလေ လား ...။

"အဟင်း ... ဟင်း ... လုလင်က တကယ် နောက်တာပဲ"

အိုး မိုင်ဂေါ့ဒ် ... သူမ စိတ်မဆိုးဘူးပဲ။ သူမက ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမော ပြောလိုက်တာမို့ သူ စိတ်သက် သာရာ ရသွားသည်။

"ဆောရီး ..."

"မဆောရီးပါနဲ့၊ နောက်တာပဲဟာ ... ခွင့်လွှတ်ရမှာပေါ့"

သူမ ကြည့်ရတာတော့ ရင်မခုန်သလိုမျိုး။ သူ့မှာ တော့ ထိပ်ထိပ်ပျာပျာ ...။ မိန်းကလေးတစ်ယောက် ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ငြိုငြင်စိတ်ကွက်သွားမှာ ကြောက်မိခြင်းဟာ ခုတစ်ကြိမ် ပထ
ဆုံးပါ။

မေရှားနှင့် သူ အေးမြတိတ်ဆိတ်သော ကော်ဖီဆိ
လေးထဲမှာ နှစ်ယောက်တည်း စကားတွေ ထိုင်ပြောဖြစ်ခဲ့ကြသည်

ရိုက်ကူးရေးအဖွဲ့က အပြင်ဘက် မြက်ခင်းပေါ်မှ
ဆူဆူညံညံရှိသလောက် သူတို့နှစ်ယောက်ကတော့ နှစ်ဦးတည်
နူးညံ့ညင်သာစွာ စကားတွေ ပြောခဲ့ကြသည်။

မေရှားနှင့် နေလုလင်ဟာ လူချင်းရော နှလုံးသာ
ချင်းပါ တစ်စတစ်စ နီးကပ်လာခဲ့ပြီ ဖြစ်ပါသည်။

အချိန်ညနေစောင်းကလေးမှာ ရိုက်ကူးရေးပြီးသွာ
သည်။ ရှုတင်မန်နေဂျာက ဆိုင်မှန်တံခါးကို တွန်းဖွင့်လျက် တံခါ
ဝမှာ ရပ်လာသည်။

"ကိုနေ ... ကျွန်တော်တို့ ရွှေ့လိုက်ဦးမယ်၊ နောက်တစ်ဆင်
က အင်းလျားကန်ပေါင်မှာ ရိုက်ရမှာ၊ ခုန ကိုမိုးလည်
ဖုန်းဆက်တယ်၊ ရုံးခန်းမှာ နယ်ကိုယ်စားလှယ်တစ်ယော
ကိုနေ့ကို တွေ့ချင်လို့ စောင့်နေတယ်တဲ့၊ ကိုနေ့ ဖုန်း
ဆက်တာ မကိုင်လို့တဲ့"

"ဪ ... ကိုယ့်ဖုန်းကို silent လုပ်ထားမိတယ် ထင်တယ်
ဆောရီး၊ ကိုယ်လည်း ရွှေ့လိုက်ဦးမယ်"





အမှန်တကယ်တော့ မေရှားနှင့် တွေ့တုန်းတွေ့ခိုက်
ချိန်လေးမှာ ဖုန်းမပြောချင်တာမို့ သူက ကားပေါ်က မဆင်းမီ
းမှာ ဖုန်းကို တမင် silent လုပ်ထားခဲ့တာပင်။

နေလုလင်က မေရှားကို ပြန်လှည့်ကြည့်ရင်း ...

"မေရှား ... ကိုယ် သွားတော့မယ်နော်"

သူက နှုတ်ဆက်ကာ ထိုင်ရာမှ ထသည်။ မေရှားက
င်းလေး တစ်ချက်ဆတ်ကာ 'အိုခေ' ဟု ပြောသည်။

သူက ဆိုင်ထဲက ထွက်ခွာဖို့ ခြေနှစ်လှမ်း လှမ်းမိ
ည်မှာ ...

"လုလင် ..."

မေရှားရဲ့ ခေါ်သံ တိုးတိုးလေးကြောင့် သူက နောက်
ကို သမင်လည်ပြန် လှည့်ကြည့်မိသည်။

"မနက်ဖြန် လာမှာလားဟင် ..."

ဘုရားရေ ... ကိုယ့်ကို ရူးအောင်များ လုပ်နေတာ
းဟင်။ မျှော်လင့်သော မျက်ဝန်းကြည်လဲ့လဲ့လေး၊ မျက်နှာမော့
လေး၊ နှုတ်ခမ်းဟဟလေး၊ နူးညံ့တိုးဖွသော အသံကလေး။
းလုံး အားလုံးက နေလုလင်ရဲ့ ကိုယ်တွင်းကလီစာတွေကို
မ်းပတာဖြစ်အောင် ဆွဲခါပစ်လိုက်သလိုပင်။

"လာ ... လာမှာပေါ့ မေရှားရဲ့ ..."



www.burmeseclassic.com

ကမန်းကတန်း ပြန်ပြောမိသော အသံကလည်း တ
ခါနေသည်။

"ဒါဆို ... တာ့တာနော်"

သူမက လက်ကလေး လှုပ်ယမ်း၍ နှုတ်ဆက်လို
သည်။

"အိုခေ ... တာ့တာ ..."

သူမကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်ခွာလာခဲ့ရသော
သူ့ခြေလှမ်းတွေဟာ လေးလံလျက် ရှိပါသည်။

"ကိုနေရေ ... သွားပြီဗျို့"

"ဟူး ..."

ရှုတင်ကား ထွက်သွားသံနှင့်အတူ အဖွဲ့သားတွေ
သူ့ကို လှမ်းအော်နှုတ်ဆက်သွားသည်။

လာဗင်ဒါ ခြံဝန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်
ကျန်ခဲ့သည်။

နေဝင်ပြီမို့ ပတ်ဝန်းကျင်က မှိန်ပျပျ။

ရပ်ထားသော ကားဆီ သူဆက်လျှောက်လာခဲ့သည်။

သူကျောခိုင်းခဲ့ရာ နေရာလေးမှာ မေရှားတစ်ယော
တည်းရှိနေသည်။

မေရှားက သူ့ကားသူ မောင်းပြန်မှာမို့ အတူပြ
ခေါ်လို့လည်း မဖြစ်။





သူမကို ထားခဲ့ရတာ စိတ်ပင်ပန်းသလို ခံစားလာရ
သည်။

သူ ...

ခြေလှမ်းတွေကို တုံ့ခနဲ ရပ်လိုက်ပြီး နောက်သို့
ခနဲ ပြန်လှည့်လိုက်မိပါသည်။

● ● ●

ကော်ဖီဆိုင်လေးထဲမှာ မေရှားကို မတွေ့ရတော့တာ
နေလုလင်က Spa ဆိုင်လေးဘက်သို့ ဆက်လျှောက်လာပါ
သည်။

သူ မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်တော့ ကန်ရေ
င်ဘက် မှန်နံရံကို မျက်နှာမူ၍ သူ့ဘက်ကို ကျောခိုင်းလျက်
တန့်နေသော သူမကို တွေ့ရသည်။

ဆိုင်လေးရဲ့ အလင်းရောင် မှိန်ပျပျအောက်မှာ ခေါင်း
...ှော်ခုံပေါ်၊ ခြေထောက် ဆေးစိမ်ဆေးကြောသည့်အခါ ထိုင်ရ
ည့် ဆိုဖာခုံလေးတွေ တန်းစီနေပြီး ထိုခုံတွေရဲ့ ဟိုဘက်အစွန်း
တော့ သူမတစ်ယောက်တည်း မလှုပ်မယှက် ရပ်တန့်နေသည်။

သူ သူမဆီ မသွားသေးဘဲ သူမကို မလှမ်းမကမ်း

www.burmeseclassic.com



ကနေ ရပ်တန့်လှမ်းကြည့်နေမိလိုက်သည်။ တစ်ခုခုကို တွေးတော
နစ်မျောနေပုံ ရတဲ့ သူမကို မနှောင့်ယှက်ချင်။

ခဏကြာတော့မှ သူမက နောက်သို့ လှည့်လာ
သည်။

"အို ... လုလင်၊ လန့်လိုက်တာ ..."

သူ့ကို ရုတ်တရက် အတွေ့မှာ သူမက လန့်ဖျပ်သွား
ကာ ရင်ဘတ်ကို အသာအယာဖိ၍ အလန့်တကြား ရေရွတ်လိုက်
သည်။

နေလုလင်က သူမထံသို့ လျှောက်လာခဲ့သည်။ မှ
နံရံဘေးမှာ သူတို့ မျက်နှာချင်းဆိုင် ရပ်မိကြသည်။

"လုလင် ... ဘာကျန်ခဲ့လို့လဲဟင်"

"ဟို ... ကိုယ် ... ခေါင်းလျှော်သွားမလားလို့၊ ခေါင်း
ငြီးစီစီကြီး ဖြစ်နေလို့၊ သြော် ... ဒါပေမယ့် ဒီနေ့ ဆိုင်ပိ
တာပဲ၊ ဆောရီး ... ကိုယ့်ဦးနှောက်က တစ်ခါတစ်ခါ ကြော
တယ်"

နေလုလင်က ပြောမိပြောရာ ကယောင်ကတမ်း ပြေ
လိုက်မိသည်။

သူ ဘာကြောင့် ပြန်လှည့်လာတာလဲ ...။

သူ့ကိုယ်သူလည်း မသိ၊ သူမ မေးတော့လည်း
မဖြေတတ်ပါ။ လှည့်ပြန်လာပြီးမှ ဘာလုပ်ရမှန်းလည်း မသိပ





မေရှားက သူ့ကိုကြည့်ကာ ပြုံးလိုက်ရင်း ...

"ဆိုင်ပိတ်ပေမယ့် ရပါတယ်၊ လာ ... ဒီမှာထိုင်"

သူ မေရှားထိုင်ခိုင်းသည့် ဆိုဖာပေါ်မှာ ထိုင်လိုက်
သည်။ သူ့ကို ခေါင်းလျှော်ပေးမှာတော့ မဟုတ်ဘူး ထင်ပါသည်။
ဒါဟာ ခေါင်းလျှော်ခုံမဟုတ်။ ခြေချရာ ကြမ်းပြင်မှာ ဗေစင်ခွက်
ဆေး တပ်ထားသည့် ခြေထောက်ဆေးစိမ်သည့် နေရာ။

သူက ဆိုဖာပေါ်မှာ ထိုင်နေပြီး မေရှားက သူ့ရှေ့
တည့်တည့်မှာ နီးနီးလေး ရပ်ပြီး သူ့ကို ငုံ့ကြည့်နေသည်။ နေ
လုလင်ကလည်း မေရှားကို မော့ကြည့်နေမိသည်။ ရင်တွေလည်း
ခုန်လွှန်းလို့ သေရပါတော့မည်။

ထိုအခိုက်မှာပင် မေရှားက မထင်မှတ်စွာပင် သူ့
ခြေရင်း ကြမ်းပြင်မှာ ဒူးထောက်၍ ထိုင်ချလိုက်ပါသည်။

"ဒီလို ညနေစောင်း အချိန်မျိုးမှာဆို ခေါင်းလျှော်တာထက်
ခြေထောက်ကို ရေနွေးလေးစိမ်ပြီး နှိပ်ပေးတာက ပိုကောင်း
တယ် လုလင်ရဲ့ ..."

သူ့ခြေထောက်တွေကို သူမ လက်ဖြင့် ကိုင်တွယ်
လိုက်ချိန်မှာ သူ့တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို ထွန့်ခနဲ
ဖြစ်သွားကာ ...

"မေရှား ... နေ ... နေပါ ... မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပလိစ် ... လုလင်၊ ငြိမ်ငြိမ်လေး နေပါ"

သူမက သူ့ခြေထောက်တွေကို မ,ကိုင်ပြီး ရေစိမ်ခွက်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ရေနွေးပိုက်ကို ဖွင့်ချလိုက်တာမို့ သူ့ခြေထောက်တွေ နွေးထွေးစွတ်စိုသွားသည်။ သူမက သူ့ခြေဖဝါးနှင့် ခြေခုံတွေကို လက်မကလေးဖြင့် ဖိကာ ဖိကာ နှိပ်လိုက်လေသည်။

နေလုလင်သည် သူမကို ငုံ့ကြည့်ရင်း ဘုန်းကာရန်ကို မြင်ယောင်ကာ တစ်ကိုယ်လုံး ချွေးစီးတွေ စိမ့်ထွက်လာသည်။ ဘာလို့များ သူမလုပ်ပေးပုံက ဘုန်းကာရန်နဲ့ တစ်ထေရာတည်း တူနေရတာလဲ ...။

အေးလေ ... ဒီလို နှိပ်တဲ့နည်းစနစ်တွေက အတူတူပဲ နေမှာပေါ့ ...။ သူမက ဒီပညာကို သေချာသင်ထားပြီး ဆိုင်ဖွင့်ထားသူမို့ ဒါတွေ လုပ်တတ်တာ နေမှာပေါ့။

သူ့ခြေရင်းမှာ မျက်လွှာလေးချကာ foot massage လုပ်ပေးနေသော သူမကို ငုံ့ကြည့်ရင်း သူ့ရင်တွေ ကတုန်ကယင် ခုန်လာခဲ့ရပါသည်။

ဒီလို လုပ်ပေးတာကို ကြိုက်သော်လည်း မေရှား ဒီလို လုပ်ပေးနေတာကို မခံယူရက်ဘဲ သနားအားနာကာ လူဝမ်းနည်းသလိုကြီးတောင် ဖြစ်လာသည်။ မျက်လုံးတွေတောင် စွတ်စိုလာရပါသည်။





"မေ ... မေရယ် ..."

နေလုလင်က ခါးကိုင်းကာ သူမရဲ့ လက်နှစ်ဖက်ကို ဆွဲယူလိုက်မိသည်။

"မေ ... ဒီလိုမလုပ်ပါနဲ့၊ ကိုယ် အားနာလွန်းလို့ ရင်ထဲမှာတောင် ဆို့လာတယ်၊ မေ ... မေရယ်၊ မေ့ကို ကိုယ် အရမ်း ချစ်တယ်"

နေလုလင်က မေရှား လက်ကလေးကို ဆွဲမ၍ ထရပ်လိုက်သည်။ မေရှားကလည်း အလိုက်သင့် ထရပ်လိုက်သည်။ သူက မေ့လက်လေး နှစ်ဖက်ကို သူ့ရင်ဘတ်မှာ ကပ်ထားလိုက်ရင်း ...

"အရမ်းချစ်တယ် ... မေရယ်"

ဟု တီးတိုးရှိုက်ငင်သံဖြင့် လှိုက်လှိုက်လှဲလှဲ ပြောမိသည်။

မေကလည်း ခေါင်းလေးကို မော့ကာ သူ့ကို ကြည့်နေချက် ရှိပါသည်။ မေ့မျက်ဝန်းတွေကလည်း စိုလဲ့နေခဲ့သည်။

"မေ ... မေရော ကိုယ့်ကို ချစ်လားဟင်"

သူမက မဖြေပါ။ နှစ်ယောက်လုံး ငြိမ်သက်လျက် မျက်ဝန်းချင်း နီးကပ်စွာ ဆုံဆည်းနေခဲ့ကြသည်။

သူမ၏ နှုတ်ခမ်း လေးတွေ မသိမသာ တုန်ရီနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခပ်တောင့်တောင့် ဖြစ်နေသော သူမ၏ခန္ဓာကိုယ်က ပျော့ပျောင်းလာသည်။

"ဟင် ... မေ ... ကိုယ့်ကို ချစ်လားဟင် ..."

သူက ခေါင်းငုံ့၍ သူမနားဝမှာ နှုတ်ခမ်းကပ်ကာ တီးတိုး ထပ်မေးလိုက်သည်။

သူမက မျက်တောင်ခတ်ဖို့ မေ့နေသလိုဖြစ်နေရာမှ မျက်တောင်တစ်ချက် ခတ်လိုက်သည်။ သူမ နှုတ်ခမ်းလေး လှုပ်ရှားလာခဲ့ကာ ...

"ချစ်တယ် ... ကို့ကို မေ ချစ်တယ်"

"မေရယ် ... မေရယ် ..."

"အို ... ကို ..."

နေလုလင်က သူမရဲ့ ခါးလေးကို လက်တစ်ဖက်ဖြင့် ဆွဲဖက်ကာ ကျန်လက်တစ်ဖက်ဖြင့် သူမခေါင်းလေးကို ဆွဲဖက်၍ ပါးချင်းကပ်ထားလိုက်သည်။ ထို့နောက် ခန္ဓာကိုယ်ချင်း ကပ်ကာ ပါးချင်းအပ်ကာ တီးတိုး ညည်းညူနေသည်။

"ကို ... လွှတ် ... လွှတ်ပါ၊ အဲ့ဒီလောက် မကြမ်းပါနဲ့ ရယ်၊ မေ ကြောက်လို့ပါ၊ အသက်ရှူ မဝတော့လို့ လွှတ်ပါနော်"

မေက လူးလွန့် ရုန်းဖယ်လိုက်တော့မှ သူက သ ဝင်လာကာ ...





"ဆောရီး ... ဆောရီး မေရယ်၊ ကိုယ် အရမ်းပျော်ပြီး စိတ်လွှတ်သွားတယ်၊ မေ လန့်သွားလားဟင် ..."

"အင်း ... လန့်တာပေါ့၊ ကိုက အရမ်းပဲ ..."

မေက ပါးကလေးတွေ ရဲလျက် ခေါင်းငုံ့ မျက်လွှာချရင်း ပြောလိုက်သည်။

"မေ ... ဒီမှာထိုင်"

နေလုလင်က မေ့ပခုံးနှစ်ဖက်ကို ကိုင်ကာ ခုန သူ ထိုင်ခဲ့သော ဆိုဖာနားသို့ ရွှေ့စေလိုက်ပြီး မေ့ပခုံးနှစ်ဖက်ကို ဖိချ၍ ဆိုဖာမှာ ထိုင်စေလိုက်သည်။

မေက ဆိုဖာမှာ ထိုင်လျက် သူမရှေ့မှာ ရပ်နေသော နေလုလင်ကို မော့ကြည့်လိုက်သည်။

"ကို ... ဘာလုပ်မလို့လဲဟင်"

"ကလဲ့စား ချေမလို့ ..."

နေလုလင်က မေ့ကို ပြုံးငုံ့ကြည့်ကာ ပြောလိုက်ရင်း ခြေရင်းမှာ ဒူးထောက်ထိုင်ချလိုက်ပါသည်။

"အို ... ကို ..."

မေက ငြင်းဆန်ဟန်ပြုသည်။ နေလုလင်က မေ့ခြေဖဝါးလေးတွေကို ဆွဲယူ၍ မေ နှိပ်ခဲ့သလိုမျိုး နှိပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရယ် ..."

မေက တုန်လှုပ်စွာ ညည်းညူလိုက်ရင်း ခဏ[illegible]

သက်သွားသည်။ ထို့နောက် သူမ ခြေထောက်တွေကို ရှုန်း[illegible]

လိုက်ရင်း ...

"ကို ..."

"မေ ..."

"ထတော့နော်၊ ဒီလောက်ဆို တော်လောက်ပါပြီ၊ ကျေ[illegible]

တင်ပါတယ် ... ကိုရယ်၊ ဒီလိုလုပ်မပေးလည်း ကို့ကို [illegible]

ချစ်ပါတယ်"

မေက နေလုလင်၏ ပခုံးနှစ်ဖက်ပေါ်ကို လက်[illegible]

လေး နှစ်ဖက်တင်၍ နေလုလင်ကို ငုံ့ကြည့်ရင်း ပြောလိုက်[illegible]

နေလုလင်က မေ့ကို မော့ကြည့်လိုက်ရင်း ...

"မေ ဒီလိုလုပ်မပေးလည်း ကိုယ် မေ့ကို ချစ်တာပဲလေ[illegible]

"အပေါင်း ... စကားအရာမှာလည်း ကလဲ့စား ချေချင်[illegible]

ပဲလား ကို ..."

မေက ချစ်စဖွယ် ပြုံး၍ပြောသည်။

သူ ... မေ့နှုတ်ခမ်းလေးတွေကို နမ်းချင်လှ[illegible]

လည်း လက်ချောင်းညိုးကလေးဖြင့်သာ အသာဖွဖွ တို့ထိ[illegible]

ရင်း သက်ပြင်းချလိုက်မိပါသည်။





မေ့ကို ချစ်မိသော အချစ်က သူ့နှလုံးသားမှာ ပြင်း[illegible]ပြင်းရှရှ လာငြိနေခဲ့ပါပြီ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

“ကိုကိုရေ … ကိုကို … အောင်မလေး ညှော်လိုက်တာ

ရုံးခန်းတစ်ခုလုံးလည်း ညှော်နံ့တွေ မွှန်ထွန်ထလို့ပါလား

ကိုကို ဘာတွေလုပ်နေတုန်းဗျ”

မိုးလုလင်က အော်ကျယ်အော်ကျယ်ပြောရင်း ရုံး

ထဲသို့ ဝင်လာပါသည်။

“အဟွတ် … အဟွတ် … အဟွတ် … အမလေး ညှော်

သေတော့မှာပဲ”

မိုးလုလင်က နှာခေါင်းရှေ့ကို ဂျာနယ်တစ်စောင်

ယမ်းရင်း နေလုလင်ရှိရာ မီးဖိုခန်းထဲသို့ ဝင်လာပါသည်။

နေလုလင်က မီးဖိုရှေ့မှာ ဒယ်အိုးထဲကို သံယော

ဖြင့် တရှဲရှဲ မွှေနေရင်းက …





“ညှော်ရင် နှာခေါင်းပိတ်ထားပေါ့၊ ဒီမှာ ချစ်သူလေးစားဖို့ ပုဇွန်နဲ့ ကင်ပွန်းချဉ်ရွက်နဲ့ ငရုပ်သီးနဲ့ ချဉ်စပ်ကလေး ကြော်နေတယ်”

“အမလေး … ညှော်ရုံတင်မဟုတ်ဘူး၊ မွှန်တောင် မွှန်လာပြီ၊ ငရုပ်သီးကလည်း မွှန်၊ လူကလည်း မွှန်၊ မွှန်စကွဲယားတွေ ဖြစ်နေတာကိုး … အဟွတ် … အဟွတ် …”

မိုးလုလင်က ချောင်းတဟွတ်ဟွတ်ဆိုးရင်း အော်နေ ခဲ့နေသည်။ နေလုလင်ကတော့ ကိုယ့်ညီ ဘာပြောပြော ဂရု စိုက်အားဘဲ မီးဖိုခုံပေါ် တင်ပြီး ဖွင့်လှန်ချထားသည့် ဟင်းချက် နည်း စာအုပ်ကို ငုံ့ကြည့်ဖတ်လိုက်ရင်း …

“အင်း … ဒါပြီးရင် ဘာထည့်ရဦးမလဲ၊ အိုခေ … ငံပြာရည် နည်းနည်းထည့် …”

ဟု ရေရွတ်ရင်း ဘေးနားက ငံပြာရည်ပုလင်းကို ကောက်ကာ ဒယ်အိုးထဲ ထည့်လိုက်သဖြင့် ညှော်နံ့က ပိုဆိုးသွားသည်။

“အား … ပိုညှော်လာပြီ”

“ညှော်ရင် မီးဖိုထဲ မလာနဲ့လေကွာ၊ ဒါ ကျက်ရင် ပြီးပါပြီ ကွ …”

“ရှဲ … ရှဲ …”

နေလုလင်က ဒယ်အိုးကို နာနာမွှေပြန်သည်။ မိုး



www.burmeseclassic.com

www.burmeseclassic.com



လုလင်က စိတ်ပျက်ပျက်နှင့် မီးဖိုချောင်ထဲက ထွက်ကာ ရှေ့ဘက် ဧည့်ခန်းထဲသို့ ပြန်ထွက်လာခဲ့သည်။

နှစ်လွှာရှိသည့် ဒီတိုက်ခန်းမှာ အောက်ထပ်ရှေ့ပိုင်းက ဧည့်ခန်း၊ အတွင်းဘက်တစ်ခန်းက CDချပ်တွေ၊ ဝေါ်ရှိတွေ ခွေကာဗာတွေ၊ အစုံပလုံ စုထားတဲ့ အခန်း။ နောက်ဘက်မှာတော့ မီးဖိုချောင်နှင့် အိမ်သာ ရေချိုးခန်း။ ရုံးက ဝန်ထမ်းတွေအားလုံးက ဒီအခန်းထဲမှာပဲ ထမင်းစားကြ၊ ခေါက်ဆွဲပြုတ်၊ ရေနွေးအိုးတည် သူတို့အတွက် သီးသန့်။

အပေါ်ထပ်မှာမှ အရင်တုန်းက သူတို့ညီအစ်ကို နှစ်ယောက်၊ အခု ကိုကို တစ်ယောက်တည်း နေတဲ့ ရေချိုးခန်း အိမ်သာ တွဲရက် အခန်းရယ်၊ ကိုကို့အတွက် သီးသန့် ထမင်းစား ခန်းရယ်၊ Editing ခန်းရယ် ရှိပါသည်။

အပေါ်ထပ် ထမင်းစားခန်းထဲမှာ ကိုကို့အတွက် သီးသန့် လျှပ်စစ် ရေနွေးအိုး၊ ထမင်းပေါင်းအိုးနှင့် မိုက်ခရိုဝေ့ မီးဖိုသာရှိပြီး လျှပ်စစ်မီးဖိုက မရှိတာမို့ ကိုကိုက ရုံးပိတ်ရက်မှာ အောက်ထပ် မီးဖိုမှာ ကြော်လှော်ချက်ပြုတ်နေခဲ့တာပင်။

မီးဖိုချောင်ဆို ယောင်လို့တောင် မသီချင်သော ကိုကိုက ခုတော့ ဟင်းချက်နည်း စာအုပ်ကိုကြည့်ကာ အပီအပြင် ချက်နေတော့တာပါ။





"ကဲ … ပြီးပြီဟော့ …"

ညှော်နံ့တွေလည်း မရှိတော့တာမို့ မိုးလုလင်က မီးဖိုခန်းထဲသို့ ပြန်ဝင်လာကာ ဒယ်အိုးထဲကို ငုံ့ကြည့်လိုက်ရင်း

"ဟား … ကြည့်ရတာ စားကောင်းမယ့်ပုံလေး၊ ကင်ပွန်းချဉ်ရွက်လေး … ငရုပ်သီးရဲရဲလေး၊ ပုစွန်သေးသေးလေးနဲ့ ချဉ်စပ်လေး ကြော်ထားတာထင်တယ်၊ ဟင်းချက်နည်း စာအုပ်ကြည့်ပြီး ကြော်ထားတာဆိုတော့ မကောင်းမှာ မပူဘူး၊ ဒီနေ့တော့ မိန်းမဆီ ထမင်းပြန်မစားဘဲ ကိုကို့ဆီမှာ စားသွားရင် ကောင်းမယ်၊ နည်းနည်း မြည်းမယ်နော်"

"ဒီလက်က … ဒီလက်က …"

"အ … အ …"

နေလုလင်က ဒယ်အိုးထဲ လှမ်းနှိုက်လိုက်သော မိုးလုလင်၏ လက်ကို ဖျတ်ခနဲ လှမ်းရိုက်လိုက်သည်။

"ကိုကိုကလည်းဗျာ၊ နည်းနည်းလေးတောင် မမြည်းရဘူးလား"

"ဦးဦးဖျားဖျား လက်ကြီးနဲ့ လာနှိုက်တာကိုးကွ၊ ဒါ ချစ်သူလေး စားဖို့၊ ဒီနေ့ ညနေစာကို ချစ်သူလေးနဲ့ အတူစားဖို့ ပြင်ဆင်နေတာ …"

"အဟွတ် … အဟွတ် … မွန်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



“မွှန်တော့ ဘာဖြစ်လဲကွာ ...”

“ဩော် ... မီးခိုးမွှန်တာကို ပြောတာပါ”

“ဒီနေ့က ငါတို့ချစ်သူဖြစ်တာ ၆ လပြည့်တဲ့နေ့ကွ၊ အဲ ကြောင့် ဒီနေ့ ညနေစာကို အတူစားမလို့လေ၊ ဆိုင်မှ စားတာတွေက ရိုးနေပြီဆိုတော့ ငါကြိုက်မယ်ထင်တဲ့ ဟင် ကို သူက ချက်လာတယ်၊ ငါက သူကြိုက်မယ်ထင် ဟင်းကို ချက်ထားမယ်၊ ပြီးရင် အတူတူစားကြမယ်၊ အဲ လို စီစဉ်ထားတာ ...”

“ကြိုက်မယ်ထင်တဲ့ ဟင်းဆိုတာ ဘယ်လိုမျိုးကြီးလဲ၊ အကြိုက် ကိုယ့်အကြိုက် သေချာပြောပြထားပြီး ချက် မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ ဘာမှပြောမထားဘူး၊ မှန်းပြီး ချက်တာ ...

“ဒါဆို လွဲကုန်မှာပေါ့၊ ကိုကိုကလည်း မမေရှား မကြို တာတွေ ချက်ထားမိ၊ မမေရှားကလည်း ကိုကို မကြို တာတွေ ချက်လာမိရင် နမြောစရာကြီး၊ အင်း ... စောင့် လိုက်ဦးမှပါပဲ၊ ဒါမှ နှစ်ယောက်စလုံး မကြိုက်ရင် ဒိုင် ရအောင်”

“ငါတို့ဘာသာ လွတ်လွတ်လပ်လပ် စားပါရစေကွာ၊ ပိတ်ရက်ကြီး မင်းကရော ဘာလာလုပ်တာလဲ ပြော ...





“Edit လုပ်လက်စဖိုင် လာကူးတာပါဗျာ၊ အိမ်မှာလုပ် မလို့ ...”

“အေး ... ကူးစရာရှိ မြန်မြန်ကူး၊ ကူးပြီးရင် ပြန်၊ အဖြစ် သည်းမနေနဲ့”

“ပြန်မှာ ... စိတ်ချ၊ ဟိုက ကိုကို မကြိုက်တဲ့ ဝက်နံရိုးကို ကြက်သွန်ဖြူတွေနဲ့ ပေါင်းပြီး ချက်လာပါစေဗျာ ...”

“မင်း ဆုတောင်း ပြည့်မယ်မထင်နဲ့၊ မေက ငါနဲ့ စိတ်ချင်း အရမ်းနီးစပ်တာ၊ ငါ မပြောလည်း ငါ့အကြိုက်ကို အလိုလို သိနေမှာ၊ အဲဒီလို မှန်းပြီး ချက်ရတာက ပျော်စရာကောင်း တာကွ၊ ရင်တခုန်ခုန်နဲ့ ချက်ရတာ ...”

“ကိုကိုက ဘာဟင်းတွေ ချက်ထားလဲ ...”

“ဒီမှာလေ ဒါက ပုစွန်နဲ့ ကင်ပွန်းချဉ်ရွက် စပ်စပ်ခြောက် ခြောက်လေး၊ မိန်းကလေးတွေက အဲ့ဒီလို စပ်စပ်ချဉ်ချဉ် လေးတွေ ကြိုက်တတ်တယ်ဆိုတာ စာအုပ်ထဲမှာ ဖတ်ထား ဖူးလို့၊ ပြီးတော့ ဒါက သီးရွက်စုံသုပ်၊ မေက ဆိုင်မှာစား ရင်လည်း အသီးအရွက် များများစားတတ်တယ်လေ၊ ဟင်း အားလုံးကို ကြက်သွန်ဖြူတွေ အများကြီးထည့်ချက်ထား တယ်၊ လက်ဖက်သုပ်ရင်လည်း ကြက်သွန်ဖြူတွေ အများ ကြီး ထည့်သုပ်မှာ၊ ကြက်သွန်ဖြူက မေ့အကြိုက် စပါယ်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ပေါ့ ...၊ မေက သားကြီး ငါးကြီးလည်း သိပ်မစားဘူး ဆိုတော့ ဒီမှာ ငါးသလဲထိုးလေးတွေလည်း ကြော်ထားတာ တွေ့လား၊ ကြော်ရတာ ဆီတော်တော် ပေါက်တာကွ"

"ကိုကို့ မေးစေ့က နီနေတာ ဆီပေါက်ထားတာလား ..."

"အေး ..."

"ဖြစ်မှဖြစ်ရလေဗျာ၊ ကိုကိုတော့ မလွယ်တော့ဘူး၊ အဲ့ဒီ လောက် အဖြစ်သည်းနေရင်လည်း မာမှီဆီ မြန်မြန်ခေါ်သွား ပြီး မြန်မြန်ယူလိုက်ပါတော့ဗျာ ..."

"အေး ... ယူမှာပါ၊ သူ့ဆီက ခွင့်ပြုချက်ရတာနဲ့ ချက်ချင်း ယူမှာ"

"ယုံပါတယ်၊ ရုပ်ကြီးကိုက မိန်းမ အမြန်ယူချင်တဲ့ ရုပ်ကြီး"

"မင်းက ရပြီးသားဆိုတော့ ပြောထားဦးပေါ့"

"သြော် ... ကိုကို၊ နှာခေါင်းစည်းလေး ကျွန်တော် ဝယ်ပေး ခဲ့ရမလား"

"ဘာလုပ်ဖို့လဲ ..."

"ကြက်သွန်ဖြူ များများစားတဲ့သူက အီးများများပေါက် တတ်တယ်ဗျ ..."

"မင်း ..."

"ဟား ဟား ..."





မိုးလုလင်က ရယ်မောရင်း အပေါ်ထပ်သို့ တက် သွားသည်။ သူက လက်ဖက်သုပ်ဖို့ လက်ဖက်ပွဲ ပြင်နေလိုက်သည်။

ခဏကြာတော့ မောင်မိုးက အပေါ်ထပ်မှ ဆင်းလာ ပြီး သူ့ကို နှုတ်ဆက်ကာ ပြန်သွားသည်။

သူလည်း အားလုံးပြင်ဆင်ပြီးပြီမို့ ရေချိုးဖို့ အပေါ် ထပ် အခန်းသို့ တက်လာခဲ့ပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

✥ ✥ ✥

"ဒါက ကို စားဖို့ မေ ကိုယ်တိုင် ချက်လာတဲ့ ထောပတ် ထမင်းနဲ့ ကြက်သားဟင်း၊ ဒါက ငါးဖယ်သုပ်၊ ဒါက ချဉ်ပေါင်ဖြူဟင်းချို၊ ဒီမှာ သပ်သပ်စားချင်ရင် စားလို့ အောင် ကြက်သားကို နုပ်နုပ်စင်းပြီး ပင်စိမ်းရွက်လေး အုပ်ချက်လာခဲ့သေးတယ်၊ ဒါက ကညွတ်ကြော်၊ ဒီမှ ငါးကင်လည်း ပါတယ်၊ ဘယ်လိုလဲ ကို... မေ ချက်လာ တာတွေ ကို့အကြိုက်နဲ့ ကိုက်ရဲ့လားဟင်..."

နေလုလင်သည် မေ တစ်ဆင့်ချင်း ဖြုတ်ချပေး သည့် စတီးလ်ချိုင့်တွေကို တစ်ခုပြီးတစ်ခု ငုံ့ကြည့်ရင်း ဘာပြော ရမှန်း မသိစွာ ဆွံ့အငြိမ်သက်သွားသည်။ ဘာဖြစ်လို့များ ကို အကြိုက်နဲ့ ဒီလောက် ကွက်တိဖြစ်နေရပါလိမ့်။ စိတ်ထဲမှာ ထူး ဆန်းသလို ကြည်နူးသလို ခံစားရသည်။





"ဟင်... ကို၊ မေ မေးတာ ဖြေဦးလေ၊ ဘာလဲ ကို့အကြိုက် မဟုတ်လို့လား၊ မေ မှန်းတာ မှားပြီလား..."

"ကိုယ့်အကြိုက်နဲ့ ကိုက်ညီလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့လို့ပါ မေရယ်"

"ဟုတ်လား... ဒါဆို မေ ပင်ပန်းရကျိုး နပ်ပြီ"

"မေ..."

နေလုလင်က မေ့ပခုံးလေး နှစ်ဖက်ကို ဖွဖွဆွဲယူ လိုက်သည်။ မေက သူ့ကို ခေါင်းကလေး မော့၍ကြည့်သည်။

"ကို ဘာပြောမလို့လဲ... ပြောလေ"

"ထူးဆန်းလိုက်တာ မေ၊ မေက ကိုယ့်အကြိုက် ကိုယ့်စိတ် ကို အရမ်းသိနေသလိုပဲ..."

"မထူးဆန်းပါဘူး ကို၊ ဒါ သိပ်ချစ်တဲ့ ချစ်သူတွေချင်းမှာ ရှိတတ်တဲ့ စိတ်ချင်းဆက်နွယ်မှုတစ်ခုပါ။ ကို့ကို မေက သိပ်ချစ်လို့၊ အမြဲသတိရနေလို့ ကိုယ့်အကြိုက် ကိုယ့်ဆန္ဒနဲ့ မေထင်တာနဲ့ တိုက်ဆိုင်နေတတ်တာပါ"

"မေရယ်... ပြောပုံလေးက ချစ်လိုက်တာကွာ..."

နေလုလင်က မေ့ပခုံးလေးကို ဆွဲကာ ရင်ခွင်မှာ ပ်ထားလိုက်မိသည်။

မေက ခဏငြိမ်နေပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



“ကို …”

“အင်ဟင် …”

“လွှတ်တော့နော်၊ ထမင်း စားကြရအောင်လေ၊ ကို ချ
ထားတာရော မေ့အကြိုက်နဲ့ ကိုက်ရဲ့လားလို့ မေ သိချ
လှပြီ၊ မေ ဗိုက်လည်းဆာနေပြီ”

“အိုခေ …”

နေလုလင်က မေ့ကိုလွှတ်ပေးလိုက်ပြီး မီးဖိုချော
ထဲက ဟင်းတွေကို ဧည့်ခန်းစားပွဲသို့ သယ်လာသည်။ အပေါ်ထ
မှာ ထမင်းစားခန်း သပ်သပ်ရှိပေမယ့် သူ့အိပ်ခန်းလည်း ရှိနေ
မို့ နှစ်ယောက်တည်းရှိသော အချိန်မှာ မေ့ကို အပေါ်သို့ ခေါ်
ချင်တော့ပါ။

“ကဲ … ဒီမှာပါ ခင်ဗျာ၊ မေ့အကြိုက် ဟုတ်ရဲ့လား ကြ
ကြည့်ပါဦး …”

မေက ဟင်းတွေကို ငုံ့ကြည့်လိုက်ပြီး ငြိမ်သွားသည်
နေလုလင်က မေ့မျက်နှာလေးကို စိုးတထိတ်ထိတ် ငုံ့ကြည့်နေ
မျက်နှာကလေး ငယ်လာကာ …

“မေ့အကြိုက် မဟုတ်ဘူးလားဟင် …”

“အင်း … သိပ်တော့ မဟုတ်ဘူး”

မေက မေးစေ့ကို လက်ညှိုးကလေးဖြင့် တောက်





က တွေးတွေးဆဆ လေးလေးပင်ပင် ပြောလိုက်တာမို့ သူ
ခတ်ကျသွားသည်။

“ဟာကွာ … မေပြောတော့ သိပ်ချစ်ကြတဲ့ ချစ်သူတွေမှာ စိတ်ချင်းဆက်နွယ်မှုရှိလို့ ကိုယ့်အကြိုက်ကို မေ သိနေတာဆို၊ ကိုယ်ကျတော့ ဘာလို့ မတိုက်ဆိုင်လဲ”

“ကို့ကို မေချစ်သလောက် ကိုက မေ့ကို မချစ်လို့ မေ သတိရသလောက် ကို သတိမရလို့ လွဲနေတာ နေမှာပေါ့”

“ဟာ … မေ၊ လုံးဝ မဟုတ်ဘူးနော်၊ ကိုယ် မေ့ကို အရမ်းချစ်တာ၊ အရမ်း သတိရတာ၊ မေ ထင်သလို လုံးဝမဟုတ်ဘူး၊ ကိုယ်က မေ့ထက်တောင် ပိုသေးတာ၊ မေ အဲ့လိုကြီး ပြောတော့ ကိုယ် တကယ် စိတ်မကောင်းဘူးကွာ …”

နေလုလင်က နီးရာခုံတစ်ခုံပေါ်သို့ အရှုပ်ကျိုးပြတ်
ချလိုက်သည်။

“အဟင်း …”

မေက သူ့ကို ငုံ့ကြည့်ရင်း ပြုံးလိုက်တာမို့ သူက
ခုံးပင်မိုကာ …

“မေ … ဘာပြုံးတာလဲ”

“မေက ကို့ကို ချစ်လို့ စတာ၊ ကို ချက်ထားတာတွေ အားလုံး မေ့အကြိုက်တွေချည်းပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေရာ ... မင်း ... မင်းတော့လား"

"အိုး ... ကို ... ကို ..."

နေလုလင်က အသည်းယားသွားတာမို့ မေ့ခန္ဓာ
လေးကို တအားဆွဲကာ ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်
သည်။

"ကို ... လွှတ်တော့ကွာ၊ မေ ဒီကိုရောက်တာ ၁၅ မိ
မပြည့်သေးဘူး၊ ကိုက နှစ်ခါဖက်ပြီးသွားပြီ၊ ကို အဲ
အခွင့်အရေးယူရင် မေ နောက်ဆို ကို့ဆီ မလာတော့
နော်"

"ဆောရီး ..."

သူက မေ့ကို လွှတ်ပေးလိုက်တော့ မေက သူ
မျက်စောင်းထိုးသည်။

"မေပြောတဲ့ပုံလေးက အရမ်းချစ်စရာကောင်းလို့ အသ
ယားပြီး ဖက်လိုက်မိတာပါ၊ ဆောရီးပါ"

"ကဲပါ ... ထမင်းစားကြရအောင်ပါ"

"အိုခေ ... စားကြမယ်လေ"

"ဟင်းတွေက အေးတောင်နေပြီ၊ အပေါ်ထပ် ထမင်း
ခန်းထဲက မိုက်ခရိုဝေ့ဖ်ထဲ ထည့်နွေးလိုက်ပါလား ..."

မေ့စကားက နေလုလင်ကို အံ့သြနှုတ်ဆိတ်သွား





သည်။ မေကတော့ သူ့ကို သတိမထားမိဘဲ ငါးသလဲထိုးကြော်ကို
နှိုက်မြည်းနေသည်။

"မေ ..."

"အင်ဟင် ..."

"မေ ... ကိုယ့်အခန်းကို မရောက်ဖူးဘဲ အပေါ်ထပ်မှာ
ထမင်းစားခန်းရှိမှန်း၊ မိုက်ခရိုဝေ့ဖ် မီးဖိုရှိမှန်း ဘယ်လို
သိလဲ ..."

"ဩော် ... ဒါများ ကိုကလည်း ... ကို့အခန်းအောက်ထပ်
မှာ သပ်သပ်ရပ်ရပ် လှလှပပ ထမင်းစားခန်း မရှိမှတော့
အပေါ်ထပ်မှာ ရှိလို့ပေါ့။ ဒီလောက် စတိုင်လ်ကျကျ နေ
တတ်တဲ့ ကိုက ထမင်းစားခန်းကိုလည်း သပ်သပ်ရပ်ရပ်
သီးသန့်ထားမှာပေါ့၊ ပြီးတော့ ကို့လို ယောကျ်ားလေး
တစ်ယောက်တည်း နေတဲ့ အခန်းမှာ အပြင်က ဝယ်လာ
တာတွေကို ပြန်နွေးဖို့ မိုက်ခရိုဝေ့ဖ် မီးဖိုတော့ ရှိမှာပေါ့၊
တွေးကြည့်တာက ပြေးမြင်နိုင်တာထက်တောင် မှန်နေတယ်
မဟုတ်လား ကို ..."

"အဟင်း ... မေပြောတာလည်း ဟုတ်သားပဲ၊ မေက အမှန်း
တော်တယ်"

"ကဲ ... မေ ဒီမှာ ခဏထိုင်စောင့်၊ ကိုယ် အပေါ်ထပ်မှာ
ဟင်းသွားနွေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေလုလင်က မေ့လက်ကိုဆွဲကာ အနားကခုံမှာ ထိုင် ခိုင်းလိုက်သည်။ မေက သူ့ကို မော့ကြည့်ရင်း ...

"မေ နွှေးပေးမယ်လေ ..."

"ရတယ် ... မေ၊ ကိုယ် နွှေးလိုက်ပါ့မယ်၊ ရော့ ... ဒီ မဂ္ဂဇင်းဖတ်ရင်း အေးအေးဆေးဆေး စောင့်နေ ..."

နေလုလင်က မေ့လက်ထဲကို မဂ္ဂဇင်းစာအုပ်တစ်အု ထည့်ပေးလိုက်ပြီး စတီးလ်ချိုင့်တွေကို ပြန်ဆင့်လျက် အပေါ်ထ သို့ တက်ဖို့ လှေကားဆီ လျှောက်လာဆဲတွင် ...

"ကိုယ့် အခန်းထဲမှာ ရှုပ်ပွနေတယ် မဟုတ်လား၊ ဟင်းနွှေးနေတုန်း မေ ဝင်ရှင်းပေးလိုက်မယ်လေ ..."

နေလုလင်က ရင်ထဲ ထိတ်ခနဲဖြစ်သွားကာ မေ့ လှည့်ကြည့်လိုက်သည်။ မေကတော့ အေးအေးဆေးဆေး။ မဂ္ဂ စာရွက်တွေကို လှန်လျှောရင်း ပေါ့ပေါ့ပါးပါး ပြောလိုက်ပုံ

"ကိုယ့်အခန်းထဲမှာ ရှုပ်ပွနေမှန်း မေ ဘယ်လိုသိတာ

သူ လှမ်းမေးတော့ မေက သူ့ကိုမော့ကြည့် ပြုံးလိုက်ပါသည်။

"အဟင်း ... မေ မှန်းကြည့်တာလေ၊ ယောကျ်ားလေး တော်များများက ရှုပ်ရှုပ်ပွပွ နေတတ်တယ်လို့ ကြား ပါ"





"ခုန မေပြောတော့ ကိုယ်က စတိုင်လ်ကျကျ နေတတ်တယ်ဆို၊ စတိုင်လ်ကျတယ် ပြောပြီး ရှုပ်ရှုပ်ပွပွနေတတ်တယ်လို့ ဘာလို့ ထင်ရတာလဲ"

"အဟင်း ဟင်း ... ကိုကလည်းနော်၊ ကိုတို့လို ယောကျ်ားလေး မပြောနဲ့၊ မိန်းကလေးတွေတောင်မှ သူတို့ကိုယ်သူတို့သာ ကြော့နေအောင် ပြင်ထားပြီး အိမ်မှာကျတော့ ရှုပ်ရှုပ်ပွပွ နေတတ်တဲ့သူတွေ ရှိတာပဲ ..."

"ဒါဆို မေကရော ..."

"မေကလား ... အဟင်း ... ပြောမပြပါဘူး"

ခေါင်းကလေး ငဲ့ကာ ချစ်စဖွယ်လေး ပြောလိုက်သော မေ့အပြောလေးကြောင့် နေလုလင်က ရယ်မောရင်း အပေါ်ထပ်သို့ ဆက်တက်လာခဲ့သည်။

မေက တစ်မျိုးလေး ထူးဆန်းသည်။ မေ့စိတ်က will power များတာလား၊ ကိုယ့်စိတ်နှင့် နီးစပ်လွန်းတာလားတော့ သိ ... မေ ထင်ရင် လွဲခဲသည်။ အစစအရာရာ ထိုးထွင်းသိမြင်တတ်သလိုမျိုး။

မေ ပြောလိုက်တဲ့ ခန့်မှန်းခြေစကားတွေဟာ အမြဲတိုက်ဆိုင်မှန်ကန်နေတတ်ပါသည်။

သူ ဟင်းတွေနွှေးပြီး အပေါ်ထပ်က ပြန်ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်္ဂဇင်းကို စိတ်ဝင်တစား ငုံ့ဖတ်နေသော မေ့ကို တွေ့ရသည်။

"မေရေ... အိုခေပဲ... အားလုံး နွေးပြီးပြီ၊ စားကြရအောင်"

သူက ချိုင့်တွေကို စားပွဲပေါ် တင်ရင်း ပြောလိုက်သည်။ မေက သုန်သုန်မှုန်မှုန် မျက်နှာဖြင့် ဖတ်လက်စ မင်္ဂဇင်းကို ဘေးစားပွဲပေါ် ပစ်တင်လိုက်သည်။ မေ့အမူအရာက နည်းနည်းကြမ်းကာ ဒေါသထွက်နေသလိုမို့ သူက မေ့ကို အံ့ဩစိတ်ဖြင့် ကြည့်မိသည်။

"မေ... ဘာဖြစ်လို့လဲ၊ မင်္ဂဇင်းထဲမှာ စိတ်တိုစရာ ဘာဖတ်မိလို့လဲ..."

"အမေရိကန်အဆိုတော် ဆယ်လီနာဂိုမက်ဇ် သတင်း ဖတ်မိလို့ပါ ကိုရာ..."

"အော်... ဟိုအဆိုတော်ကောင်လေး ဂျက်စတင်ဘီဘာရဲ့ ကောင်မလေးလား၊ ခုတော့ သူတို့ ပြတ်သွားပြီဆိုလား ဟိုတလောက ဖတ်လိုက်မိတာ၊ အခု သူက ဘာဖြစ်လို့လဲ"

"သူက ဘာမှမဖြစ်ပါဘူး၊ သူ့ကိုလည်း စိတ်မတိုပါဘူး မေ စိတ်တိုတာက ရုရှားကိုပါ"

"ရုရှားကို...၊ အဟက်... ရုရှားနိုင်ငံကို မေက ဘာစိတ်တိုစရာရှိတုန်း၊ ပြောစမ်းပါဦး"





နေလုလင်က ပေါင်းအိုးထဲက ထမင်းကို ပန်းကန်ထဲသို့ ခူးထည့်နေရင်း ရယ်ရယ်မောမော မေးမိသည်။ မေက ဟင်းချိုင့်တွေကို ပြန်ဖြုတ်ချကာ ဟင်းပွဲတွေ ပြင်ဆင်နေရင်းက

"ဆယ်လီနာဂိုမက်ဇ်က ရုရှားမှာ ရှိုးပွဲသွားလုပ်ဖို့ စီစဉ်ထားပြီးသားလေ၊ အဲ့ဒါကို ရုရှားက ပြည်ဝင်ခွင့် မပေးလို့ ရှိုးပွဲ ဖျက်လိုက်ရတယ်"

"ဟုတ်လား ... ဘာဖြစ်လို့တဲ့လဲ"

"ဆယ်လီနာဂိုမက်ဇ်က လိင်တူ ဆက်ဆံရေးကို ထောက်ခံတဲ့သူမို့လို့တဲ့ ..."

"ဒါဆို ရုရှားက လိင်တူဆက်ဆံရေးကို ဆန့်ကျင်တဲ့ နိုင်ငံပေါ့ ..."

"ဒါပေါ့ ... ဒါကြောင့်မို့လို့ ဆယ်လီနာဂိုမက်ဇ်ကို မကြည်တာပေါ့ ..."

"အဟင်း ... ဒါဆို ရုရှားက အခြောက်တွေကို သဘောမကျဘူးဆိုပါတော့၊ ဒါနဲ့ မေက ရုရှားကို ဘာလို့ စိတ်တိုရတာလဲ ..."

"ကို ... ဘယ်လိုပြောလိုက်တာလဲ"

မေ့အသံက ခပ်ဆတ်ဆတ်လေး ဖြစ်နေတာမို့ နေလုလင်က မျက်ခုံးပင့်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာ ဘာအမှားပါသွားလို့လဲ"

"ကိုက ပြုံးစိစိနဲ့ ရယ်သွမ်းသွေးရင်း ပြောတာ
အခြောက်ဆိုတဲ့ အသုံးအနှုန်းကို ခပ်နှိမ်နှိမ် ပြောလိုက်
လေ၊ gay လည်း ခံစားတတ်တဲ့ နှလုံးသားရှိတဲ့ လူ
တစ်ယောက်ပဲ၊ ခွဲခြားဆက်ဆံနေစရာ မလိုပါဘူး၊ 
စာနာတတ်တဲ့ နှလုံးသားရှိရင် ခုလိုမျိုး ပြုံးစိစိပုံ
မပြောသင့်ဘူး"

နေလုလင်က မေ့ကို အံ့သြစွာ စိုက်ကြည့်
သည်။ မေပြောနေပုံလေးက စိတ်လိုက်မာန်ပါ ရှိလှသည်။ 
လူသားချင်း စာနာထောက်ထားမှုကို အလေးထားသူဆိုတာ
လုလင်က သိလိုက်သည်။

"ဆောရီး မေ ...၊ ကိုယ် ဆင်ခြင်ပါ့မယ်"

နေလုလင်က တောင်းပန်လိုက်တော့မှ မေ့မျ
ထားက ပျော့ပျောင်းလာသည်။

"မေလေ ... အဲဒီလိုမျိုး ခွဲခြားဆက်ဆံတတ်တဲ့ သူ
သိပ်မုန်းတာပဲ သိလား၊ ဒါနဲ့ ... ကို ... Prison 
ဇာတ်လမ်းတွဲ ကြည့်လား"

"ကြည့်တယ်လေ ... ထောင်ဖောက်တဲ့ ကား မဟုတ်
"အဲ့ဒီကားထဲက စကိုးဖီးလ် ကို သိလား"





"သိတာပေါ့၊ မင်းသား Wentworth Miller လေ"

"သူဆို ရှုံးကို လုံးဝမသွားဘူး"

"သူက အခြောက်လား၊ အဲ ... ဆောရီး ... gay လား"

"သူက သူ့ကိုယ်သူ လိင်တူ စိတ်ဝင်စားသူလို့ ဝန်ခံထား
တဲ့ သူလေ၊ သူလည်း သူတို့ကို ခွဲခြားဆက်ဆံတဲ့ ရှုရှား
ကို အမြင်ကတ်လို့ မသွားတာနေမှာပေါ့၊ မေလည်း မသွား
ပါဘူး"

"ဟမ် ... မေက အခြောက် ... အဲ ... လိင်တူ စိတ်ဝင်စားသူ
မို့လို့လား"

နေလုလင်ရဲ့ အလန့်တကြား အမောတကော မေး
ခွန်းကြောင့် မေက ရယ်မောရင်း ...

"ဟင်း ... ဟင်း ... ကိုကလည်း စိုးရိမ်တတ်ရန်ကော၊ မေ
က သူတို့တွေ လူလူချင်း ခွဲခြားဆက်ဆံတာ သဘောမကျ
လို့ မသွားတာပါ၊ မေက ခရီးထွက်တာ ဝါသနာပါတယ်
လေ၊ အမေရိကားမှာ နေတုန်းကဆို ခဏ ခဏ ခရီးထွက်
နေတာ၊ နိုင်ငံတော်တော်များများ မေ ရောက်ဖူးတယ်၊
ဆိုဗီယက်တောင် ရောက်ဖူးတယ်၊ ရုရှားပဲ မသွားဖြစ်တာ"

"ဩော် ... တော်ပါသေးရဲ့၊ ရင်တွေတုန်လိုက်တာကွာ"

နေလုလင်က ခုမှ စိတ်အေးသွားသလို ပုံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကြီးချပြရင်း ပြောလိုက်တာမို့ မေက ရယ်မောလိုက်သည်။ မေ ရယ်မောလိုက်ရင် ဘယ်သူနဲ့ တူမှန်း မသိ။ မေ့အပြုံး မေ့အရယ်တွေက သူနဲ့ ရင်းနှီးသလို ခံစားရသည်။ မေ ရယ်လိုက်ရင် အနီးအနားတစ်ဝိုက်မှာ ပန်းတွေ ပြိုင်တူပွင့်လာသလို လှပမွှေးရီလာသည်။

"ကိုယ် အပုန်း တစ်ယောက်နဲ့ ခင်မင်ရင်းနှီးဖူးတယ် မေ၊ ကြာတော့ ကြာပါပြီ"

မေက သူ့ကို စိုက်ကြည့်ရင်း ...

"အပုန်းဆိုတာက ..."

"ကိုယ်တို့ဆီမှာ သုံးလေ့ရှိတဲ့ ဗန်းစကားလို့ပဲ ပြောရမလား မသိဘူး၊ အခြောက်လို ... အဲ ... gay လို့မနေဘဲ ယောကျ်ားပီပီသသ ပုံစံမျိုးနဲ့ လိင်တူစွဲလမ်းတဲ့ သူမျိုးကို ခေါ်တာပေါ့"

မေက သူ့ကို ခပ်နစ်နစ် စိုက်ကြည့်ရင်း ငြိမ်နားထောင်နေသည်။

"ကိုယ်လည်း လုံးဝ မထင်ခဲ့ဘူးလေ၊ နောက်မှ အပုန်းဆိုတာ သိလိုက်ရတော့ အရမ်း အံ့ဩသွားတာ"

"အခု အဲ့ဒီလူက ဘယ်မှာလဲ"

"ဘယ်ရောက်သွားမှန်း မသိတော့ဘူး၊ ကိုယ်တို့နဲ့ အဆက်အသွယ် ပြတ်သွားတယ်လေ၊ ကိုယ်တို့ အသိုက်အဝန်းထဲမှာလည်း ရှိမနေတော့ဘူး ထင်ပါတယ်"

"ကိုက မရှာဘူးလား၊ ကိုနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဆို၊ သူ အပုန်းဖြစ်နေတာနဲ့ပဲ ကိုက သံယောဇဉ် ပြတ်သွားတာပဲလား ..."

မေ့အသံက စိတ်လှုပ်ရှားနေသလိုအသံမျိုး ...။ မေ ဘာ လိုတာထက်ပိုပြီး gay တွေကို စာနာတတ်သူလား ...။

"ဪ ... မေရယ်၊ တကူးတက သံယောဇဉ်ဖြတ်တာတော့ မဟုတ်ဘူး၊ ဒီလိုပါပဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်ရင်း မေ့မေ့လျော့လျော့ ဖြစ်သွားတာမျိုးပါ"

"ကို ... မေ သန့်စင်ခန်း ဝင်ချင်လို့"

"ဪ ... သွားလေ မေ၊ အပေါ်ထပ်က သန့်စင်ခန်းက ပိုကောင်းပေမယ့် ကိုယ့်အခန်းထဲမှာ ဖြစ်နေလို့ အောက်ထပ်က သန့်စင်ခန်းပဲ သုံးလိုက်နော်"

မေက ခပ်မြန်မြန်ထပြီး နောက်ဘက်သို့ ဝင်သွားသည်။

ခဏကြာတော့မှ မေက ဧည့်ခန်းထဲသို့ ပြန်ဝင်လာသည်။

"ကဲ ... လာ ... မေ ဟင်းတွေ ပြန်မအေးခင် စားလိုက်ကြရအောင် ..."





ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မေက သူနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ခွန်းခက်ရင်းကို လှမ်းယူရင်း သူ့ကို ပြုံးပြသည်။

မေက ထူးဆန်းသည်ဟု ခံစားရသော်လည်း ထူးဆန်းမှုလေးတွေက ချစ်စရာကောင်းပါသည်။

● ● ●



(၁၇)

ကော်ဖီဆိုင်တစ်ခုလုံးမှာ အလင်းရောင် မှိန်မှိန်လေးသာ ရှိသော်လည်း ဆိုင်ထောင့် တစ်နေရာမှာတော့ စားပွဲတင်မီးအိမ်ကလေးကြောင့် လင်းချင်းနေပါသည်။

နေလုလင်သည် ဆိုင်အပြင်ဘက်မှာ ဘောင်းဘီအိတ်ထဲ လက်နှိုက်၍ ရပ်တန့်နေရင်း ဆိုင်ထဲကို လှမ်းကြည့်နေမိသည်။

ဒီလို ဆိုင်ပိတ်ချိန်မျိုးတွေမှာ မေ့ကို တွေ့ဖို့ သူ ရောက်ရောက်လာတတ်သည်။ မေကလည်း ဒီဆိုင်ရှိရာ ခြံဝန်းလေးထဲက ခုံတန်းဖြူကလေးပေါ်မှာ ထိုင်၍ဖြစ်စေ၊ ကော်ဖီဆိုင်ထဲမှာပဲ မီးဖွင့်ပြီး ကော်ဖီသောက်ရင်း စာဖတ်လို့ဖြစ်စေ သူ့ကို စောင့်နေတတ်သည်။

သူ မေ့ဆိုင်ကိုလာတိုင်း ဆိုင်နဲ့ ခပ်ဝေးဝေး ခြံထောင့်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကားရပ်ခဲ့ပြီး ဆိုင်ဘက်သို့ လမ်းလျှောက်လာတတ်ခဲ့သည်။ ဆိုင်ကိုမရောက်ခင် ခပ်ဝေးဝေးကနေ မေ သူ့ကို ဘယ်လိုပုံစံဖြ မျှော်နေမလဲဟု မှန်းဆကြည့်ရတာ ကြည်နူးစရာ ကောင်းသည်

မေ စာဖတ်နေတာများလားဟု ထင်မိသော်လည် မေက စာဖတ်နေတာ မဟုတ်ပါ။ အင်္ကျီလား ဘာလား မသိသေ တစ်စုံတစ်ရာကို အပ်ချည်ကြိုးဖြင့် လက်ချုပ် ချုပ်နေတာပင် ... မီးရောင်က မေ့မျက်နှာနှင့် အင်္ကျီနားတစ်ဝိုက်ကိုပဲ လင်းဖြာနေပြီ ကျန်တဲ့နေရာတွေက မှောင်ရိပ်ကျနေသည်။

သူက အသံမပေးဘဲ မှန်တံခါးကို ခပ်ဖြည်းဖြည် တွန်းဖွင့်လျက် ဆိုင်ထဲသို့ ခြေသံဖွဖွဖြင့် ဝင်လာခဲ့သည်။ မေ့ စနောက်ချင်တာမို့ပင်။

မေက သူဝင်လာတာကို မသိဘဲ သူ့အလုပ်မှာသ အာရုံစိုက်နေသည်။

"ဟိတ် ..."

"အမေ့ ... အား"

"ဟာ ... မေ ..."

သူက မေ့နောက်နားမှာ ရပ်၍ မေ့မျက်နှာနားသ မျက်နှာ ကပ်လိုက်ရင်း လှန့်လိုက်တာမို့ မေက လန့်သွားက သူ့လက်သူ အပ်နှင့် ပြန်ထိုးမိသွားပါသည်။





"မေ ... မေ ... ဟာ ... ဆောရီးပါကွာ၊ ကိုယ် မေ့ကို အကျီ စား လွန်သွားပြီ ထင်တယ်"

"ရပါတယ် ကိုရဲ၊ မတော်တဆပဲ"

သူက မေ့လက်လေးကို လှမ်းဆွဲယူကြည့်လိုက်သည်။ မေ့လက်သူကြွယ် ထိပ်ဖျားမှာ သွေးဥကလေး စို့သီးနေသည်။

သူ မေ့လက်သူကြွယ်လေးကို ဆွဲယူကာ မေ့လက် ချောင်းကလေးထိပ်က သွေးတွေကို စုပ်ယူပြီး ထွေးပစ်လိုက်သည်။

မေက နှုတ်ခမ်းလေး မဟတဟဖြင့် နေလုလင်ကို ငေးခနဲ ကြည့်ကာ ငြိမ်သွားပြီးမှ သူ့မလက်ကို ပြန်ဆွဲရုန်းလိုက် ရင်း ...

"ကို ... ဖယ် ... ဖယ်ပါ၊ ရပါတယ် ... မလုပ်ပါနဲ့"

"မေ ... နာနေလား"

"နည်းနည်း စပ်သလိုပဲ ဖြစ်နေတာ"

"ခဏနော်၊ သက်သာအောင် လုပ်ပေးမယ်၊ ငြိမ်ငြိမ်နေ"

နေလုလင်က သွေးမထွက်တော့ပြီဖြစ်သော မေ့ က်ချောင်းကလေးကို ပါးစပ်ထဲထည့်ငုံထားရင်း အာငွေ့ဖြင့် က်သာအောင် လုပ်ပေးနေသည်။

သူ မေ့လက်လေးကို အာငွေ့ပေးနေရင်းက မေ့ကို က်လွှာပင့်ကြည့်မိတော့ သူ့ကို ခပ်စိုက်စိုက် ငေးနေသော မေ့ က်ဝန်းတွေနှင့် ဆုံရသည်။ မေ့အကြည့်က နွေးနေပါသည်။



www.burmeseclassic.com

"ကို ... ရပါပြီ၊ မေ သက်သာပါပြီ"

မေက သူ့မလက်ကို အသာအယာ ပြန်ဆွဲယူသွားသည်။ သူက မေ့ လက်ကို ပြန်ဆွဲယူကာ ဖွဖွလေး ငုံ့နမ်းလိုက်ပြီး ...

"မေ ... အရမ်းချစ်တယ် မေရယ်၊ မေ့ကို တစ်ရက် မတွေ့ရရင်တောင် ကိုယ် မနေနိုင်ဘူး၊ ကိုယ် မေ့ကို လက်ထပ်ပါရစေ၊ လက်ထပ်ခွင့်ပြုပါ၊ ကိုယ်တို့ လက်ထပ်ကြရအောင်ပါ ... မေရယ်"

မေက သူ့ကို ငေးရီရီ ကြည့်နေသည်။

"နော် ... မေ၊ လက်ထပ်ကြရအောင်နော် ... နော်"

သူက ကလေးတစ်ယောက်လို ပူဆာလိုက်တော့ မေက ဖွဖွလေးပြုံးကာ သူ့ကို မျက်စောင်းထိုးလိုက်ရင်း ...

"ဟင်း ... ကလေးကျနေတာပဲ၊ ဂျီပူဂျီပူနဲ့ နားပူနားဆာလာလုပ်နေတယ် ..."

"မေ ခွင့်မပြုမချင်း ကိုယ်ကတော့ ပူဆာနေမှာပဲ ..."

"ချက်ချင်းကြီးတော့ လက်မထပ်ချင်သေးပေါင်၊ မေ လွတ်လွတ်လပ်လပ် နေချင်သေးတာ ..."

"မေကလည်းကွာ ... ကိုယ်နဲ့ လက်ထပ်ပြီးလည်း မေ့ ... ချုပ်ချယ်မှာမှ မဟုတ်တာ၊ မေလုပ်ချင်တာကို လွတ်လွတ်လပ်လပ် လုပ်၊ ကိုယ် ခွင့်ပြုမှာပါ"





"ဘယ်လိုပဲ ကိုယ့်ယောကျ်ားက ခွင့်ပြုလို့ လွတ်လပ်စေဦးတော့ အပျိုဘဝ လွတ်လပ်မှုနဲ့တော့ ဘယ်တူတော့မှာလဲ ကိုရယ်၊"

"ဘာလဲ ... မေက ကောင်လေးတွေနဲ့ လွတ်လွတ်လပ်လပ် တွေ့ချင် တွဲချင်သေးလို့လား"

"ဒါပေါ့ ..."

"ဒေါ်မေရှား ..."

နေလုလင်က ခပ်မာမာ ခေါ်လိုက်တော့ မေက ...တွန့်ကာ ရယ်လိုက်ရင်း ...

"ဟဟ ... ဟုတ်တယ်လေ၊ ကိုနဲ့ လက်ထပ်ပြီးရင် ... ကို လွတ်လပ်ခွင့်ပေးတဲ့ စာရင်းမှာ အဲဒီလို အခွင့်အရေးမျိုး ပါမှာမှ မဟုတ်တာ ..."

"မင်း ... သိပ်လွတ်လပ်ချင်တယ်ပေါ့လေ ... လာခဲ့ ..."

"အိုး ... ကို ... ကိုနော် ..."

နေလုလင်က သူ့ခန္ဓာကိုယ်ဖြေးကို တအားဖက်ပြီး ...ပါးလေးတွေကို နမ်းမွှေးလိုက်တာမို့ သူမက သူ့ရင်ဘတ်ကို ...တွန်းဖယ်လိုက်ရင်း ...

"ကို ... မေ့ကို ခဏခဏ လန့်အောင် လုပ်မယ်ဆို ပြန်တော့ကွာ ..."

www.burmeseclassic.com



"မပြန်ဘူး၊ မေ့ဆီက အဖြေရမှ ပြန်မှာ"

"ကို မဆိုးနဲ့နော် ..."

"ဆိုးတယ်ကွာ ..."

"ဟာဟ ... မကြီးမငယ်နဲ့ လာကပ်ချွဲနေတယ်၊ ကဲ ... ဒီလိုလုပ် ကို့မွေးနေ့ကျမှ ကို့ကို မေ အဖြေပေးမယ်"

"လက်ထပ်မယ်ဆိုတဲ့ အဖြေလား"

"may be ပေါ့"

"မေ ... မင်းနော်၊ နောက်တစ်ခါ ထပ်နမ်းလိုက်ရ..."

"နမ်းရဲရင် နမ်းကြည့်လေ၊ နာခေါင်းကို အပ်နဲ့ထိုးပစ် မယ်၊ ဒီမှာတွေ့လား ..."

မေက အပ်ကို မြှောက်ပြရင်း ပြောတာမို့ နေလု က ပခုံးတွန့်လိုက်မိသည်။

"ကဲ ... မေပြောတာ နားထောင်ပါ ကိုရဲ့၊ ကို မွေးနေ့ ဖြေပါရစေနော် ..."

"အကြာကြီး စောင့်ရဦးမှာ"

"မစောင့်ရတော့ပါဘူး ကိုရယ်၊ သိပ်မှမလိုတော့တာ၊ နဲ့ နှစ်ပတ်လောက်ပဲ လိုတော့တာ ..."

မေ့စကားကြောင့် နေလုလင်က တွေဝေငြိမ် သွားပါသည်။ မေ့ကို ကိုယ့် မွေးနေ့ ပြောပြဖူးလို့လား။





တော့ အရင်တုန်းက ကောင်မလေးတွေလို ကိုယ့် မွေးနေ့ကို ဘမင်ပြောမပြတာမျိုး မဟုတ်။ လွဲပြောချင်တာလည်း မဟုတ်။ ကားမစပ်မိသေးလို့သာ မပြောမိတာမျိုးပင်။

"မေ ... ကိုယ့်မွေးနေ့ကို ဘယ်လိုသိလဲ၊ ကို မေ့ကို ပြော မပြမိသေးဘူး ထင်တယ်"

သူက မေ့ကို ခပ်တွေတွေကြည့်ရင်း ဇဝေဇဝါ ပြောမိ တော့ မေက ခဏငြိမ်သွားပြီးမှ ...

"ဪ ... အင်း ... အဲ့ဒါ ဟိုတလောက ကို့ကားထဲမှာ ကို့ကားလိုင်စင်တွေ့လို့ မေ ယူကြည့်ထားမိတာ ..."

"ဪ ... ကိုယ်က မေ ဒီတစ်ခါလည်း ခန့်မှန်းတာပဲလား လို့၊ ကိုယ်တို့ စိတ်ချင်းနီးစပ်လို့ မွေးနေ့မှန်းတာလည်း မှန်ပြန်ပြီလားလို့ ရင်တွေတောင် ခုန်သွားတယ်"

သူက သူ့ ဘယ်ဘက်ရင်ဘတ်ကို ဖိရင်း ပြောလိုက် သည်။ မေက ပြုံးလိုက်ရင်း ...

"သိပ်လည်း စိတ်ကူးမယဉ်ပါနဲ့ရှင်၊ ဘယ်လောက် စိတ်ချင်း နီးစပ်နီးစပ် မွေးနေ့တော့ မှန်းနိုင်ပါ့မလားရှင့် ... အဟင်း ဟင်း ..."

မေက သူ့ကို နောက်နောက်ပြောင်ပြောင်လေး ပြန် ပြောလိုက်တာပင်။ သူက မေ့ပေါင်ပေါ် တင်ထားသည့် ရုပ်အင်္ကျီ နက်ရောင်လေးကို သတိထားမိသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေ ... ဒီရှပ်အင်္ကျီက ..."

"ကို့ကို လက်ဆောင်ပေးဖို့လေ၊ ကိုက အင်္ကျီဆို အန
ကြိုက်တယ် မဟုတ်လား"

ဟင် ... မေ သိပြန်ပြီ။ မေမေ တားမြစ်လို့ အန
တွေ သိပ်မဝတ်ဖြစ်တာတောင်မှလေ။

"မေ ... ကိုယ် အင်္ကျီနက်ကြိုက်တာ သိတယ် ? ..."

"ကို့အရွယ် စတိုင်လ်ကျကျ လုပ်ငန်းရှင်တွေဆိုတာ အန
ရောင်နဲ့မှ မကင်းတာလေ၊ ဒင်နာပွဲတို့ ဘာတို့ဆိုလ
စတိုင်ပဲန်အနက်တို့၊ ကုတ်အင်္ကျီ အနက်တို့၊ ရှပ်န
တိုက်ပုံအနက်တို့ ဒါမျိုးတွေပဲ လုံ့ညှပ်ဝတ်ဝတ်နေ
မဟုတ်လား၊ အနက်မကြိုက်တဲ့ သူ နည်းပါလိမ့်
အနက်ရောင်က ဖက်ရှင်ကာလာပဲလေ၊ မေ မှန်းကြည့်
တာပေါ့ ..."

"မေ ... တော်တယ်၊ မေ ကိုယ့်ကို ချစ်လို့၊ ကိုယ်
ယောက် သိပ်ချစ်လို့ ... အမြဲသတိရနေလို့ ... မေ မှန်း
မှန်နေတာဖြစ်မယ် ..."

"ကိုက လိပ်မျိုး၊ ကိုယ့်ဘက်ကိုယ်ယက် တွေးတတ်
အရမ်းပဲ"

"အင်္ကျီလေး ကိုယ့်ကိုပြပါဦး၊ ဒါနဲ့ အပ်နဲ့ ဘာကိုချ
တာလဲ၊ ကြယ်သီးခိုင်အောင် လုပ်နေတာလား"





သူက မေ့လက်ထဲက အင်္ကျီကို လှမ်းဆွဲယူကြည့်
ိုက်သည်။ ကော်လံအတွင်းဘက်မှာ ထိုးထားသည့် အပ်ချည်ဖြူ
လေးတွေကို အတွေ့မှာ သူ ရုတ်တရက် မှင်သက်သွားခဲ့ရပါ
သည်။

"ကြယ်သီးတွေက ခိုင်ပြီးသားပါ၊ မေက ကော်လံအတွင်း
ဘက်မှာ ချည်အဖြူလေး ထိုးပေးနေတာ ..."

သူ မေ့ကို လှမ်းကြည့်မိပြန်သည်။ မေဟာ ကိုယ့်
ကြိုက် ကိုယ့်လိုအပ်ချက်တွေကို ဘာ့ကြောင့် ဒီလောက်ထိ
သေးစိတ် သိနိုင်ရတာလဲ။ တိုက်ဆိုင်မှုတွေ များလွန်းတာလား၊
်းဆချက်တွေ မှန်လွန်းတာလား။ နှလုံးသားချင်း နီးလွန်းတာ
ား။ ထူးဆန်းမှုတစ်ခုခုလား ...။ သူ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်
ာသည်။ ပြီးတော့ ဒီလိုမျိုး ချည်အဖြူလေး ထိုးပေးခဲ့ဖူးသော
ာရန့်ကို သတိရသည်။

မေ့ကို တွေ့ကတည်းက ကာရန့်ကို သတိရမိနေတာ
ာ့ကြောင့်လဲ။ မေ့အပြုအမူ~~တွေက~~ ကာရန်နဲ့ တူညီနေတာလား။
ရဲ့ ထူးဆန်းမှုကလေးတွေက ကာရန့်ကို သတိရလာအောင်
ွပေးနိုင်သည်။ ဘုရားရေ ... ငါ ဘုန်းကာရန်ကို ချစ်ခဲ့မိတာ
ာ့ မဟုတ်ပါဘူးနော်။ ငါ လိင်တူခြင်း မနှစ်သက်တာ လုံးဝ
သေအချာကြီးပါနော်။



www.burmeseclassic.com

www.burmeseclassic.com



"မေ ... ဒီ ... ဒီလို အင်္ကျီအနက်ပေါ်မှာ ကိုယ် ချည်အဖြ
ထိုး ဝတ်တတ်မှန်း မေ ဘယ်လိုသိလဲ"

"မေ့ ဒက်ဒီမှာရော မေ့ ဦးလေးတွေမှာပါ အဲ့ဒီလို လုပ်
အကျင့်ကလေးတွေ ရှိတယ်လေ၊ မေ ငယ်ငယ်ကတည်းက
ကြားဖူးနားဝရှိလာခဲ့တာ၊ မေ့ အဘွားက ဗေဒင် ယတြ
တွေ အရမ်းယုံကြည်စွဲလမ်းတတ်တော့ အနက်ဝတ်ရ
ချည်အဖြူထိုးဝတ်ဖို့ အမြဲပြောပြောနေတတ်တာ၊ ဒက်
အင်္ကျီတွေဆို မာမီက အမြဲ ချည်အဖြူထိုးပေးရတယ်
မာမီ မရှိတော့ မေပဲ ဆက်ထိုးပေးခဲ့ရတယ်၊ အဲ့ဒါကြော
ကို့အင်္ကျီကိုလည်း လိုရမည်ရဆိုပြီး ထိုးပေးထားတာ၊ ကို
စီးပွားရေးလည်း လုပ်နေတော့ အယူရှိမလားလို့ပါ၊
မကြိုက်ရင် မေ ပြန်ဖြုတ်လိုက်ရုံပဲလေ"

"မေရယ် ..."

နေလုလင်က မေ ထိုင်နေသည့် ခုံခြေရင်း ကြမ်းပြ
မှာ ထိုင်ချလိုက်ပြီး မေ့ဒူးပေါ် တံတောင်နှစ်ဖက်ထောက်
မေးလည်းထောက်လျက် မေ့မျက်နှာကို ငေးကြည့်လိုက်ရင်း

"မေ ... မေက ကိုယ့်ကို အမြဲတမ်း surprise (အံ့အားသ
ဖြစ်စေတယ်၊ စတွေ့တဲ့ နေ့ကတည်းကပါပဲ မေ၊ မေ့စ
နဲ့ မေ့အလှ မေ့အပြုအမူတွေက ကိုယ့်ကို surprise ဖြ





ခဲ့တာ၊ ချစ်သူတွေဖြစ်သွားကြတော့လည်း မေ့ရဲ့ စကားလုံးတိုင်း အပြုအမူတိုင်းက ကိုယ့်ကို အံ့အားသင့်စေတယ်၊ မေက ကိုယ့်အကြိုက်ကို သိနေတယ်၊ ကိုယ့်စိတ်ကို သိနေတယ်၊ ကိုယ့်ဘဝကိုပါ သိနေတယ်လို့ ကိုယ် ခံစားရတယ်၊ မေက ကိုယ့်ကို အချိန်တိုင်း စိတ်လှုပ်ရှား ပျော်ရွှင်စေတယ်၊ မေ့ကို ကိုယ် မူးရိုးနှစ်နေအောင် မစွဲလမ်းစဖူး စွဲလမ်းရတယ်၊ အရမ်းချစ်တယ် မေ၊ ဖြစ်နိုင်ရင် ခုကစပြီး မခွဲချင် တော့ဘူး၊ မေနဲ့တွေ့ပြီး ပြန်ဖို့ ကျောခိုင်းလိုက်ရတိုင်း အားအင်ဆုတ်နစ်သွားသလို ခံစားရတယ်၊ ကိုယ့်ကို သနားသောအားဖြင့် အမြန်ဆုံး လက်ထပ်ခွင့် ပြုပါ မေရယ် ..."

နေလုလင် တိုးတိုးဖွဖွ ပြောနေတာကို မေက စူးစူး
နှစ် စိုက်ကြည့်ရင်း နားထောင်နေသည်။ မေ့ နှုတ်ခမ်းတွေက
င်းတင်းစေ့ပိတ်နေသည်။ မေ့မျက်ဝန်းတွေက စူးရှလက်ပြောင်
သည်။

မေဟာ သူ့ခံစားချက်တွေ ပျော့ညွတ် ယိမ်းယိုင်
သွားအောင် စိတ်ကို ကြိုးစားထိန်းချုပ်ထားရတာများလား။

"အချစ်ဆိုတာ ဒီလိုပါပဲ ကို၊ ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ချစ်မိရင် ဒီလိုပဲ ခံစားရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူရော ကိုယ်ရော နှစ်ယောက်လုံး ချစ်တဲ့ အ
မျိုးတောင် ဒီလောက်ခံစား ပင်ပန်းနေရရင် ကိုယ့်ကို လုံး
ပြန်မချစ်နိုင်တဲ့ အပြင် ကိုယ့်အချစ်ကို အသိအမှတ်
မလေးစားတဲ့ လူမျိုးကို တစ်ဖက်သတ် ချစ်မိတဲ့သူမျိုး
ပိုခံစားရမှာပေါ့"

မေ့အသံက ဆွေးမြည့်ခက်ထန်နေသည်။ သူ မေ့
ကြည့်ကာ အံ့သြမိဆဲတွင် မေက ပြန်လည်ပျော့ပျောင်းလာကာ

"ဆောရီး ... မေက ခံစားချက်ပါပါ စကားပြောရင် အ
ပါပါသွားတတ်တယ်၊ ချစ်တတ်တဲ့ သူတိုင်းကို မေ စာ
ပါတယ်၊ ကိုရော စာနာတတ်ရဲ့လားဟင်"

"စာနာပါတယ် မေ၊ မေလည်း ကိုယ့်ကို စာနာသော
ဖြင့် ကိုယ်နဲ့ အမြန်ဆုံး လက်ထပ်ဖို့ သဘောတူပါ
"အဟင်း ... ကိုက မေ့ကို ညှို့ပြီး ခေါင်းညိတ်ခိုင်း
ပြီ၊ ကို့ မွေးနေ့ကျမှ အဖြေပေးပါမယ်ဆို၊ ဒီလောက်
လေးတောင် မစောင့်နိုင်ဘူးလား"

"အိုခေ ... အိုခေ ... ကိုယ် စောင့်ပါ့မယ် မေရယ်"

သူက မေ့ပါးလေး တစ်ဖက်ကို ဆွဲညှစ်ရင်း
လိုက်မိသည်။ မေက သူ့လက်ကို ဆွဲဖယ်သည်။ သူက မေ့
လေးကို ပြန်ဆွဲယူလိုက်တော့ မေ့ခန္ဓာကိုယ်လေးက သူ့ရင်ခွင်





ယိမ်းယိုင်လာသည်။ သူ မေ့ကို ထွေးပွေ့မိစဉ်မှာ သူ့ဘဝက
အရာရာ ပြည့်စုံသွားသလိုမျိုး။

ရှုံးလောက်အောင် ချစ်ရတယ်ဆိုတာ ဒါမျိုးများလား
မေရယ် ... ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

"ကိုကိုရေ ... မပြီးသေးဘူးလားဗျို့ ..."

"ပြီးပြီဟေ့ ... ပြီးပြီ"

နေလုလင်က ကိုယ့်ခေါင်းက ဂျဲလီမ်းထားသည့် ဆံပင်တွေကို လက်ဖဝါးနှစ်ဖက်ဖြင့် ညှပ်၍ ထောင်နေရင်း လှမ်း အော်ပြောလိုက်သည်။ ပြီးတော့ ချိတ်မှာ ချိတ်ထားသည့် တိုက်ပုံ အဖြူကို ယူဝတ်လိုက်ပြီး မှန်ရှေ့မှာ ရပ်၍ သပ်ရပ်အောင် ဆွဲဆန့် ပြုပြင်လိုက်သည်။

မိတ်ဆွေတစ်ယောက်ရဲ့ မင်္ဂလာဆောင်ကို သွားရမှာ မို့ မောင်မိုးက သူ့ရုံးခန်းကို ဝင်လာခေါ်ပြီး အတူသွားကြဖို့ပင် ...

နေလုလင်က တိုက်ပုံကို ရေမွှေးဆွတ်လိုက်ပြီး ပြင်ဆင်ခြင်းကို အဆုံးသတ်ကာ အပေါ်ထပ်မှ ဆင်းလာသည်။





အောက်ထပ်လှေကားရင်းမှာ ရပ်၍ မော့ကြည့်နေသော မောင်မိုးက နေလုလင်ကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ကာ ရယ်လိုက်ရင်း ...

"မင်္ဂလာဆောင်သွားမယ့်သူက သတို့သား ရှုံးအောင် ပြင်နေရလို့ ကြာနေတာကိုး ..."

"ငါ ဘာမှ အထွေအထူး မပြင်ဘူး ဟေ့ကောင်၊ မင်္ဂလာဆောင်သွားရင် ဝတ်နေကျအတိုင်း တိုက်ပုံဖြူနဲ့ ပိုးပုဆိုးပဲ ဝတ်ထားတာ၊ ဒါ ပုံမှန် မင်္ဂလာဆောင် သွားတဲ့ စတိုင်လ်ပဲ ..."

"ဆံပင်တွေကို ကော့နေအောင် လုပ်ထားတာ အသိသာကြီး ကို၊ ကိုကိုက လှကို လှချင်တာ ..."

"မင်္ဂလာဆောင်သွားတာတော့ သပ်သပ်ရပ်ရပ် ဖြစ်အောင် လုပ်ရသေးတာပေါ့ကွ၊ မင်း မှတ်ထားဖို့က မင်္ဂလာဆောင် ကို သပ်သပ်ရပ်ရပ် တောက်တောက်ပြောင်ပြောင် ဝတ်စား သွားတယ်ဆိုတာ မင်္ဂလာဆောင်တဲ့သူတွေကို လေးစားတာ၊ ဂုဏ်ပြုတာ၊ ချီးမြှင့်တာ ..."

"ကဲ ... ဟုတ်ပါပြီဗျာ၊ နောက်ကျနေဦးမယ်၊ သွားရအောင်"

"မင်း မိန်းမရော မပါဘူးလား၊ ကားပေါ်မှာလား ..."

"ငွေက သူ့မေမေ ဆေးစစ်ဖို့ ဘန်ကောက်ကို လိုက်ပို့တယ် ကိုကို၊ တစ်ပတ်လောက်နေမှ ပြန်ရောက်မှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်းမိန်းမ ခရီးသွားနေလို့သာ ငါနဲ့အတူသွား
လာခေါ်တာ မဟုတ်လား"

"ဒါပေါ့၊ ကိုယ့်မိန်းမသာ အနားရှိရင် ကိုယ့်မိန်းမနဲ့ပဲ
ခုတ်သွားမှာပေါ့၊ ကိုကို့ကို လာခေါ်စရာလား"

"လဒ(လင်းတ)ကောင်၊ ငါကန်ထည့်လိုက်ရ ..."

"ဟား ... ဟား ..."

ညီအစ်ကို နှစ်ယောက် ရယ်မောနောက်ပြောင်နေ
မှာ နေလုလင်၏ ဖုန်းက အသံမြည်လာသည်။

"ဟဲဟဲ ... ချစ်သူလေးဆီက ဖုန်းကွ၊ ခဏလေး ... ဖုန်း
လိုက်ဦးမယ်"

နေလုလင်က ဖုန်းကို ပျာပျာသလဲ ဖွင့်ကိုင်လို
သည်။ မေ တစ်ခါဖုန်းဆက်တိုင်း သူ တစ်ခါ စိတ်နှလုံး ရွှင်
ရသည်။

"ဟဲလို ... မေ ..."

"ကို ... ဒီနေ့ မင်္ဂလာဆောင် သွားမယ်ဆို"

"အင်း ... ခုပဲ သွားတော့မလို့ မေ၊ ကိုယ့် ညီလာခေ
ညီ့ကားနဲ့ပဲ လိုက်သွားမှာ ..."

"ကို မင်္ဂလာဆောင်ကို တိုက်ပုံဝတ်သွားမှာလား ..."

"အင်း ... ဝတ်မှာ၊ ဝတ်ထားတယ် မေ၊ တိုက်ပုံနဲ့ ပိုး





နဲ့၊ မြန်မာဆန်ဆန်လေး လန်းထားတယ်၊ မေ မြင်ရင်
ကြွေသွားမယ်"

"ကို ... ခဏလေးစောင့်၊ မေ ကို့ကို ပေးစရာရှိလို့ လာနေ
တာ၊ ကို့ရုံးခန်းနား လမ်းထိပ်ကို ရောက်နေပြီ ..."

"အိုခေ ... အိုခေ ... စောင့်နေမယ်"

သူ ဖုန်းချလိုက်တော့ မောင်မိုးက သူ့ကို စူးစူးစမ်း
စမ်း ကြည့်ကာ ...

"ကိုကိုက ဘာကို စောင့်ဦးမလို့လဲ"

"ပလိစ် ... ပလိစ် ... ခဏလေးပါကွာ၊ ငါ့အချစ် လာနေ
လို့ပါ၊ ပေးစရာလေး ရှိလို့တဲ့၊ ဘာပေးမလို့လဲ မသိဘူး"

"လုပ်ပြီဗျာ၊ နောက်ကျတော့မှာပဲ"

"ရောက်တော့မှာပါကွ၊ မင်းလည်း မေ့ရှားကို တစ်ခါပဲ
မြင်ဖူးထားတာ မဟုတ်လား၊ မေက မင်းနဲ့ မိတ်ဆက်ပေး
တုန်းကထက်တောင် ပိုလှလာသေးတာ၊ မကြာခင် မရီး
တော်ရမယ့်သူနဲ့ ခဏ ခဏတွေ့ပြီး ရင်းနှီးမှုလေး ယူထား
ဦးပေါ့ ..."

မိုးလုလင်က နှုတ်ခမ်းတလှုပ်လှုပ်နှင့် ပွစိပွစိလုပ်ရင်း
အနားက ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

ထိုခဏမှာပဲ ရုံးခန်းရှေ့မှာ မေ့ကားက ရပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲသို့ ဝင်လာသော မေ့ကို နေလုလင်း ကြိုဆိုခေါ်ယူလာသည်။ မေက သူ့ကို ခြေဆုံးခေါင်းဆုံး တစ်ချ ကြည့်ရင်း …

"ကိုက ဒီလိုဝတ်တော့လည်း ကြည့်ကောင်းတာပဲ …"

"အဟဲ … မေ ကြည့်ကောင်းတယ်ဆိုရင် ကိုယ် ဝတ်ရကျ နပ်တာပေါ့၊ မေ ကိုယ့်ကို ဘာပေးစရာ ရှိလို့လဲ …"

"အင်း … ပေးစရာက …"

မေက သူမ၏ စလင်းဘတ်အိတ်ကို ဖွင့်လိုက်ပြ အိတ်ထဲက တစ်စုံတစ်ခုကို ထုတ်ယူကာ သူ့ရှေ့သို့ လျှောက်လာ သည်။ ထို့နောက် သူ့ရင်ဘတ်နှင့် အနီးဆုံးမှာ ရပ်တန့်လျ သူ့ရင်ဘတ်မှာ ရင်ထိုးလေးတစ်ခု ထိုးပေးလိုက်ပါသည်။

"ဒါလေး ကို့ကို လက်ဆောင်ပေးဖို့ ဝယ်ထားတာ ကြာ ဒီနေ့ မင်္ဂလာဆောင် သွားမယ်ဆိုမှ သတိရလို့ တိုက် မှာ ထိုးသွားဖို့ အချိန်မီလေး လာပေးတာ၊ ခုခေတ် ယောကျ်ားလေးတွေကလည်း ဖက်ရှင်အနေနဲ့ တိုက်ပုံ ရင်ထိုးထိုးကြတယ် မဟုတ်လား၊ အကယ်ဒမီပွဲမှာ မင်းသ တွေ ထိုးကြတာ မေ မြင်ဖူးထားလို့ ကို ထိုးရင်လည် လှမှာပဲဆိုပြီး ဝယ်ထားတာ၊ လှတယ် … တွေ့လား၊ ကြ လိုက်တယ်"





မေက နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ သူ့ရင် ဘတ်ကို လှမ်းကြည့်ရင်း ပြောလိုက်တာပင်။

မေ ထိုးပေးတဲ့ ရင်ထိုးကလေးဟာ ကျောက်စိမ်း ခေါင်းရုပ်ကလေး။ ကာရန် ပေးခဲ့တဲ့ ရင်ထိုးနဲ့ ချွတ်စွတ် တူနေပါ သည်။

သူက ရင်ထိုးကို ငုံ့ကြည့်ပြီးတာနှင့် မောင်မိုးကို လှမ်းကြည့်လိုက်မိသည်။ မောင်မိုးကလည်း သူ့အကြည့်ကိုသဘော ပေါက်စွာ အဓိပ္ပာယ်ပါပါ ပြန်ကြည့်နေပါသည်။

"ကို ဒီအတိုင်းလေး ထိုးသွားလိုက်နော်၊ မေလည်း သွား တော့မယ်၊ ကိုမိုး အစ်မ သွားတော့မယ်နော်"

"ဟုတ် … ဟုတ်ကဲ့ … အစ်မ"

မောင်မိုးက ကယောင်ကတမ်း ခေါင်းညိတ်ပြသည်။ မေ ပြန်သွားတော့ ညီအစ်ကိုနှစ်ယောက် အကြည့်ချင်းဆုံမိကြ သည်။

"ကိုကို … ထူးဆန်းသလိုပဲနော်"

"အေး … နည်းနည်းတော့ ထူးဆန်းတယ်"

မောင်မိုးက နေလုလင် နားသို့ လျှောက်လာကာ ရင်ထိုးကို သေချာငုံ့ကြည့်လိုက်ရင်း …

"ကာရန် ပေးခဲ့ဖူးတဲ့ ရင်ထိုးနဲ့ လုံးဝ ချွတ်စွတ်ကြီးပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တအံ့တသြ ပြောသည်။ နေလုလင်က စိတ်ရှု ရှုပ်နှင့် ရယ်လိုက်မိရင်း ...

"ဘယ်လိုပြောရမလဲ ... ပစ္စည်းဆိုတာမျိုးကတော့ ဆင်တူ ရှိနိုင်တာပဲလေ၊ ဒီလိုပစ္စည်းမျိုး ဆင်တူနှစ်ခု ငါ့ဆီရောက် လာတာကပဲ ထူးဆန်းတာ ..."

"ကာရန် ပေးခဲ့တဲ့ ရင်ထိုးကော ..."

"ဘယ်နားထားမိမှန်းတောင် မသိတော့ပါဘူးကွာ၊ ဗီရိုထဲ တစ်နေရာရာမှာတော့ ရှိမယ်ထင်တာပဲ"

"ကျွန်တော့်စိတ်ထင် တစ်မျိုးကြီးပဲဗျ၊ ဘယ်လိုကြီးမှန်း မသိဘူး၊ ဒါ ရိုးရိုးတိုက်ဆိုင်တာကော ဟုတ်ရဲ့လား မသိ ဘူး ..."

နေလုလင်က မောင်မိုး ပခုံးကို လှမ်းပုတ်လိုက်ရင်း "ရိုးရိုးမတိုက်ဆိုင်လို့ ဘယ်လိုတိုက်ဆိုင်ရမှာလဲ၊ လျှောက် မတွေးစမ်းပါနဲ့၊ ဒီလိုပါပဲ ... မေနဲ့ ငါ့ကြားမှာ တိုက်ဆိုင် မှုတွေ ထူးဆန်းမှုတွေ အများကြီး ရှိတာပါ၊ ကဲ ... လာ သွားကြရအောင်၊ ငါ့မှာ ဒါမျိုးရင်ထိုး နှစ်ခုတောင် ရှိသွား ပြီဆိုတော့ ဟိုတစ်ခုကို မင်းပဲ ယူလိုက်ပေါ့ကွာ ..."

"မယူချင်ပါဘူး၊ အာရုံနှောက်လို့ ..."

"အဟား ..."





မိုးလုလင်က ဘုတောတောမို့ နေလုလင်က ရယ်မော ပြီး ညီ့ပခုံးကိုဖက်လျက် ရုံးခန်းမှ ထွက်လာပါသည်။

"ညီ ငါပေးဖို့လက်ဖွဲ့ပါ မင်း သေချာပြင်ဆင်လာခဲ့ရဲ့လား"

"ကိုကိုက ပျင်းကိုပျင်းတာပါဗျာ၊ ကိုယ် ပေးရတဲ့ လက်ဖွဲ့ တောင် ကိုယ့်ဘာသာ မဝယ်ဘူး"

"မင်း အိမ်ထောင်ကျမှ ဒီစကား ပြောတယ်ပေါ့လေ၊ အရင် မင်းနဲ့ငါ နှစ်ယောက်တည်း နေတုန်းကလည်း လက်ဖွဲ့ဆို မင်းပဲ ဝယ်တာလေ ..."

"အဲဒီတုန်းကတော့ လူပျိုလေဗျာ၊ အခုက အိမ်ထောင်သည် ဗျ ... အိမ်ထောင်သည်"

"ငါ ထိုးလိုက်ရ ... သေသွားမယ်"

ညီအစ်ကိုနှစ်ယောက် နောက်ပြောင်ရင်း ကားဆီသို့ လျှောက်လာသည်။ ကားကိုတော့ မောင်မိုးကပဲ မောင်းပါသည်။

မောင်မိုးက ငြိမ်သက်စွာ ကားမောင်းလာရင်း မျက် မှောင်တွန့်တွန့်နှင့် တစ်ခုခုကို စဉ်းစားနေပုံရသည်။

"ကိုကို ..."

"အင်ဟင် ..."

"မမေရှားက နည်းနည်း တစ်မျိုးပဲနော်"

"ဘာကိုလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"သေချာတော့ မပြောတတ်ဘူး၊ ဒါပေမယ့် သူ့ကြည့်ရ
တစ်ခုခုကို မျှိုးသိပ် လျှို့ဝှက်ခံစားနေတဲ့ ပုံစံမျိုးလိုပဲ၊ အ
သဖြင့် သူ့မျက်လုံးအကြည့်တွေက မရှင်းဘူး"

"မင်းက အခုနဲ့မှ နှစ်ခါပဲ တွေ့ဖူးသေးတာကို"

"နှစ်ခါလည်း နှစ်ခါအလျှောက် မြင်သာတာပဲလေ၊
က ချစ်နေတဲ့သူဆိုတော့ မမြင်နိုင်တာတွေလည်း ရှိ
ကျွန်တော်က ဘေးလူဆိုတော့ မြင်သာတာတွေ ရှိ
ဥပမာဗျာ... ဘောလုံးကွင်းထဲမှာ ဝင်ကန်နေတဲ့ သူနဲ့
လုံးပွဲကြည့်တဲ့သူနဲ့... ဘောလုံးပွဲကြည့်တဲ့သူက အားလုံး
ခြုံငုံကြည့်ရှု သုံးသပ်ဝေဖန်နိုင်တာမျိုးပေါ့၊ ကန်နေတဲ့သူ
သူ့ဇောနဲ့သူဆိုတော့ အားလုံးကို ဘယ်မြင်နိုင်ပါ့မလဲ"

မောင်မိုးက တည်တည်ငြိမ်ငြိမ် တွေးတွေး
ပြောနေတာမို့ သူ ငြိမ်နားထောင်နေလိုက်သည်။

"ပြီးတော့ မမေရှားကို ကြည့်ရတာ တစ်ချက်တစ်
ဘုန်းကာရန်နဲ့ ဆင်သလိုပဲ ကိုကို..."

"ဟာ... မင်းက မဟုတ်တာ ပြောပြီ၊ ယောကျ်ားကြီး
မိန်းမကြီး... ဘယ်နေရာက ဆင်လို့လဲ"

"ဘယ်နေရာကဆိုတာ သေချာမပြောနိုင်ပေမယ့် ယော
မိန်းမ ကွာခြားချက်လည်း ရှိပေမယ့် နည်းနည်း ဆင်
လို့ ရှိတယ်လို့ ကိုကို မခံစားရဘူးလား"





နေလုလင်က ခဏငြိမ်ကာ စဉ်းစားလိုက်ရင်း...

"မေ့ကို စတွေ့ကတည်းက ငါ့စိတ်ထဲမှာ တွေ့ဖူးသလိုလို ရင်းနှီးသလိုလိုတော့ ခံစားရပါတယ်၊ သူ့အပြုအမူတွေကြောင့် ကာရန့်ကို သတိရမိတာလည်း ရှိပါတယ်၊ တစ်ခါတစ်ခါကျရင် ကာရန့်စိတ်နဲ့ မေရှားကိုယ် ဖြစ်နေသလားတောင် ထင်မိတာရှိတယ်၊ ဒါပေမယ့်... ဒါကလည်း ငါ့စိတ်ထင်ပဲ ဖြစ်မှာပါ၊ မင်းပြောသလို ကာရန်နဲ့ မေနဲ့ ရုပ်ချင်းဆင်တယ်လို့တော့ ငါ မထင်ပါဘူး"

"ဒါနဲ့ မမေရှားက ဘယ်မှာနေတာလဲ"

"ရွှေတောင်ကြားထဲလို့တော့ ပြောတာပဲ၊ လိပ်စာတော့ သေချာမသိဘူး"

"သူ့မိဘတွေကရော..."

"သူ့အမေကတော့ ဆုံးသွားပြီတဲ့၊ အဖေက အမေရိကားမှာ နောက်အိမ်ထောင်နဲ့တဲ့၊ သူက ဟိုမှာ အကြာကြီးနေပြီးမှ ပြန်လာတာ မကြာသေးဘူး၊ တစ်ဦးတည်းသော သမီးတဲ့"

"ကိုကို့ ချစ်သူအကြောင်း ကိုကိုသိတာ ဒါအကုန်ပဲလား"

"အေးလေ... ဒါ့ထက် ဘာကိုသိရဦးမှာလဲ"

"ကျွန်တော် အိမ်ထောင်မကျခင်က ကျွန်တော့်ကို ပြောဖူးတဲ့ စကားလေး ပြန်ပြောရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစကားလဲ ..."

"သူ့ယူမယ်ဆို သူ့မိသားစုကိုလည်း လေ့လာလိုက်ဦး စွတ်မွှန်မနေနဲ့ ... ဒါသုံး ... ဒါသုံး ..."

မိုးလုလင်က သူ့ခေါင်းသူ လက်ညှိုးနှင့် ထောက်ရင်း ပြောလိုက်တာမို့ နေလုလင်က တဟားဟား အော်ရယ်လိုက်မိပါသည်။

● ● ●



(၁၉)

"Happy Birthday ပါ ကို ..."

နေလုလင်၏ မွေးနေ့ နံနက်ခင်းလေးက ဖုန်းထဲမှ ...ခ်ဆင့် စီးမျောလာသော မေ့အသံကလေးကြောင့် ကျက်သရေ ...လာအဖြာဖြာနှင့် ပြည့်စုံသွားခဲ့ရပါသည်။

"ကျေးဇူးပါ မေ၊ မေ ဒီနေ့ ကိုယ့်ကို အဖြေပေးရမှာနော်"

"မေ သတိရပါတယ် ကို၊ မမေ့ပါဘူး"

"ဒါဆို ဖြေတော့လေ ... မေရယ်၊ ကိုယ် စောင့်ရတာ မောလှပြီ"

"ဖုန်းထဲက မဖြေချင်ဘူး၊ တွေ့မှ ဖြေမယ်လေ"

"ကိုယ် ခု လာခဲ့ရမလား"

"ညနေမှ လာလေ ကို၊ ညနေ ဆိုင်ပိတ်တော့မှ ဆိုင်မှာ အေးအေးဆေးဆေး တွေ့ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ … ကိုယ်လာခဲ့မယ်၊ ဒီနေ့အဖို့ နေ့တာတိုသွား
ကောင်းမှာပဲ၊ အရမ်းချစ်တယ် မေ"

"အဟင်း …"

"မေ ဘာရယ်တာလဲ"

"ကို ပြောတာ သဘောကျလို့ပါ"

"ဖုန်းမချခင် ချစ်တယ်လို့ တစ်ခွန်းလောက် ပြော

"မေက ကို့ကို အခုဘဝမှာတင် ချစ်တာမဟုတ်ဘူး၊ အ
ဘဝကတည်းက ချစ်ခဲ့တာပါ၊ အရမ်းချစ်ခဲ့ပါတယ် ကိုရ

ဟမ်း … ဒါတော့ မေ နည်းနည်းပိုပြီ၊ မေ့ အ
ကြောင့် နေ လုလင်က ပြုံးလိုက်မိသည်။

"ကို … ဘာလို့ တိတ်သွားတာလဲ၊ ကို မယုံဘူးလ
တကယ်ပြောတာ၊ ကို့ကို မေ အရင်ဘဝကတည်းက အ
ချစ်ခဲ့ရတာ၊ ဒါပေမယ့် အဲ့ဒီတုန်းက ကိုက မေ့ကို
ပါဘူး"

"ဒါဆို အရင်ဘဝတုန်းက ကိုယ်က တော်တော်မိုက်
ယောကျ်ားတစ်ယောက်ပဲ ဖြစ်ရမယ်"

"ဒါပေါ့ …၊ ကိုက မိုက်မဲခဲ့တယ်လေ၊ ကို မေ့
တွေ နားထောင်ပြီး ရယ်ချင်နေတာ မဟုတ်လား၊ မေ
တာ တကယ် ဟုတ်မဟုတ် ညနေ မေနဲ့တွေ့ရင် ကို
လိမ့်မယ်"





"အိုခေ … ကိုယ်လည်း အရမ်းသိချင်နေပါပြီ"

"ဒါပဲနော် … ကို၊ မေ ဖုန်းချလိုက်တော့မယ်၊ see you"

မေ ဖုန်းချသွားတော့ သူက ပြုံးနေလိုက်မိသည်။

အစအနောက် အပြောင်အပျက် စကားမဆိုတတ်တဲ့
ာ ခုလိုကျတော့လည်း အတည်ပေါက်နဲ့ နောက်တတ်သား
သား။ ပလီပလာလည်း ပြောတတ်သေးပါလားဟု နေလုလင်က
သဘောကျကာ နေသည်။

ထိုအချိန်မှာ မာမီ့ဆီက ဖုန်းဝင်လာခဲ့ပါသည်။

"ဟဲလို … မာမီ"

"Happy birthday ပါ သားကြီးရေ …"

"သားကို မွေးပေးတဲ့အတွက် ကျေးဇူးပါ မာမီ"

"အေး … အေး၊ သား ညနေ မွေးနေ့ညစာ ဘာစားချင်လဲ၊
မာမီ ဈေးသွားဝယ်တော့မလို့ …"

"ဟို … မာမီ … သား ဒီနေ့ အိမ်မှာ ထမင်းမစားလို့
ဖြစ်လားဟင် …"

"အလိုတော် … ထူးထူးဆန်းဆန်းပါလား၊ ဘာကိစ္စများ
ရှိလို့တုန်း၊ ပြောစမ်းပါဦး …"

နေလုလင်က မာမီ့ကို ဘာပြောရင်ကောင်းမလဲဟု
ားရင်း ခဏငြိမ်နေမိသည်။

"ဟဲ့ … သား … မာမီ မေးနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



နေလုလင်က မာမီ့ကို မွေးနေ့မှာ မလိမ်ချင်တာ အမှန်အတိုင်းပဲ ပြောဖို့ ဆုံးဖြတ်လိုက်ပါသည်။

"အဟဲ ... သားချစ်သူကို လက်ထပ်ခွင့်တောင်းထား သူက ဒီနေ့ ညနေ အဖြေပေးမယ်ဆိုလို့ပါ မာမီ ..."

"ဟိုတစ်ခါ သားမွေးနေ့တုန်းက ကံကြမ္မာက ထုပ်ပိုး ပို့လိုက်တဲ့ နတ်သမီးလုလုလေး ဆိုတာလား ..."

"အဟဲ ... မာမီက မှတ်မိသားပဲ၊ ဟုတ်ပါတယ် မာ ပြီးခဲ့တဲ့ နှစ် မွေးနေ့တုန်းက သူနဲ့ စ,တွေ့ခဲ့တာ၊ မာ ပြောထားတယ်လေ၊ ကြိုက်တာတွေ့ရင် မြန်မြန်လက် ဆိုလို့ မြန်မြန်ပဲ လက်ထပ်ခွင့် တောင်းလိုက်တာ"

"အမေကို တရားခံ ရှာနေပြန်ပြီ၊ အေးလေ ... သားလ ဒီအရွယ်ရောက်နေပြီ၊ အတွေ့အကြုံရော ဦးနှောက်အ ညာဏ်ရော ရင့်ကျက်ပြည့်စုံနေပြီပဲ၊ သားကို မာမီ ယုံ တယ်၊ နှစ်ယောက်လုံး လက်ထပ်ဖို့ သဘောတူညီပြီ တော့ မာမီ့ဆီ ခေါ်ခဲ့လေ"

"ဟုတ်ကဲ့ ... မာမီ၊ ကျေးဇူးပါ"

"ဒီလိုအရေးကိစ္စဆိုတော့လည်း မာမီ့ဘက်က ဒီနေ့ည အစီအစဉ်ကို ဖျက်ပေးလိုက်ပါ့မယ်၊ မာမီ တစ်ခု နည်းနည်း အံ့သြတယ်"





"ဘာကိုလဲ ... မာမီ"

"မာမီ့ကိုတောင် အသိမပေးဘဲ လက်ထပ်ခွင့်တောင်းလိုက် တာကိုလေ၊ ငါ့သား နည်းနည်းများ မွှန်နေသလားလို့ ..."

"အဟဲ ... မာမီ အဲ့ဒါကလေ ..."

မာမီက သူ့စကားမဆုံးမီ ဖုန်းချနှင့်သည်။ သူက ခုံးတစ်ချက်တွန့်မိသည်။ မာမီတစ်ယောက် စိတ်ကောက်သွားတာ တော့ သေချာသည်။

တစ်ပတ်လောက်တော့ အိမ်ပြန်နေပြီး မာမီ့ကို ကပ် ချွဲချော့မော့လိုက်ဖို့တော့ လိုမည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ကော်ဖီဆိုင်လေးထဲမှာ မီးတွေ လင်းနေသော်လည်း မေ့ကို မတွေ့ရချေ။

နေလုလင်က မှန်တံခါးကို တွန်းဖွင့်ဝင်လာပြီး ဆိုင်လေးထဲကို ဝေ့ဝဲကြည့်မိသည်။

ဆိုင်လေးက အေးမြတိတ်ဆိတ်နေသည်။ မီးပွင့်ဝါလေးတွေက နံရံမှာ တချို့ … မျက်နှာကြက်မှာ တချို့၊ တွဲလောင်းကလေးတွေ ကျနေသော မီးလုံးကလေးတွေကလည်း ဟိုတချို့ ဒီတချို့ …။

ဆိုင်တံခါးဝမှာ ချိတ်ထားသည့် အလှဆင် ဆွဲလည်းကလေးကို တိုက်မိခဲ့သဖြင့် ထွက်ပေါ်နေသော ကလင် ကလေးသံကလေးတွေမှအပ တစ်ဆိုင်လုံး တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။





"မေရေ… ကိုယ် ရောက်နေပါပြီ"

သူက မေ ကြားအောင် အသံပေးရင်း ထိုင်ခုံလေးတစ်လုံးမှာ ဝင်ထိုင်နေလိုက်သည်။

မေကတော့ ပေါ်မလာသေး …။

နောက်ဘက် သန့်စင်ခန်းထဲ ရောက်နေမလား …။

ကောင်တာနောက်က စားပွဲမှာလား …။

သူက စိတ်လှုပ်ရှားနေခဲ့တာမို့ စားပွဲခုံကို လက်ဖြင့်ခေါက်ရင်း မေ့ကို စောင့်နေလိုက်သည်။

ခဏကြာသည့်တိုင် မေက ထွက်မလာတာမို့ သူ ထိုင်ရာမှ ထရပ်လိုက်မိသည်။

"မေ … မေရေ …၊ ခမ ဘယ်ရောက်နေလဲ …"

သူက ဆိုင်ကောင်တာဘက်သို့ ခြေလှမ်းဖွဖွနင်း လျှောက်လာရင်း မေ့ကို ခေါ်ကြည့်လာပါသည်။

"မေ ရေ… ရုံးခန်းထဲမှာလား၊ ကိုယ် ဝင်လာခဲ့ရမလား"

သူက မေ့ကို လှမ်းမေးရင်း ကောင်တာဘက်သို့ လျှောက်လာသည်။ ထိုအချိန်မှာပဲ မေက ကောင်တာနောက်မှ ထွက်လာပါသည်။

"မေ …"

မေ့ကိုတွေ့တော့ သူ အံ့သြသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ ... မေ ဘယ်လိုကြီး ဝတ်ထားတာလဲ"

မေက ဆံပင်ကောက်တွေကို ဖြန့်ချထားကာ အ နေရင်းဝတ်သည့် ကာကီရောင် ချည်သားဘောင်းဘီပွပွကြီးနှ ချည်သားရှပ်အင်္ကျီ အစိမ်းရောင်ပွပွကြီးကို ဝတ်ထားသည်။ ဘောင် ဘီအနားကိုလည်း ခေါက်၍ တင်ထားလေသည်။

မေက သူ မေးတာကို မဖြေဘဲ သူ့ထံသို့ တစ်လှ ချင်း လျှောက်လှမ်းလာနေသည်။ မီးရောင်တွေကို နောက်ခိုင်း တာမို့ မေ့မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။

မေက သူ့ရှေ့ မလှမ်းမကမ်းမှာ ရပ်လိုက်ရင်း ...

"ကိုနေ ..."

ဟု ခေါ်လိုက်တာမို့ သူ အံ့အားသင့်ကာ မေ့ ကြည့်မိသည်။ အလင်း ရောင်အောက်ကို ရောက်ပြီမို့ မေ့မျက် ကို သဲသဲကွဲကွဲ မြင်ရပြီ။

"မေ ... ကိုယ့်ကို ဘယ်လိုခေါ်လိုက်တာလဲ"

"အရင်ဘဝက ခေါ်သလို ခေါ်လိုက်တာပါ ကိုနေရယ်"

မေ့အသံက ဆွေးမြည့်နူးညံ့နေသည်။ မေ့မျက်နှာ ကြေကွဲခြင်း ... လွမ်းဆွတ်ခြင်း အရိပ်အယောင်တွေကို အံ့ည မြင်တွေ့လိုက်ရသည်။

သူက မေ့ကို ခပ်ကြောင်ကြောင် ရပ်ကြည့် သည်။





မေက သူ့ရှေ့သို့ တစ်လှမ်းတိုးလာကာ သူနဲ့ အနီး းမှာ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ပြီးတော့ သူ့မျက်နှာကို က်ဖဝါးနှစ်ဖက်ဖြင့် ညှပ်၍ ကိုင်ကာ သူ့ပါးကို သူမ လက်ဖဝါး သားဖြင့် အသာအယာ ပွတ်သပ်လိုက်ရင်း ...

"ကိုနေရယ် ... ဟောဒီလို ကိုနေ့မျက်နှာကို ကိုင်ကြည့်ခွင့် ကို ကျွန်တော် မျှော်လင့်လိုက်ရတာဗျာ၊ ကိုနေနဲ့ ခုလိုတွေ့ ရတာ ... ခုလိုချစ်ခွင့်ရတာ ... ကိုနေ့အချစ်တွေကို ခံယူရ တာ ကျွန်တော့်အတွက်တော့ အိပ်မက် မက်နေသလိုပါပဲ"

"မေ ... မေ ... ဘာတွေပြောနေတာလဲ"

သူက မေ့ရဲ့ ထူးဆန်းသော အပြုအမူကြောင့် တုန် ပ်လာပါသည်။

မေက မျက်ရည်တွေ ပြည့်လျှံနေသော မျက်ဝန်းများ ဖြင့် သူ့ကို ရီဝေစွာကြည့်ရင်း ...

"ကိုနေ ... ကျွန်တော့်ကို မမှတ်မိဘူးလားဟင်၊ ကျွန်တော် ဘုန်းကာရန်ပါ ..."

"ဘာ ...၊ ဟာ ... မေ ... ကိုယ့်ကို လာနောက်နေတာ လား"

"ကိုနေ ... မယုံဘူးလား၊ ကျွန်တော်က ကိုနေ မချစ်ခဲ့တဲ့ ကိုနေ နှင်ထုတ်ခဲ့တဲ့ ... ကိုနေ ရက်စက်ခဲ့တဲ့ ... ကိုနေ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အရှက်ကွဲပြီး ဒီနယ်ပယ်ထဲက ထွက်ပြေးသွား ရတဲ့ ဘုန်းကာရန်ပါ ကိုနေရယ် ...”

သူ တုန်လှုပ်ချောက်ချားစွာ မေ့ကိုကြည့်ရင်း နော သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။ သူ့နောက်မှာ နံရံသာရှိတော သည်။

မေက ရှေ့တစ်လှမ်းတိုးလာကာ သူ့ရင်ဘတ် ဖွဖွပွတ်သပ်လိုက်ရင်း ...

“ကိုနေ ရက်စက်ခဲ့ပေမယ့် ကိုနေ့ကို ကျွန်တော် မမုန် ပါဘူး ကိုနေရယ်၊ ကိုနေ့အချစ်ကို ရချင်လွန်းလို့ ကို မမက်မောတဲ့ ကျွန်တော့် ခန္ဓာကိုယ်နဲ့ ကျွန်တော့်မျက် ကို ပိုက်ဆံတွေ အများကြီးပေး နာကျင်မှုတွေ အများ ယူပြီး ပြောင်းလဲပစ်ခဲ့ပါတယ်”

မေ့မျက်ဝန်းထဲက မျက်ရည်တွေ လိမ့်ဆင်းစီးကျ တာကို သူ တုန်လှုပ်စွာကြည့်ရင်း မှင်သက်နေသည်။

မေက သူမ၏ နှာခေါင်း၊ မျက်ခွံ၊ မေးရိုးတွေ သူမလက်ဖြင့် တစ်ခုချင်း ထိတွေ့ပြရင်း ...

“ဟောဒီ နှာခေါင်း၊ ဟောဒီ မျက်ခွံ၊ ဟောဒီ မေ အားလုံး အားလုံးကို ကျွန်တော် ပလတ်စတစ်ဆာ လုပ်ခဲ့ရတယ်”





သူ မေ့မျက်နှာကို စေ့စေ့ကြည့်မိရင်း ဘာကိုမှ မဝေ ခွဲနိုင်ဘဲ စိတ်တွေ ထုံပျာန်ပြာဝေနေသည်။ ကျောက်ဆစ်ရုပ် နှာ ခေါင်းကလေးလို လှပလွန်းတဲ့ နှာတံကလေးဟာ လက်ရာမြောက် လတ်စတစ် ဆာဂျရီပစ္စည်းတစ်ခုတဲ့လား ...။ မျက်ရစ်ထင်း ဆင်းနဲ့ မျက်တောင်ကော့တွေဟာလည်း ခွဲစိတ်ပြုပြင်ထားတာတဲ့ လား ...၊ နှုတ်ခမ်းကလေးကတော့ ကာရန့် နှုတ်ခမ်းနဲ့ တူသလို ပါပဲလား။

“ဟောဒီ ကမ္ဘာကြီးထဲမှာလေ ပိုက်ဆံသာရှိရင် သဘာဝကို ဆန့်ကျင်ချင်တဲ့စိတ် ခိုင်ခိုင်သာရှိရင် နာကျင်မှုတွေ ... နောက်ဆက်တွဲ ပြဿနာတွေကိုသာ ခံနိုင်ရည်ရှိရင် ဘာ ကိုမဆို ပြုပြင်ပြောင်းလဲလို့ ရပါတယ် ကိုနေ”

မေက လက်နှစ်ဖက်ကို ဖြန့်ကား၍ ပြောလိုက်ပြီး နေလုလင်၏ အင်္ကျီ ကော်လံဖျားကလေးကို ဆွဲယူပွတ်သပ် လိုက်ရင်း ...

“အခု ကျွန်တော့် ခန္ဓာကိုယ်က ကိုနေ ဂရုမစိုက်ခဲ့တဲ့ ယောကျ်ားခန္ဓာကိုယ် မဟုတ်တော့ဘူး ကိုနေ၊ ကျွန်တော့် ခန္ဓာကိုယ်ထဲမှာ ကျေးဇူးတင်စရာကောင်းတဲ့ ဆီလီကွန် တွေ ရှိတယ်၊ ကျွန်တော့်အလစ်မှာ ကိုနေ မသိမသာ ခိုးခိုး ကြည့်တတ်တဲ့ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ရဖို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေ အချိန်တွေ နာကျင်မှုတွေ ရင်းပြီး ပြောင်းလဲခဲ့ပြ
ပြီ၊ ဆေးဝါးတွေရဲ့ အကူအညီနဲ့ ကျွန်တော့် ခန္ဓာကိုယ်ထဲ
မဟော်မုန်းတွေလည်း အများကြီး ရှိလာပြီ၊ ကျွန်တော
အသံ၊ ကျွန်တော့် ယောကျ်ားဘဝ၊ အားလုံးကို ခွဲစိတ်ပြုပြ
ပြောင်းလဲခဲ့ပြီးပြီ၊ အခု ကျွန်တော်က ကိုနေ မချစ်တဲ့ ဘုန်
ကာရန် မဟုတ်တော့ဘူး၊ ကိုနေ ချစ်တဲ့ မေရှား ဖြစ်နေပြ

"မေ ... မင်း မဟုတ်တာတွေ လာမပြောနဲ့၊ ငါ မယုံဘူ
မင်း နောက်နေတာကို ရပ်တန်းက ရပ်ပါ မေ၊ ဒါ နော
စရာ မဟုတ်ဘူးနော်"

မေက နီးရာခုံတစ်လုံးမှာ အရုပ်ကြိုးပြတ် ဝင်ထိ
ချလိုက်သည်။ ပြီးတော့ ဆိုင်အပြင်ဘက်သို့ လှမ်းမျှော်ငေးရီ
ရင်းက အိပ်မက်ထဲမှာ မျောလွင့်နေသလို ရီဝေတိုးတိတ်သေ
အသံကလေးဖြင့် ပြောသည်မှာ ...

"အဲ့ဒီနေ့က မိုးတွေ အရမ်းရွာနေခဲ့တယ်၊ ကိုနေ့ မွေး
အမိ ပြန်လာခဲ့ပေမယ့် လေဆိပ်က ထွက်ကတည်း
ကျွန်တော် ခေါင်းတွေမူးနေခဲ့တယ်၊ ကိုယ်တွေလည်း ခြ
ခြစ်တောက် ပူလို့ပေါ့၊ ကိုနေ့အတွက် လာဗင်ဒါပေ
တစ်စည်းရယ်၊ ဘက်သ်ဒေးကိတ် တစ်လုံးရယ်၊ ကျေ
စိမ်း ဒေါင်းရုပ်ရင်ထိုးကလေးရယ် ကျွန်တော့်မှာ ပါ





ခဲ့တယ်၊ အဲ့ဒီနေ့က ကိုနေက ကျွန်တော့်ကို ဂရုစိုက်လိုက်
တာ၊ ကျွန်တော့်နဖူးကို ကိုနေလာစမ်းကြည့်တော့ ကျွန်တော်
ဆယ်ခါပြန် ဖျားချင်သွားတယ် ...၊

"အခု ကျွန်တော်ဝတ်ထားတဲ့ အင်္ကျီနဲ့ ဘောင်း
ဘီကို သေချာကြည့်ပါဦး ကိုနေ၊ ဒါ ... အဲဒီနေ့က ကိုနေ
ထုတ်ပေးလို့ ကျွန်တော် ယူဝတ်သွားခဲ့တဲ့ အဝတ်အစား
တွေပါ၊ ဒီအဝတ်အစားတွေကို ကြည့်ရင်းနဲ့ပဲ လေးနှစ်လုံး
လုံး ကျွန်တော် အလွမ်းဖြေခဲ့ရတယ်"

ဘုန်းကာရန်သာ သိနိုင်သည့် အကြောင်းအချက်
အခြေခံ များစွာကို နားထောင်ရင်း သူ ရူးချင်သလိုလို ဖြစ်လာသည်။
ရင်တွေတုန်လာသည်။ မျက်လုံးပြူးလာကာ မေ့ကို ပြူးကြောင်
ကြောင် စိုက်ကြည့်နေမိသည်။ ဒီအဝတ်အစားတွေ ...။ သူမှတ်
မိလာကာ သည်းအူတုန်သွားသည်။

"မေပျိုဖြူနဲ့ ကိုနေနဲ့ ရင်းရင်းနှီးနှီး စကားပြောနေတာ
မြင်တိုင်း ကျွန်တော် သဝန်တိုခဲ့ရတယ်၊ မေပျိုဖြူကိုလည်း
အရမ်းမုန်းလို့ ရိုက်ကွင်းမှာ တွန်းပစ်ခဲ့တယ်၊ ကိုနေ ကောင်
မလေးတွေနဲ့ တွဲတိုင်း မနာလိုဖြစ်လွန်းလို့ ကျွန်တော်
အမြဲ လိုက်ချောင်းနေခဲ့မိတယ်"

"တော် ... တော်ပါတော့ ... တော်ပါတော့၊ ဟား ... ဘာ
တွေလဲ၊ ဘာတွေ ဖြစ်ကုန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ..."

"ဝှမ်း ..."

နေလုလင်က အနားက ခုံတစ်လုံးကို ဆောင့် ရင်း သွေးရူးသွေးတမ်း အော်ပစ်လိုက်မိသည်။

မေက ထိုင်ရာမှ ထကာ သူ့ဆီ တစ်လှမ်း လျှောက်လာခဲ့ပြီး ...

"ဒါပေမယ့် ကိုနေက ကျွန်တော့်အချစ်ကို မလေးစားခဲ့ ကျွန်တော် ပေးတဲ့ ပန်းစည်းကို သူများကို ပေးပစ်ခဲ့တ အဲ့ဒါကြောင့် ငွေပန်းချီဆီမှာ တွေ့တဲ့ ပန်းစည်းကို တော် ပြန်ခိုးခဲ့တယ်၊ အဲ့ ဒီပန်းစည်းကို ဖျက်ဆီးခြေ ကျွန်တော် မျက်ရည်တွေ ဘယ်လောက်ကျခဲ့ရတယ်ဆို ဘယ်လောက် ခံစားခဲ့ရတယ်ဆိုတာ ..."

"တော်ပါတော့ ..."

နေလုလင်က အက်ကွဲသံဖြင့် အော်လိုက်ရင်း လုံးတွေ ပြာဝေကာ လူက ရှော့ခ်ရချင်သလို ရင်တုန်ယိမ်းယိုင် တာမို့ နီးရာခုံတစ်လုံးပေါ်သို့ ဝုန်းခနဲ ထိုင်ချလိုက်သည်။

မေ့ မျက်နှာက တဖြည်းဖြည်း ပျော့ပျောင်းလာ

"ကိုရယ် ... ကို့အကြိုက်တွေကို မေ သိနေခဲ့တာ ကို မထားမိခဲ့ဘူးလားဟင်၊ ကို အနုန်းရည်ကြိုက်မှန်း





မေ့ဆိုင်မှာတောင် စပါယ်ရှယ် မီနူးထဲ ထည့်ပြီးရောင်းခဲ့ တာပါ၊ ကို ကြိုက်မှန်းသိလို့ ထောပတ်ထမင်း ကောင်း ကောင်း ချက်တတ်အောင် သင်ယူလေ့လာခဲ့ရတာ၊ ဘုန်း ကာရန် ဘဝတုန်းက ကိုနေ့ကို ဂရုစိုက်သလိုမျိုးပဲ မေရား ဘဝမှာလည်း ကို့ကို မေ ဂရုစိုက်ခဲ့တယ်"

မေက တိုးတိုးပြီးပြောလေ ... နေလုလင်က ချောက် ချားလေ၊ တစ်ကိုယ်လုံး ချွေးတွေ ပြိုက်ပြိုက်ကျကာ တုန်ယင်အေး စက်လာပါသည်။

"တောင်းပန်ပါတယ် ... တော်ပါတော့ ... ရပ်ပါတော့၊ ရှိခိုးပါတယ်၊ မပြောပါနဲ့တော့ ..."

"အို ... ကိုရယ် ... ဆောရီးပါ၊ ကို မကြိုက်ရင် မေ ဒါတွေ မပြောတော့ဘူးနော်၊ ကို ကြားချင်တာပဲ မေ ပြောတော့မယ် နော် ..."

မေက ပြောပြောဆိုဆို သူ့ခြေရင်း ကြမ်းပြင်မှာ ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ကို မော့ကြည့်လိုက်သည်။

"ကို ... မေ့ ကတိအတိုင်း ကိုမွေးနေ့မှာ ကို ကြားချင်တဲ့ အဖြေကို ပေးပါ့မယ်၊ မေ ကို့ကို လက်ထပ်ပါ့မယ်၊ ကို့ဆန္ဒ အတိုင်း အမြန်ဆုံး လက်ထပ်ပါ့မယ်"

ဟား ... ငါတော့ ရူးရတော့မယ် ထင်တယ်...။

www.burmeseclassic.com



နေလုလင်က ပြုံးနေသော ဘုန်းကာရန် တဖြ

မေးရှားရဲ့ မျက်နှာ လှလှလေးကို ပြုံးကြောင်ကြောင် ကြည့်

ဘာမှန်းမသိသော ဝေခွဲရခက်သော ခံစားချက်ကြီးဖြင့် ရှုးပြေ

မှုးကြောင် ဖြစ်လာသည်။

"ကို ... မပျော်ဘူးလားဟင်"

ဟာကွာ ... ငါ သေချင်တော့တာပဲ။

နေလုလင်က အံကြိတ်ကာ ဝုန်းခနဲ ထရပ်

တော့ မေက သူ့ခြေထောက်တွေကို ဆွဲဖက်ထားလိုက်သည်

"ကို ... မသွားပါနဲ့ ကိုရယ်၊ မေ့ကို မထားခဲ့ပါနဲ့

အခု မေက မိန်းမဖြစ်နေပြီလေ ကို၊ ကို့အတွက် က

မွေးမပေးနိုင်တာတစ်ခုကလွဲရင် မေက ကို ချစ်လို့

မိန်းမသားပါ ကို၊ ကို မေ့ကိုချစ်တယ်ဆို၊ အရမ်းချစ်

ဆို၊ အရူးအမူး ချစ်ခဲ့တယ်ဆို ..."

"တော်ပါတော့ ... တော်ပါတော့ဗျာ၊ တောင်းပန်ပါ

ရှိကြီးခိုးပါတယ်၊ ကျွန်တော် ဘာမှမပြောတတ်လို့

ချင်လာလို့ပါ၊ ကျွန်တော့်ကို သွားခွင့်ပြုပါ"

နေလုလင်က အော်ရင်း တောင်းပန်ရင်း ခြေ

တွေကို ရုန်းလိုက်သည်။ သို့သော် မေက လွတ်သွားသော

ထောက်ကို လှမ်းဆွဲဖက်ရင်း ကြမ်းပြင်မှာ တရွတ်တိုက်

သည်။

ပုညခင်စာအုပ်တိုက်



"ကို ... မေ့ကို ချစ်တယ်ဆို၊ မေ အခု မိန်းမဖြစ်ပြီလေ

ကို၊ မေက မိန်းမသားပါ ကို ..."

သူ ဘယ်လိုမှ မခံစားနိုင်တော့ ...။ မေ့ကို ပြေး

ကာ ချော့မော့ ထွေးပိုက်ထားလိုက်ချင်စိတ်ဖြင့် ခါးကိုင်းကာ

လက်ကမ်းလိုက်သည်။ သို့သော် ဘုန်းကာရန်၏ မျက်နှာ

နိုးခနဲ မြင်ယောင်လာတာမို့ လူက ဆတ်ခနဲ တုန်သွားကာ

အလိုအလျောက် ပြန်မတ်သွားသည်။

အပြင်ဘက်မှာ မိုးတွေ သဲသဲမဲမဲ ရွာချနေသည်။

ဆိတ်သော ခြံဝန်းထဲက ကော်ဖီဆိုင်လေးထဲမှာတော့ သူက

တတ် ခံစားမှုများဖြင့် တုန်ရင်ချောက်ချားစွာ ရင်ကွဲနာကျနေ

သည်။

သူ အံတစ်ချက်ကြိတ်လျက် သူမကို ငုံ့မကြည့်တော့

သူ့ခြေထောက်ကို အားကုန်ရုန်းထွက်ကာ မိုးရေထဲသို့ ပြေး

လာခဲ့သည်။

ခြံဝရောက်မှ ကော်ဖီဆိုင်ဘက်သို့ ချာခနဲ လှည့်

ကြည့်မိတော့ ကြမ်းပြင်မှာ လက်ထောက်ပြိုလဲလျက် တသိမ့်သိမ့်

ငိုနေသော သူမကို မြင်ရသည်။

သူ ဆိုင်ဘက်သို့ သတိလက်လွတ် ငေးနေပြီးမှ

ခနဲ လှည့်ကာ ဆက်ပြေးလာခဲ့သည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အား … အား … အား"

အာခေါင်ခြစ်၍ မရိုမဆုံ့ အော်ဟစ်ပစ်လိုက်သော အသံကျယ်ကြီးက မိုးခြိမ်းသံအောက်မှာ ဖျော့မှိန်သွားသည်။

မိုးတွေကတော့ သဲသဲမဲမဲ ရွာနေဆဲ … ။

● ● ●



နောက် (၃) လခန့် ကြာသောအခါ …

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

မိုးလုလင်သည် မဂ္ဂဇင်းအဟောင်း တစ်အုပ်ကို လှန်
ကြည့်ရှုနေရင်းက ဆိုဖာရှည်ပေါ်မှာ ပျင်းရိပျင်းတွဲ လဲလျောင်း
သော အစ်ကိုဖြစ်သူကို လှမ်းကြည့်လိုက်ပါသည်။

ကိုကိုဟာ အရင် နေလုလင် မဟုတ်တော့။ ဖြုတ်စ
တောင်း နေလုလင် ဖြစ်နေပြီ ...။ အရင်တုန်းက စတိုင်လ်
ကျ နေတတ်တဲ့ ကိုကိုဟာ ခုတော့ အဝတ်အစားကိုလည်း
ရုမစိုက်တတ်တော့။ မျက်နှာမှာ အမွေးအမျှင်စစနှင့်၊ ဆံပင်
ည်း မသပ်မရပ် ...။ အရင်လို တက်ကြွလန်းဆန်းမှုလည်း
...။ မေရှားနှင့် ပတ်သက်ပြီး တုန်လှုပ်စရာကိစ္စ ကြုံရပြီး
ာ်မှာ ကိုကို့ကိုကြည့်ရတာ စိတ်ဓာတ်ကျ စိတ်လေကာ ကြောင်
င်တောင် ဖြစ်နေသည်ဟု ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလုလင်က ဆိုဖာရှည် လက်တင်ကို ခြေကန်ပေး ကာ လှဲနေရင်းက ရီမုကိုင်၍ တီဗီကို တစ်လိုင်းပြီး တစ်လိုင်း ပြောင်းကြည့်နေသည်။ ရွှေ့စရာလိုင်း ကုန်တော့ ရီမုကို စားပွဲပေ ဆောင့်ချလိုက်ရင်း ...

"လေတယ် ... ဘာမှကို ကြည့်လောက်စရာ မရှိဘူး"

ဟု ပြောပြီး ထထိုင်လိုက်သည်။

"မောင်မိုး ... မင်းပြန်ရင် အတွင်းတံခါး လော့ခ်ချသွား ငါ သွားအိပ်လိုက်ဦးမယ်"

"ကိုကိုကလည်းဗျာ ... ဒီအချိန်ကြီး အိပ်ဦးမလို့လား"

"ရုံးပိတ်ရက်ကြီး မအိပ်လို့ ငါက ဘာလုပ်နေရမှာလဲ လောလောဆယ် ငါ့ပတ်ဝန်းကျင်မှာ ငါ မအိပ်ဘဲ စိတ်ဝင် တစား လုပ်ချင်စရာ ဘာတစ်ခုမှ မရှိဘူး"

"အဲ့ဒါ ကိုကို စိတ်ဓာတ်ကျနေတာ၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြင်ပြင်ဆင်ဆင် မလုပ်ဘဲ အိပ်ချည်းနေရင် ပိုစိတ်ဓာတ် ကျမှာပေါ့၊ အရင်လိုပဲ စတိုင်လ်ကျကျ ဝတ်စားပြီး ကော မလေးတွေနဲ့ ပြန်တွဲကြည့်ပါလားဗျာ ..."

"တော်စမ်းပါကွာ၊ အဲ့ဒီကိစ္စတွေများ စိတ်ကုန်လွန်းလို့ ..."

နေလုလင်က မတ်တတ်ထရပ်လိုက်ရင်း အိပ်ခန်း ရှိရာ အပေါ်ထပ်သို့ တက်ဖို့ ခြေလှမ်းပြင်သည်။





မိုးလုလင်က သူ့လက်ကို ဖမ်းဆွဲထားလိုက်ရင်း ...

"ကိုကို နေပါဦးဗျ ... ထိုင်ပါဦး၊ စကားပြောရအောင်ပါ"

နေလုလင်က စိတ်မပါ လက်မပါပုံစံဖြင့် ပြန်ထိုင် ချလိုက်သည်။

"ကိုကို အခု အသည်းကွဲနေတာလား ..."

"အဟား ..."

နေလုလင်က ခေါင်းမော့ကာ ခပ်လှောင်လှောင် အစ်ချက် ရယ်လိုက်သည်။

"မင်း ငါ့ကို လာနောက်နေတာလား မောင်မိုး၊ ငါက အသည်းကွဲချင်တာတောင် ဘယ်သူ့အတွက် ကွဲရမှန်းမသိ ဘူး၊ မေရှားအတွက် ကွဲရမှာလား၊ ဘုန်းကာရန်အတွက် ကွဲရမှာလား၊ မေရှား မျက်နှာကို မြင်ယောင်ပြီး လွမ်းရ မှာလား၊ ဘုန်းကာရန် မျက်နှာကို မြင်ယောင်ပြီး လွမ်းရ မှာလား၊ ငါ့အဖြစ်က အူကြောင်ကြောင်ကြီးပါကွာ ..."

"ဒါပေမယ့် ကိုကို မမေရှားအတွက်တော့ ခံစားနေရတယ် မဟုတ်လား၊ မမေရှားကို ကိုကို သိပ်ချစ်ခဲ့တာပဲလေ"

"အေး ... အရမ်းချစ်ခဲ့ပါတယ်၊ ဒါပေမယ့် သူက ဘုန်း ကာရန်ဆိုတော့ ငါက ဘာလုပ်ရမှာလဲ၊ သူ့မျက်နှာလေး မြင်ယောင်ပြီး လွမ်းတုန်း ဘုန်းကာရန် မျက်နှာကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာရင် ငါ နံရံကို ခေါင်းနဲ့ပြေးတိုက်ချင်တယ်၊ ငါ ကြာရင် ရူးသွားနိုင်တယ်ကွ၊ ကျေးဇူးပြုပြီး ဒီကိစ္စတွေ စကားလာမစစမ်းပါနဲ့ကွာ၊ မေ့မေ့ပျောက်ပျောက် နေပါရ စေ ...”

နေလုလင်က ဆိုဖာရှည်ပေါ်မှ ပျင်းရိပျင်းတွဲ ပြန်လှဲ လိုက်ရင်း ဂျာနယ်တစ်စောင် ဆွဲဖတ်နေလိုက်သည်။

မိုးလုလင်က မဂ္ဂဇင်း အဟောင်းလေးကို လှန်လှော နေရာမှ တစ်နေရာရောက်တော့ ရပ်သွားသည်။ ဘုန်းကာရန်ရဲ့ ဓာတ်ပုံကို တွေ့လိုက်ရတာမို့ပင်။ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ တက သစ်စ မော်ဒယ် ဘုန်းကာရန်ရဲ့ ဓာတ်ပုံနှင့်အတူ အရပ်နှင် ကိုယ် အလေးချိန်ကို ဖော်ပြထားသည်။ မိုးလုလင်က ဖျပ်ခနဲ ဉာဏ်ပွင့် လာကာ ...

“ကိုကို ... ဒီစာအုပ်အဟောင်းထဲမှာ ဘုန်းကာရန်အရပ်က ၅ ပေ ၈ လက်မတဲ့၊ မမေရှား အရပ်ကရော ဘယ်လောက် လဲ ကိုကို ...”

“အရပ် ! ...”

နေလုလင်က တီးတိုးရေရွတ်လိုက်ပြီးမှ ...

“သူတို့နှစ်ယောက်က တစ်ယောက်တည်းပါဆိုမှ အရပ် လည်း တူတူပေါ့ကွ ...”





“ကျွန်တော့်အထင်တော့ မမေရှားက ဒေါက်ဖိနပ် အမြင့် ကြီး စီးထားလို့သာ အရပ်ရှည်တယ်လို့ ထင်ရတာ၊ ဒေါက် ဖိနပ် စီးမထားရင် ဘုန်းကာရန်လောက်တော့ မရှည်ဘူး ထင်တယ်”

နေလုလင်က ပြုံးခနဲ ထထိုင်ကာ မိုးလုလင်ကို စိုက်ကြည့်လိုက်ရင်း ...

“ညီညီ ... မင်း ဘာကို ဆိုလိုချင်တာလဲ၊ ရှင်းရှင်းပြော”

“မမေရှားဟာ ဘုန်းကာရန်ပါဆိုတာ ကိုကို ယုံလား ...”

“မယုံလို့ ရမလား၊ ကာရန်နဲ့ ငါပဲ သိတဲ့ အတွင်းရေးတွေ ကို သူအကုန်သိတယ်၊ ကာရန် သိတဲ့ ငါ့အကြိုက်တွေ အားလုံး သူပြန်ပြောပြနိုင်တယ်၊ ကာရန် ပြုမူသလို သူပြုမူ တယ်၊ ပြီးတော့ ကာရန်နဲ့ မေရှားနဲ့ နည်းနည်းဆင်တယ် လို့ မင်းလည်း ခံစားမိသားပဲ မဟုတ်လား၊ ကာရန်က အရင်ကတည်းက မိန်းမချော ချောတာလေ၊ တော်ရုံလူတဲ့ မိန်းမမျိုးတောင် အရှုံးပေးရလောက်အောင် ချောခဲ့တာလေ၊ အသားအရောင်ကအစ အရမ်းတူနေတာပဲ မဟုတ်လား၊ သူပြောသလိုပဲ ပိုက်ဆံသာရှိရင် ဘာမဆို ပြောင်းလဲလို့ ရတဲ့ ခေတ်ကြီးမှာ သူ မေရှားဖြစ်လာဖို့ မခက်ပါဘူး၊ ပြီးတော့ မင်းလည်းသိတာပဲ၊ ယိုးဒယားမှာက ဒီလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ချုပ်လို့ ပြောလို့ရတဲ့ လိင်ပြောင်းတာ၊ ပလတ်စ
ဆာဂျရီလုပ်တာတွေကို အလွယ်တကူ လုပ်လို့ရနေတာ
ပြီးတော့ ကာရန်က ယိုးဒယား နိုင်ငံသားလေ၊ သူ့မိဘ
လည်း ဟိုနိုင်ငံသား ခံယူထားကြတာ၊ ပိုက်ဆံလည်း အ
ရှိကြတယ်ဆိုတော့ အကုန်အကျလည်း ခံနိုင်တာပဲ မဟု
လား ...”

“ကိုကို ... မမေရှားရဲ့ လက်တွေ ခြေထောက်တွေကို သ
ထားမိလား၊ လက်တွေ ခြေထောက်တွေတော့ မပြုပြင်
ဘူး ထင်တယ်နော်”

နေလုလင်က ခဏငြိမ်ကာ စဉ်းစားလိုက်သည်

“အင်း ... ခြေထောက်တွေကတော့ ထိပ်ပိတ်ရှူးစ်တွေ အ
စီးပြီး ဂါဝန်ရှည် ဝတ်ထားတာဆိုတော့ သေချာ မမြင်
လေ၊ လက်တွေကတော့ ကာရန့်လက်တွေလည်း မိ
လက်လောက်နီးနီး လှခဲ့တာပဲ မဟုတ်လား၊ ငါ အဲ့ဒါ
သတိမထားမိဘူး ညီ ...”

“ကျွန်တော်ကတော့ သိပ်မယုံချင်ဘူး ကိုကို၊ ဒီကိ
တွတ်စိတ်တစ်ခုခု ရှိရမယ်လို့ပဲထင်နေတာ၊ ခဏလေး
ကိုကိုနဲ့ မမေရှားနဲ့ ဓာတ်ပုံတွဲရိုက်ထားတာ ရှိလား

“အင်း ... ဖုန်းထဲမှာ တစ်ပုံတော့ ရှိတယ်”





“ကျွန်တော့် iPad ထဲမှာ ကိုကိုရယ်၊ ဘုန်းကာရန်ရယ်၊ ကျွန်တော်ရယ် သုံးယောက် ရိုက်ထားတဲ့ပုံ ရှိတယ်၊ အဲ့ဒီနှစ်ပုံ ယှဉ်ပြီး အရပ်ကွာမကွာ ကြည့်ကြည့်ရအောင်”

မိုးလုလင်က ချက်ချင်း အလုပ်ရှုပ်သွားသည်။ အသင့်ပါလာသည့် iPad ကိုထုတ်ကာ ဘုန်းကာရန်နှင့် တွဲရိုက်ထားသည့် ပုံကိုရှာပြီး ကိုကို့ ဖုန်းထဲက ပုံနှင့် ယှဉ်ကြည့်လိုက်ပါသည်။

“ကိုကို ... ဒီမှာကြည့်စမ်း၊ ကိုကိုနဲ့ ကာရန်နဲ့ ပခုံးချင်းယှဉ်ရပ်နေတဲ့ ပုံကို သေချာကြည့်၊ ဒါ အကယ်ဒမီပွဲသွားတုန်းက ရိုက်ထားတာ၊ နှစ်ယောက်လုံး ကတ္တီပါ ညှပ်ဖိနပ်စီးထားတယ်၊ ကိုကို့အရပ်က ၅ ပေ ၈ လက်မ၊ ကာရန့်အရပ်ကလည်း ကိုကိုနဲ့ အတူတူပဲ၊ နှစ်ယောက်စလုံး အရပ်ညီတယ် ... တွေ့လား”

မိုးလုလင်က နေလုလင်နှင့် မေရှားတို့ အတူရပ်၍ ရိုက်ထားသော ပုံကို ချဲ့ကြည့်လိုက်ရင်း ...

“ဒီမှာ ... ဒီပုံကို ကြည့်၊ ဒီပုံထဲမှာ မမေရှားက ဒေါက်ဖိနပ်အမြင့်ကြီး စီးထားတာတောင် ကိုကို့ထက် နည်းနည်းလေးနိမ့်နေတယ် ... တွေ့လား”

နေလုလင်က ပုံနှစ်ပုံကို ကြည့်ရင်း ရင်တလှပ်လှပ် ခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လျက် ငြိမ်သက်သွားခဲ့ရပါသည်။

● ● ●



(၂၂)

ကော်ဖီဆိုင်နှင့် Spa ဆိုင်လေးရှိရာ ခြံဝန်းထဲသို့ လေလုလင်က ကားမောင်းဝင်လာပြီး ခြံထောင့် ကားပါကင်မှာ ကားဝင်ရပ်လိုက်သည်။ ထို့နောက် Spa ဆိုင်လေးဘက်သို့ လမ်းလျှောက်ဝင်လာခဲ့ပါသည်။

ဆိုင်ဖွင့်စအချိန်မို့လို့လား မသိ၊ ဆိုင်ထဲမှာ လူရှင်းနေသည်။

သူ မှန်တံခါးကို တွန်းဖွင့်ကာ ဆိုင်ထဲ ဝင်လာတော့ ကောင်တာမှာ ထိုင်သည့် ကောင်မလေးက သူ့ကို မှတ်မိကာ ...

"ဟော ... အစ်ကို၊ မလာတာတောင် ကြာပြီနော်"

"ဪ ... အေး ... အစ်ကို ခရီးသွားနေလို့"

"မမရေးတော့ အပြင်သွားတယ် အစ်ကို၊ ကျွန်မတို့ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမှ မှာမထားခဲ့ဘူး၊ အစ်ကို ဖုန်းကြိုချိန်းမထ
ဘူးလား ...”

“ကြိုတော့ ချိန်းမထားဘူး၊ ဒီနားလာရင်း ဝင်လာခဲ့တာ

“လာ... ဝင်ထိုင်လေ အစ်ကို၊ မမမေဆီ ကျွန်မ ဖုန်းဆ
ပြောပေးရမလား”

“နေ ... နေ ... ရတယ် ... မပြောနဲ့တော့၊ နောက်မှပဲ
တော့မယ်၊ ဒါနဲ့ မေက ဘယ်သွားတာလဲ၊ ကြာမှာလာ

“ကြာတော့ ကြာမယ်ထင်တယ် အစ်ကို၊ သူ ဗြူတီဆ
ကိုသွားတာ၊ ဆံပင်ပြန်ဖြောင့်မှာနဲ့၊ ဆေးဆိုးမှာနဲ့ဆို
ကြာမှာ ...”

“ဆံပင် ဆေးဆိုးမှာ ...”

သူက ကောင်မလေး စကားကြောင့် မေ့ဆံပင်အ
တွေကို သိရသွားသည်။ ဘုန်းကာရန်က ဆံပင်အညိုရောင်
မှတ်ပုံတင်ထဲမှာတောင် ဆံပင်အရောင် အညိုလို့ ရေးထားခဲ့တ
ဒါဆို မေရှားသာ ဘုန်းကာရန်ဆိုရင် မေရှားရဲ့ ဆံပင်အညို
ကလည်း အော်ရီဂျင်နယ် အညို ဖြစ်ရမှာပေါ့။

“ဆေးဆိုးမှာဆိုတော့ လက်ရှိအညိုရောင်ကို ပြန်ချ
နောက် အရောင်တစ်မျိုး ပြောင်းဆိုးမှာကို ပြောတာလာ

“မပြောင်းပါဘူး အစ်ကို၊ မမေရှားက အမြဲ အညိုတစ်





ပဲဆိုးတာ၊ ခုဆိုးထားတဲ့ အညိုက နည်းနည်းကြာလာတော့
မှုရင်းဆံပင်အနက်တွေက ရှည်လာပြီလေ။ အဲ့ဒါကြောင့်
လိုအပ်တဲ့နေရာလေးပဲ နည်းနည်း ဖြည့်ဆိုးဖို့သွားတာ ...”

စကားများသော ကောင်မလေးက နေလုလင် အစ်
ဘာကို မသိဘဲ ရှည်ရှည်ဝေးဝေး ပြန်ပြောနေသည်။ နေလုလင်
တို့ ညီအစ်ကိုရဲ့ မှန်းဆထင်မြင်ချက် မှန်ကန်ကြောင်း ပိုသေချာ
သွားသည်။

“အစ်ကိုကလည်း ခရီးသွားနေတော့ ဒီလို မရောက်ဖြစ်တာ
ကြာ၊ မမမေကလည်း လွှန်ခဲ့တဲ့ သုံးလလောက်ကတည်း
က အမြဲ ညိုးညိုးမှိုင်မှိုင်နဲ့ အရင်လို မလန်းဘူး၊ ဒီဆိုင်ကို
လည်း ရောင်းပစ်ပြီး နိုင်ငံခြား ပြန်မယ်ပြောနေလို့ ညီမ
တို့တောင် အလုပ်သစ် ရှာနေရတာ”

ကောင်မလေးဆီက သတင်းစကားအစုံ ကြားရပြီး
နောက်မှာ နေလုလင်က ခြေလှမ်းသွက်သွက်ဖြင့် ကားဆီ ပြန်
လျှောက်လာခဲ့သည်။

ရင်ထဲမှာတော့ အမည်မသိ ခံစားချက်ပေါင်းစုံဖြင့်
ဆူဆောလှိုင်းထလျက်ရှိလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

"ဟော ... ကိုနေတို့ပါလား၊ မလာစဖူး ဘာအကြောင်း[illegible]
များ ရှိလို့လဲ၊ လာပါ ... လာပါ၊ မဆုံတာတောင် ကြာ[illegible]
နော်၊ ပွဲတွေမှာတော့ လှမ်းလှမ်းတွေ့ပါတယ် ..."

မော်ဒယ်အောင်ဂျင်စီက ကိုဂျွန်က နေလုလင်တို့ [illegible] အစ်ကို နှစ်ယောက်ကို ကြိုဆိုရင်း ဧည့်ခန်းမှာ ဝင်ထိုင်လိုက[illegible] သည်။

ကိုဂျွန်ဆိုတာက ဘုန်းကာရန်ရဲ့ ဆရာ။ ဘု[illegible] ကာရန်ဟာ ကိုဂျွန်ရဲ့ အေဂျင်စီက မွေးထုတ်ထားတဲ့ မော်[illegible] တစ်ယောက်ပင်။

"ဒီကို ကော်ဖီချပေးပါဦးဟေ့ ..."

ကိုဂျွန်က သူ့တပည့်ကောင်မလေးကို လှမ်း[illegible] ပြောလိုက်ပြီး ဧည့်ခန်းဆိုဖာမှာ ဝင်ထိုင်လိုက်သည်။





နေလုလင်က ကျယ်ဝန်းသည့် ရုံးခန်းကို ဝေ့ကြည့် [illegible] ...

"ကိုဂျွန်တို့ အေဂျင်စီလည်း ခုနောက်ပိုင်း အရမ်းအောင်မြင် တယ်နော်၊ ကိုဂျွန်တို့ဆီက မျက်နှာသစ်တွေ အများကြီး မွေးထုတ်ပေးနိုင်တာပဲ"

"အင်း ... မွေးသာမွေးရ ကိုယ့်ပြန်ကန်သွားတဲ့ မွေးရကျိုး မနပ်တဲ့သူတွေလည်း ရှိတာပါပဲဗျာ၊ ဒါနဲ့ ... လာရင်းကိစ္စ လေး ပြောပါဦး၊ ကေန္တ သရုပ်ဆောင်လိုလို့ ကျွန်တော့် ဆီမှာ လာရှာတာများလား ..."

"မဟုတ်ပါဘူး ကိုဂျွန်၊ ကျွန်တော်တို့ သိချင်တာလေးရှိလို့ ပါ"

"ဪ ... ဘာများလဲ ခင်ဗျ"

"ကျွန်တော်တို့ မော်ဒယ် ဘုန်းကာရန်အကြောင်း သိချင် လို့ပါ၊ ကိုဂျွန် မှတ်မိဦးမလား မသိဘူး၊ ဘုန်းကာရန်က ကိုဂျွန်တို့ သင်တန်းဆင်းပါ၊ ကျွန်တော်တို့ဆီက ထွက်တဲ့ ကားတွေမှာလည်း သရုပ်ဆောင်ဖူးတယ်လေ၊ လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက သူ ဒီလောကကနေ ထွက် သွားတာ၊ အဲဒီနောက်ပိုင်း လုံးဝမတွေ့ဖြစ်တော့လို့ပါ ..."

"ခင်ဗျားတို့ မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ..."

"ဘုန်းကာရန်က ဆုံးသွားပြီလေ ..."

"ဗျာ ..."

နေလုလင်တို့ ညီအစ်ကိုနှစ်ယောက် တစ်ယောက် တစ်ယောက် ကြည့်မိကြသည်။ ဘုရားရေ... ဖြစ်မှဖြစ်ရလေ ...

"ဘာ ... ဘာဖြစ်လို့ ဆုံးတာလဲ၊ ကျွန်တော်တို့ လုံးဝမ ခဲ့ပါဘူးဗျာ ..."

"ဆုံးတာက ဘန်ကောက်မှာ ဆုံးတာ၊ သူ ဒီကပြန်သွ ပြီး မကြာဘူး၊ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးခဲ့တာ၊ ကျွ တော်လည်း ဘန်ကောက်ကို သွားရင်း ကာရန့် အမေ တွေ့တော့မှ သိခဲ့ရတာ၊ မိဘဆွေမျိုးတွေကလည်း ဟိုမှာ ဆိုတော့ သူတို့ ဒီဘက်ကိုလည်း အကြောင်းမကြားတေ ဘူး ထင်ပါတယ်၊ ကာရန့်ကြည့်ရတာ သရုပ်ဆောင်ဘ မှာလည်း ထင်သလောက် အောင်မြင်မလာတော့ စိတ်ဓ ကျတယ် ထင်ပါရဲ့ဗျာ၊ သူ ဟိုကို အပြီးမပြန်ခင် ကျွန်ေ ကိုတော့ လာနှုတ်ဆက်သွားပါတယ်၊ ကျွန်တော်က ကို တို့ သိတယ်မှတ်နေတာ ..."

နေလုလင်က ပါးစပ် အဟောင်းသား ပွင့် ကြောင်ငေးငြိမ်သက်နေသည်။

---

ပု ည ခ င် စ ာ အု ပ် တို က်



ကာရန့်အပြုအမူတွေကို မနှစ်မြို့ခဲ့ပေမယ့်လည်း ...ုန်းမှန်း မသိခင်က ခင်မင် သံယောဇဉ်ရှိသူမို့ ခုလို ရုတ်တရက် ...ြီး သိလိုက်ရတော့ ရင်ထဲ နင့်ဆို့လာရပါသည်။

ဒါ ... ဒါဆို မေက ဘာလို့ ဘုန်းကာရန် အယောင် ...ောင်ပြီး သူ့ကို လာနှိပ်စက်ခဲ့တာလဲ ...။ မေ သူ့အပေါ် ဘာ ...ငြိုးအတေးများ ရှိခဲ့လို့လဲ ...။ ဘာလို့ ဘုန်းကာရန် သိသမျှ ... မေက သိနေခဲ့ရတာလဲ။

မေရယ် ... မင်း ဘာ့ကြောင့် ငါ့အပေါ် ဒီလို လုပ် ...်ခဲ့တာလဲ ...။

မင်း ... ဘယ်သူလဲ။

● ● ●

---

ပု ည ခ င် စ ာ အု ပ် တို က်

www.burmeseclassic.com

www.burmeseclassic.com



(၂၄)

နေလုလင်သည် ကားကို မေ့ဆိုင် အပြင်ဘက် လမ်း
ဘေးမှာ ရပ်ထားခဲ့ပြီး ဆိုင်ရှိရာ ခြံဝန်းထဲသို့ လမ်းလျှောက်
ဝင်လာပါသည်။

ညခင်းက မှောင်ရီနေပြီဖြစ်သော်လည်း မေ့ဆိုင်ရှိ
ခြံဝန်းလေးထဲမှာတော့ မီးတိုင်ကလေးတွေရဲ့ အလင်းရောင်ကြော
မှုန်ပျပျ လင်းနေသည်။

ဒီအချိန်ဟာ ဆိုင်ပိတ်ချိန်။ သို့သော် ဆိုင်ပိတ်
မှ ကော်ဖီဆိုင်ကလေးထဲမှာ တစ်ယောက်တည်း အေးအေးဆေး
ဆေး ကော်ဖီထိုင်သောက်တတ်သော မေ့အကျင့်ကို သူက သိ
ပါသည်။ မေ ... ဆိုင်ထဲမှာ ရှိနေဦးမှာပဲ။

ဒီဘက် Spa-ဆိုင်လေးကတော့ မီးမှိတ်တိတ်ဆိတ်



နေခဲ့ပြီ။ ကော်ဖီဆိုင်လေးထဲမှာ တစ်ဆိုင်လုံးက မီးတွေကို ဖွင့်
ထားသော်လည်း မေ ထိုင်နေသည့် စားပွဲရဲ့ အပေါ်တည့်တည့်
မျက်နှာကြက်မှ တွဲလောင်းကျနေသော မီးလုံးလေး တစ်လုံးသာ
လင်းနေသည်။

မေက ထိုအလင်းရောင်အောက်က ထိုင်ခုံမှာ ခြေ
ချိတ်ထိုင်ရင်း အမှောင်ထဲသို့ ငေးကာ ကော်ဖီတစ်ခွက်ကို တစိမ့်
စိမ့် သောက်နေသည်။ အပေါ်တည့်တည့်က မီးလုံးရဲ့ အလင်းရောင်
က သူမ ခန္ဓာကိုယ်ပေါ် ဖြာကျနေတာမို့ ကြည့်ရတာ ပန်းချီအဆွဲ
ခံနေသော မိန်းကလေးလိုလို ...။ မှန်နံရံခြားပြီး မြင်နေရတာမို့
ပန်းအိမ်ထဲက အရုပ်ကလေးလိုလို ...။

သူမ၏ ဆံပင်တွေကို ပြန်ဖြောင့်ထားခဲ့တာမို့ ဖြောင့်
စင်းသော ဆံပင်ရှည်တွေက သူမ၏ ရင်ညွန့်နှင့် ပခုံးတစ်ဝိုက်မှာ
စင်းဖြာဝဲကျနေသည်။ ဂါဝန်ရှည် အနက်ရောင်က ချိတ်ထားသော
သူမ၏ ဒူးနေရာမှ အောက်သို့ အိတွဲကျနေသည်။

ပလတ်စတစ်ဆာဂျရီ လုပ်ထားတယ်လို့ ယုံမှားရ
လောက်အောင် လုပ ဝင်းမွတ်ပြောင်တင်းနေသော မေ့မျက်နှာ
ကလေးကိုတော့ မှောင်ရိပ်ကြောင့် သေချာမမြင်ရ ...။

မေ့ မျက်နှာနဲ့ မေ့ခန္ဓာကိုယ် အလှအပဟာ တကယ်
ပဲ ပြုပြင်ယူထားသလို လှပလွန်းခဲ့တာ။ ဒီအလှအားကိုးနဲ့ များ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို လှည့်စားလေသလား မေရယ် ...၊ မင်း ရက်စက်လွန်းပါတယ်။

နေလုလင်က ကော်ဖီဆိုင်လေးဆီ ဆက်လျှောက်မသွားသေးဘဲ ခြံထောင့် အပင်ကွယ်လေးနားမှာ ရပ်ရင်း မေ့ကို လှမ်းမျှော်ကြည့်နေမိသည်။

မေ လှည့်စားတာ ခံခဲ့ရပြီး လူက ကြောင်တောင်တောင် ဖြစ်နေတုန်းကလည်း တစ်ခါတစ်ရံမှာ ဒီနေရာလေးမှာ တိတ်တိတ်ဆိတ်ဆိတ် လာရပ်ကြည့်ခဲ့ဖူးတာပါပဲ။

မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ စိတ်ရှုပ်ထွေးခဲ့ရတဲ့ ချောက်ချားခဲ့ရတဲ့ အချိန်တွေတုန်းက ဒီဆိုင်နားမှာ ယောင်လည်လည် လာလုပ်ပြီး စိတ်တွေ ဖိစီးရတိုင်း မြို့ပြင်ဘက်ကို ကားအပြင်းမောင်းထွက်သွားရင်း လူသူကင်းဝေးတဲ့ နေရာတွေမှာ အသံကုန် ဟစ်အော် စိတ်ဖြေခဲ့ရဖူးတာ ...။

တဖြည်းဖြည်း ကြာလာတော့မှ၊ မောင်မိုးကလည်း ဝိုင်းကူစဉ်းစားပေးတော့မှ သံသယဖြစ်စရာတွေ တစ်ခုပြီးတစ်ခု စဉ်းစားလာခဲ့မိတာ။ ခုတော့ မင်း လှည့်ကွက်ကို ကိုယ် သိခဲ့ရပြီ မေ ...။

သူ မေ့ကို လှမ်းမျှော်ကြည့်နေဆဲမှာ မိုးဖွဲကလေးတွေ ကြွေကျလာသည်။

ပုညခင်စာအုပ်တိုက်



ဆိုင်ဘက်သို့ သူ ဆက်လျှောက်လာခဲ့သည်။

သူ မှန်တံခါးကို အသာအယာ ဖွင့်ဝင်လာသည် အထိ မေက သူရောက်လာတာကို မသိ ...။ သူ့ဘက်ကို ဘေးဘစောင်း အနေအထားဖြင့် မေက ထိုင်နေခဲ့တာမို့ပင်။ အနီးအနားဘစ်ပိုက် က မီးတွေလည်း ပိတ်ထားတာမို့ နေလုလင်နားမှာ အလင်းရောင်က မပီချင်။

နေလုလင်က မေနဲ့ မလှမ်းမကမ်းမှာ ရပ်လိုက်ရင်း

"မင်း ... ဘယ်သူလဲ မေ ..."

သူ့အသံကြောင့် မေက ငြိမ်သွားကာ သူရှိရာ မှောင်ရိပ်ထဲသို့ လှမ်းကြည့်လိုက်ရင်း ...

"ဘယ်သူလဲ ..."

"မင်း လှည့်စားခဲ့တဲ့သူပါ"

မေက မတုန်မလှုပ်ပုံစံနှင့် ပြန်လှည့်သွားပြီး ကော်ဖီဆက်သောက်နေလိုက်သည်။

နေလုလင်က စားပွဲတစ်ဝိုက်က အလင်းရောင်ထဲသို့ ခြေတစ်လှမ်း တိုးဝင်လာပြီး သူမနှင့် မျက်နှာချင်းဆိုင် ရပ်လျက် သူမကို ငုံ့ကြည့်လိုက်ရင်း ...

"မင်း ... ဘယ်သူလဲ မေ ..."

"အဟင်း ... ကျွန်မက မေရှားလေ၊ အရင်တုန်းကတော့ ဘုန်းကာရန်ပေါ့ ..."

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

သူမက မျက်နှာကို မထီတရီ ပင့်မော့ရင်း ဖြေလိုက်သည်။

သူက စိတ်မထိန်းနိုင်တော့တာမို့ သူမ၏ ပခုံးနှ[စ်]ဖက်ကို ဆုပ်ကိုင်ဆွဲခါလိုက်ရင်း ...

"မင်း မညာနဲ့၊ အဓိပ္ပာယ်မရှိတာ မပြောနဲ့၊ မင်း ငါ့ကို ဘာလို့ လာလှည့်စားရတာလဲ၊ မင်း ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ၊ မင်း ဘာလို့ လုပ်ရက်ရတာလဲ ..."

"ဖယ်စမ်းပါ ..."

"ဒုန်း ..."

"ဝုန်း ..."

သူ အော်ဟစ်နေဆဲမှာ သူမက စူးစူးရှရှ တစ်ချက်အော်လိုက်ရင်း သူ့လက်တွေကို ဆွဲဖြုတ်ချကာ ဆောင့်တွန်းပ[စ်]လိုက်သည်။ သူက အရှိန်ဖြင့် နောက်သို့လန်သွားကာ ထိုင်ခုံတွေကို တိုက်မိပြီး ဒုန်းဒိုင်းသံတွေ မြည်သွားသည်။ သူမက ထိုင်ရာ[မှ] ဝုန်းခနဲ ထရပ်လိုက်သည်။

အကြည့်ချင်း စူးစူးရှရှ ဆုံမိကြသည်။ သူမက ထ[က်]ရှပြင်းထန်လှသော ဒေါသသံဖြင့် ...

"ဒီမှာ ရှင် သိပ်သိချင်ရင် ပြောပြမယ်၊ ကျွန်မက ရှ[င်]





အသေသတ်ခဲ့တဲ့ ဘုန်းကာရန်ထက် ငါးမိနစ်ပဲ ကြီးတဲ့ အမြွှာအစ်မပဲ ..."

သူ တုန်လှုပ်စွာ သူမကို စိုက်ကြည့်မိရင်း ...

"ဘုန်းကာရန်ကို ငါ မသတ်ဘူး၊ ငါ သတ်တာမှ မဟုတ်ဘဲ မေ ..."

"လူကိုမသတ်ပေမယ့် စိတ်ကို သတ်ခဲ့တယ်လေ၊ ရှင့်ကြောင့် ကျွန်မ မောင်လေး သေခဲ့ရတယ်၊ ဒီက ပြန်လာပြီးကတည်းက အမြဲ တမှိုင်မှိုင်တတွေတွေနဲ့ စိတ်ဝေဒနာသည်လို ဖြစ်ခဲ့ရတယ်၊ သောကတွေနဲ့ သတိလက်လွတ် ကားမောင်းထွက်သွားခဲ့လို့ ကားအက်ဆီးဒင့် ဖြစ်ခဲ့ရတယ် ...၊

"သူမရှိတော့မှ ရှင်နဲ့ပတ်သက်သမျှ အမှတ်တရတွေ၊ ခံစားချက်တွေ အားလုံးကို အသေးစိတ် ရေးထားတဲ့ သူ့ဒိုင်ယာရီ ကို ကျွန်မ ဖတ်ခဲ့ရတယ်၊ ရှင့်ကို ကျွန်မ နာကြည်းလွန်းလို့ ကျွန်မ မောင်ရဲ့ စိတ်ကို ရှင်သတ်သလို မျိုး ရှင့်စိတ်ကို ပြန်သတ်ဖို့ ကျွန်မ ရှင့်ဆီကို ရောက်လာခဲ့ရတာပဲ ..."

မေက ခက်ခက်ထန်ထန် ပြောရင်း မျက်ရည်တွေ [ဝေ]ကျလာသည်။

နေလုလင်က ကာရန့်ကိုလည်း သနား၊ သူမ မျက်[ရ]ည်တွေကြောင့်လည်း နာကျင်ရကာ မျက်ရည်ဝဲလာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ့်ကြောင့် ဖြစ်ခဲ့ရတယ်လို့ မင်း ယူဆရင် ကိုယ် အနူးအညွတ် တောင်းပန်ပါတယ် မေ ...၊ ဒါပေမယ့် ကိုယ့်ဘက်ကိုလည်း မင်း နည်းနည်း ငဲ့ကြည့်ပေးပါဦး ကိုယ် ကာရန့်ကို ညီလေးတစ်ယောက်လို သံယောဇဉ်ရှိ ဖူးပါတယ်၊ သူဖြစ်ချင်တာတွေအတွက် ကိုယ့်ဘက်က ကူညီ နိုင်သမျှ ကူညီခဲ့ပါတယ်၊ ဒါပေမယ့် ကိုယ်က ယောကျ်ား လေ မေ၊ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ခံစားချက် လည်း မင်း ထည့်တွက်ပေးပါဦး၊ ကိုယ့်ကို ရည်းစားစကား လာပြောနေတဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ် ဘယ် တုံ့ပြန်ရမှာလဲ ...၊ ကိုယ် မရှက်ရဘူးလား၊ ဒေါသမထွ ရဘူးလား၊ မတုန်လှုပ်ရဘူးလား ...”

“ရှင့်မှာ စာနာစိတ်ရှိရင် နားလည်ပေးလို့ ရတယ်လေ ဖျောင်းဖျပေးလို့ ရတယ်လေ ...”

“နားလည်ပေးချင်ပေမယ့် ကာရန်က ကိုယ့်လူမှုဘဝထဲ ဝင်စွက်ဖက်ခဲ့တယ်လေ၊ ကိုယ့်အသိုက်အဝန်းထဲက ကိုယ် ပက်သက်တဲ့ လူတွေကို အနှောင့်အယှက် ပေးခဲ့တယ်လေ ကိုယ့်ဘက်က သူ့ကို နားလည်ပေးလိုက်ရင်၊ ဖေးမ လိုက်ရင် မျှော်လင့်ချက်တွေနဲ့ သူ ကိုယ့်အနားမှာပဲ လည်နေတော့မယ်လေ၊ ပိုဆိုးလာတော့မယ်လေ၊ ယော





တစ်ယောက်အနေနဲ့ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုကို ပြတ်ပြတ်သားသား ရှောင်ထွက်ခဲ့မိတာ ကိုယ့်အမှားလား”

“ဒါပေမယ့် ရှင် သူ့ကို လူလယ်ကောင်မှာ အရှက်ခွဲခဲ့တယ်လေ၊ ရက်ရက်စက်စက် နှင်ထုတ်ခဲ့တယ်လေ ...”

“လူတွေရှိတဲ့ နေရာကို လာပြီး သူက ရင်ဖွင့်ခဲ့တာလေ၊ သူ အရှက်ရခဲ့သလို ဒီလို ပုံမှန်မဟုတ်တဲ့ ကိစ္စအတွက် ကိုယ်လည်း အရှက်ရခဲ့တာပဲ မေ ...”

“ရှင် ဘာစကား ပြောလိုက်တာလဲ နေလုလင်”

မေက ရုတ်တရက် စားပွဲကို ထုချလိုက်ရင်း အသံ ...အောင် အော်ပစ်လိုက်တာမို့ သူ လန့်ဖျပ်ကာ မေ့ကို ကြည့်နေ ...သည်။ မေက မျက်လုံးတွေ ပြူးဝိုင်းကာ လူက တုန်ရင်ကာ ...

“ရှင့်ပါးစပ်ကို ပိတ်ထား၊ ကျွန်မ မောင်လေးကို ပုံမှန် မဟုတ်ဘူးလို့ မပြောနဲ့ ...”

“မေ ... ကိုယ်ပြောတာက အဲ့ဒီလိုမဟုတ် ...”

“ကျွန်မ မောင်လေးက abnormal မဟုတ်ဘူး၊ စိတ်မမှန်တဲ့ သူလည်း မဟုတ်ဘူး၊ ရောဂါတစ်ခု ဖြစ်နေတာလည်း မဟုတ်ဘူး၊ ဟိုမုန်းကြောင့် သူ ဒီလိုဖြစ်ရတာ ...၊ ဒါ သူ့အပြစ်လည်း မဟုတ်ဘူး၊ သူ ရှင့်ကိုချစ်ခဲ့တာလည်း သူ့အပြစ်မဟုတ်ဘူး၊ ရှင် သူ့ကို ခွဲခြားဆက်ဆံစရာ မလို



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရှင် ခွဲခြားဆက်ဆံခဲ့လို့ ကာရန် ဒီလိုဖြစ်ခဲ့ရတာ ရှင့်ကြောင့် ရှင့်ကြောင့် ...၊ ရှင့်ကို ကျွန်မ အရမ်းမုန်း တယ်"

မေသည် ဒေါသဖြင့် ဆို့နင့်တုန်တက်လာကာ မေ လုလင်၏ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲရိုက်ပုတ်ရင်း အသံပြ အက် တိမ်ဝင်ပျော့ခွေသွားသည်။

"ဟာ ... မေ ... မေ ..."

သူက မေ့ကို ပွေ့ထားရင်း ခေါ်ကြည့်သည်။ မေ ခဏ အသိစိတ်ကင်းလွတ် ပျော့ခွေလျက် တစ်ကိုယ်လုံး အေး နေခဲ့ပါသည်။

"မေရယ် ... မေ ... မေ ..."

သူက မေ့ကို ပွေ့လျက် ခြေမကိုင်မိ လက်မကိုင် ဖြင့် နဖူးကလေးကို စမ်းရင်း ပါးကလေးကို စမ်းရင်း တ ခေါ်ကြည့်နေမိသည်။ ရင်မှာ နာကျင်ရလွန်းလို့ မျက်ရည်တွေလည်း ကျလာခဲ့ရပါသည်။

"အင်း ... အင်းဟင်း ..."

ခဏနေတော့ မေက လူးလွန့် ညည်းညူလာသည်

"မေ ..."

မေ့ မျက်လုံးတွေ ဖြည်းညင်းစွာ ပွင့်လာသည်





မေက သူမ မျက်နှာပေါ်မှာ အုပ်မိုးစိုးကြည့်နေသော သူ့မျက်နှာကို ငေးကြည့်လိုက်ပြီးမှ သူ့ထံမှ ရုန်းထွက် ထထိုင်လိုက်ရင်း ...

"ရှင် သွားတော့ ..."

"ချစ်တယ် ..."

မေက မျက်ဆန်ကလေး ရွှေ့ရုံ သူ့ကို ကြည့်လိုက်သည်။

"အရမ်းချစ်တယ် မေ ..."

"ရှင် ထွက်သွားပါတော့ ..."

သူ မတ်တတ် ထရပ်လိုက်သည်။ ပြီးတော့ မေ့ကို ကြည့်ရင်း ...

"ကိုယ့်စိတ်ကို သတ်ချင်လို့ မေ ကိုယ့်ကို လှည့်စားခဲ့တယ် ဆိုရင် မေ အောင်မြင်ပါတယ်၊ ကိုယ်က မေ့လှည့်ကွက်ကို မသိဘဲ အရူးအမူး ချစ်မိသွားခဲ့တယ်လေ၊ မေ ... ကျေနပ်ပါတော့ ..."

သူ မေ့ရှေ့မှ လှည့်ထွက်လာခဲ့သည်။

မိုးဖွဲဖွဲကြားသို့ တိုးဝင်လျှောက်ထွက်ခဲ့သည်။

မိုးရေကြောင့်မှန်းမသိ မျက်ရည်ကြောင့်မှန်းမသိ သူ့မျက်လုံးတွေကတော့ စိုစွတ်လျက်ရှိလေသည်။

● ● ●



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

✤ ✤ ✤

မိုးကောင်းကင်က မိုးရေစက်တွေ ပြင်းထန်စွာ သွန်[illegible] ချပေးလျက် မိုးခြိမ်းသံတွေ ဂျိုးဂျိမ့်ညံလာသည်။

မေရှားက ကြမ်းပြင်မှာ လက်ထောက်လျက် ခေါင်[illegible] ငုံ့ငြိမ်သက်နေရာမှ ဘယ်ဘက်ရင်ဘတ်ကို တစ်ချက် ဖိလိုက်သည်။ ဆံပင်တွေက မျက်နှာဘေးတစ်ဝိုက်ကို သွယ်စင်းကျကာ မေရှ[illegible] မျက်နှာ တစ်ဝက်တစ်ပျက်ကို ဖုံးကွယ်ထားသည်။ မေရှား၏ အပေါ်တည့်တည့်က မီးအိမ်၏အလင်းရောင်က ပုံလျက် လဲပြိုနေ[illegible] သော မေရှား ကိုယ်ပေါ်သို့ ဖြာကျနေသည်။

မေရှားက ရင်ထဲက အောင့်နာလွန်းသဖြင့် မချိမဆ[illegible] တစ်ချက် ရှိုက်လိုက်သည်။ ထိုနောက် ပြင်းပြသည်းထန်စွာ ရင်[illegible] ငိုကြွေးလိုက်လေသည်။





အချစ်ဆိုတာ ဒီလိုပဲလား ...။ ဒီလိုပဲ နှလုံးသားကို [illegible]နာကျင်စေသတဲ့လား ...။

"ဂျိမ်း ..."

မိုးခြိမ်းသံ တစ်ချက်ကြောင့် ငိုကြွေးနေသော မေရှား[illegible] ခေါင်းက ဆတ်ခနဲ မတ်လာသည်။

မေရှားက ရင်ဘတ်ကို ဖိကာ ရှိုက်ငင်နေရင်းက [illegible]ိုးအပြင်ဘက် မိုးရေထဲ လှမ်းမျှော်ကြည့်မိသည်။

သူ သွားပြီ ...။

သူ ထွက်သွားခဲ့ပြီ ...။

မေရှားသည် ရုတ်တရက် ကြုံးထလာကာ မိုးရေထဲ [illegible]သို့ ပြေးထွက်လာပါသည်။

"လုလင် ..."

မေရှားက လှမ်းခေါ်သော်လည်း လူရိပ် မမြင်ရချေ။

"လုလင် ..."

မေရှားသည် ဖျော့တော့သော အသံကလေးဖြင့် တီး[illegible]တိုးခေါ်ရင်း တစ်ချက် ရှိုက်လိုက်သည်။ ထိုအခိုက်မှာ ခြံထောင့် [illegible]ခုံတန်းလေးပေါ်မှာ ထိုင်နေသော နေလုလင်က မတ်တတ်ထရပ် [illegible]လိုက်ပါသည်။

"မေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … လုလင် …"

မေက ပြေးနေရာမှ တုံ့ခနဲ ရပ်လိုက်သည်။ နှစ်ယောက်သား စကားမဆိုဘဲ မျက်နှာချင်းဆိုင် ရပ်မိကြသည်။

မေရှားက နေလုလင်ကို ရီဝေဝေ စိုက်ကြည့်ရင်း တစ်လုံးချင်း ပြောသည်မှာ …

"ကာရန်နဲ့ ကျွန်မက တစ်ယောက်တည်း မဟုတ်ပေမယ့် နှလုံးသားကတော့ တစ်ခုတည်းပါပဲ လုလင် …"

မိုးသံကြားမှ ကြားလိုက်ရသော ထိုစကားသံလေးက နေလုလင်၏ နှလုံးသားကို ဆုပ်ညှစ်ပစ်လိုက်သည်။

"မေ …"

သူက မေ့ကိုခေါ်ရင်း မေ့လက်တွေကို လှမ်းဆွဲလိုက်တော့ မေက ပြန်ရုန်းကာ နောက်သို့ တစ်လှမ်းဆုတ်သွားသည်။

"ကျွန်မ … ကျွန်မတို့ မောင်နှမက ငယ်ငယ်လေးကတည်းက စိတ်ခံစားချက်တွေ အမြဲလိုလို တူညီခဲ့တယ်၊ သူဖျားရင် ကျွန်မလည်း ဖျားတယ်၊ သူစိတ်ညစ်ရင် ကျွန်မလည်း စိတ်ညစ်တယ်၊ အခု … အခုလည်း …"

မေက စကား မဆက်နိုင်ဘဲ ရင်ဆို့သွားကာ သူမ၏ ရင်ဘတ်လေးကို အသာအယာဖိရင်း မျက်ရည်တွေ စီးကျလာခဲ့ပါသည်။





"မေ … မေရယ်၊ မေ ကိုယ့်ကို ချစ်ခဲ့တယ် မဟုတ်လား၊ မေလည်း ကိုယ့်ကို တကယ် ချစ်ခဲ့တယ် မဟုတ်လား …"

သူက မေ့ပခုံးကို လှမ်းဖက်လိုက်တော့ မေက ောက်ဆုတ် ရုန်းထွက်လိုက်ရင်း …

"ဒါ … ဒါပေမယ့် ကာရန်ကို အားနာလွန်းလို့ မေ ဘယ်လို လုပ်ရမလဲ … ကို …"

"မေရယ် … ကိုယ် စောင့်ပါ့မယ်၊ မေ့စိတ်တွေ ဖြေသာတဲ့အထိ ကိုယ့်ကို လက်ခံပေးနိုင်တဲ့အထိ ကိုယ် စောင့်ပါ့မယ် မေရယ် …"

နေလုလင်က မေ့ခေါင်းနောက်ကို လက်ဖဝါးဖြင့် ကိုင် ဆွဲယူလိုက်ပြီး မေ့ပါးပေါ်က မျက်ရည်တွေကို သုတ်ပေး သည်။ ပြီးတော့ မေ့ ခန္ဓာကိုယ်လေးကို ရင်မှာအပ်ကာ င်းတင်း ဖွေ့ဖက်ထားလိုက်သည်။

ဖြိုင်ဖြိုင်ရွာကျနေသော မိုးရေစက်များက မေရှားနှင့် သင်တို့၏ မျက်ရည်တွေကို ဆေးကြောသန့်စင်ပေးလိုက်

နေလုလင်က ရေစိုရွှဲနစ်နေသော မေ့ နားသယ်စပ် ပင်တွေကို အသာအယာ သပ်တင်ပေးလိုက်ရင်း ဒီကမ္ဘာ ဘယ်သူမဆို ပြောခဲ့ဖူးသော … ပြောနေဆဲဖြစ်သော …



www.burmeseclassic.com

www.burmeseclassic.com



နောက်လည်း ကမ္ဘာတည်သရွေ့ ပြောနေဦးမည်ဖြစ်သော သူကိုယ်
တိုင်လည်း အကြိမ်ကြိမ် အဖန်ဖန် ပြောခဲ့ဖူးပြီဖြစ်သော စကား
လေး တစ်ခွန်းကို တိုးဖွနက်ရှိုင်းစွာ ပြောလိုက်ပါသည်။

"အရမ်းချစ်တယ် ... မေ ..."

ပုညခင်

7.3.2014

4 : 54 Pm



www.burmeseclassic.com